# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၁ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၉၄)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၁၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

**ဥရောပသမဂ္ဂ (အီးယူ)မှ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် ယူရို ၆၂၀ သန်း ပံ့ပိုးပေးသွားမည်**

စာ» ၄

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများ အားလုံးအတွက် ဆောင်ရွက်ပေးလျက်ရှိ**

စာ» ၆

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ခြိမ်းခြောက်ခံနေရစဉ် တရုတ်နိုင်ငံက ၎င်း၏နိုင်ငံခြားကုန်သွယ်ရေး ကုမ္ပဏီများကို ဆက်လက်ထောက်ပံ့သွားမည်**

စာ » ၁၂




ရုပ်ပျို နှစ်သစ် ဆုတောင်းလွှာ

မြန်မာပြည်သူပြည်သားအပေါင်း နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း ၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ၍ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည် ။

ရုပ်ပျို ကုမ္ပဏီလီမိတက် မိသားစု

မြန်မာ့အလင်း

# ကိုယ်ခံအားစနစ်ကို မြှင့်တင် မိမိကိုယ်ကိုကောင်းစွာစောင့်ရှောက်

လူတစ်ယောက် ကျန်းမာရေးအတွက် ထိုလူ၏ ကိုယ်ခံအားကောင်းနေဖို့က လွန်စွာအရေးကြီးသည်။ ကိုယ်ခံအားကောင်းမွန်နေမှသာ ပြင်ပမှနေ၍ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာပြီး ရောဂါဖြစ်စေမည့် ရောဂါပိုးမွှားများ၏ ဒဏ်ကို ခံနိုင်မည်။ လူတို့ နေထိုင်ရာ ပတ်ဝန်းကျင်တွင် ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများ၊ ကပ်ပါးကောင်များ သန်းပေါင်းများစွာရှိနေပြီး ၎င်းတို့က ခန္ဓာကိုယ်၏ ကျန်းမာသည့် တစ်သျှူးများကို တိုက်ခိုက်နေကြရာ ခန္ဓာကိုယ်တွင် ခုခံအားစနစ်သို့မဟုတ် ကိုယ်ခံအားကောင်းမွန်နေမှသာ ရောဂါပိုးမွှားတို့ကို တုံ့ပြန်တိုက်ခိုက်နိုင်မှာဖြစ်သည်။

ကိုယ်ခံအားစနစ်ဟုဆိုရာတွင် ရိုးတွင်းခြင်ဆီမှ ထုတ်သော သွေးဖြူဥဆဲလ်(Leukocytes)များက အဓိက အင်အားစုများဖြစ်ပြီး ၎င်းတို့သည် လူ့ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာသည့် ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများကို ဝိုင်းဝန်းတိုက်ခိုက် သုတ်သင်ရှင်းလင်းကြသူများဖြစ်သည်။ ကျန်းမာရေးကောင်းမွန်သည့် ပုံမှန်လူတစ်ယောက်၏ သွေးတစ်မိုက်ခရိုလီတာတွင် သွေးဖြူဥအရေအတွက် ၄၀၀၀ မှ ၁၁၀၀၀ ကြား ရှိနေတတ်သည်။ ကိုယ်ခံအားစနစ်ကောင်းမွန်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံများကို လူတိုင်းကျင့်သုံးကြရန် လိုအပ်သည်။

ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံများဟုဆိုရာတွင် စနစ်ကျသော လက်ဆေးခြင်းအမူအကျင့်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားခြင်း၊ အာဟာရပြည့်ဝသော အစားအစာများကို စားသုံးခြင်းနှင့် အဆီ၊ အငန်တို့ကို လွန်ကဲစွာ စားသုံးမှုရှောင်ကြဉ်ခြင်း၊ သန့်ရှင်းသောရေကို လုံလောက်စွာ သောက်သုံးခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေ ဝတ်စားဆင်ယင်နေထိုင်ခြင်း၊ သင့်တင့်မျှတသည့် ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်မှန်မှန်ပြုလုပ်ခြင်း၊ ပင်ပန်းနွမ်းနယ်မှုပြေပျောက်စေရန် လုံလောက်စွာ အနားယူခြင်း၊ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ မူးယစ်ဆေးဝါးနှင့် လိင်အပျော်အပါးတို့ကို လုံးဝရှောင်ကြဉ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အမြဲဂရုတစိုက်ဆောင်ရွက်ခြင်း၊ စိတ်ဖိစီးမှုနှင့် စိတ်၏အညစ်အကြေးများကို လျှော့ချကာ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း၍ နေထိုင်ခြင်းတို့က ခန္ဓာကိုယ်တွင် ကောင်းမွန်သော ကိုယ်ခံအားစနစ်ကို ဖြစ်ပေါ်စေရန် အထောက်အကူပြုမည်ဖြစ်သည်။

ကိုယ်ခံအားစနစ် ကောင်းမွန်နေမှ ကျန်းမာနိုင်မည်ဖြစ်သလို ကိုယ်ခံအားစနစ် လျော့နည်းလာပါကလည်း ပင်ပန်းနွမ်းနယ်နေတတ်ခြင်း၊ ကူးစက်ရောဂါများကို ခုခံနိုင်စွမ်းမရှိခြင်း၊ မကြာခဏဖျားနာနေတတ်ခြင်းတို့ကြောင့် ကိုယ်ခံအားစနစ် လျော့နည်းစေတတ်သည့် အလေ့အထ အမူအကျင့်များ မိမိတွင်ရှိနေပါက ပြုပြင်ပြောင်းလဲကြရမှာ ဖြစ်သည်။ အိပ်ရေးမဝခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အချိုကြိုက်ခြင်း၊ ဆေးလိပ်အရက်ဘီယာ သောက်ခြင်း၊ ရေသောက်နည်းခြင်းတို့ကဲ့သို့သော အမူအကျင့်များက ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ကို လျော့ကျစေသည့်အတွက် ရှောင်ကြဉ်ကြရန် ကျန်းမာရေးပညာရှင်များက အကြံပြုထားသည်။

ကူးစက်မြန်ကပ်ရောဂါကို ကာကွယ်ကြရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်အကြံပြုချက်များကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာကြရင်း လူတိုင်းလူတိုင်း မိမိတို့၏ ကိုယ်ခံအားကောင်းမွန်စေရန်လည်း ဂရုပြုကြရမည်ဖြစ်သည်။ ဗိုင်းရပ်စ်ပိုးက ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ခဲ့သည့်တိုင်အောင် ကောင်းမွန်သည့် ကိုယ်ခံအားစနစ်က တိုက်ခိုက်ချေမှုန်းလိုက်နိုင်ခြင်းကြောင့် ကူးစက်ခံခဲ့ရသော်လည်း ပကတိကျန်းမာနေသူများ၊ အဖျားအနာခံစားခဲ့ရသော်လည်း ပြန်လည်နာလန်ထူကောင်းမွန်လာသူများကို သာဓကများအနေဖြင့် မိမိတို့ တွေ့ရှိနေကြရသည့် အားလျော်စွာ မိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်၍ ကူးစက်မြန်ရောဂါကို ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ Aries Elan Co.,Ltd က Surgical Mask ၊ Hand Gel နှင့် Surgical Glove များ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ကိုဗစ်–၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကြိုတင်ကာကွယ်ရန်အတွက် ပြည်သူများအကြား အသိပညာပေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဝန်ထမ်းများ၊ အဆိုပါဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူမှုအဖွဲ့အစည်းများ အသုံးပြုနိုင်ရန်အတွက် Aries Elan Co.,Ltd က Surgical Mask အခု ၅,၀၀၀၊ Hand Gel ငါးလီတာဝင် လေးပုံးနှင့် Surgical Glove ဘူး ၂၀ တို့ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Aries Elan Co.,Ltd က လှူဒါန်းသောပစ္စည်းများကို လက်ခံရယူစဉ်။ သတင်းစဉ်

## စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေးအတွက် ဆက်သွယ်ရမည့်ဖုန်းနံပါတ် ပြောင်းလဲ

**နေပြည်တော် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မေ ၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သည့် ကိုဗစ်–၁၉ ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခံယူလိုသူများအနေဖြင့် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ ဆက်သွယ်ရမည့် Telenor ဖုန်းနံပါတ် (၀၉–၇၇၀၇၇၇၀၀၀) အစား Telenor ဖုန်းနံပါတ် (၀၉–၇၇၀၆၇၇၀၀၀) သို့ ပြောင်းလဲဆက်သွယ်၍ နှစ်သိမ့်ဆွေးနွေးမှု ခံယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ကော်မတီတို့အား မတည်အလှူတော်ငွေ ကျပ်သိန်း ၄၀၀ လှူဒါန်း

ရန်ကုန် မေ ၁၀ – ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် သာသနဗိမာန်မဟာသိမ်တော်ကြီးတွင် မေ ၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးကော်မတီတို့အား သုဓမ္မမဏိဇောတရေ ဦးမောင်မောင်လေး၊ ဒေါ်မြင့်မြင့်ခိုင် (မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက ကျပ်သိန်း ၄၀၀ လှူဒါန်းသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သံဃာတော်များအား တစ်မြို့နယ်လျှင် အလှူတော်ငွေကျပ် ၂၅ သိန်းစီနှင့် သာကေတမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးကော်မတီအား ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ရာ ဆရာတော်များနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ကျော်ဟိန်း(ပြန်/ဆက်)

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

## ❋ လာမည့် ရက်သတ္တနှစ်ပတ်၊ သုံးပတ်အတွင်းတွင်လည်း ရောဂါပိုးရှိသူများ ထပ်မံတွေ့ရှိလာနိုင်ပါကြောင်း၊ ရောဂါပိုးရှိသူများ တွေ့ရှိမှု များပြားလာပါက လွန်လွန်ကျွံကျွံ စိုးရိမ်ကြောင့်ကြမှုများ မထားရှိရန် လိုအပ်

## ❋ စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာရန် လိုအပ်၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း စည်းမျဉ်းစည်းကမ်းများ လိုက်နာအောင် အားပေးဆောင်ရွက်

❖ *ရှေ့ဖုံးမှ*

**ရှင်းလင်းပြောကြား**

ထို့နောက် ကျိုင်းတုံမြို့ ဟိုနားအောက်ရပ် အမှတ်(၁)ရပ်ကွက် ရာအိမ်မှူး ဦးအောင်မြင့်သန်း က COVID-19 ရောဂါနှင့် ပတ်သက်၍ သိရှိလိုက်နာနေထိုင်ရန် အချက်များကို ပြည်သူများသို့ အသိပညာပေးရာတွင် ဦးဆောင်ဦးရွက်ပြုနေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်တော်ပြန်များ ဆေးစစ်ရာတွင် လိုက်ပါကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ တောင်ကြီးမြို့ သစ်တောရပ်ကွက် ဇေဝတိကလမ်းနေ Our Lovely World အဖွဲ့နှင့် Program Team တို့တွင် ပါဝင်ဆောင်ရွက်နေသည့် မနှင်းနွေအေးက COVID-19 နှင့် ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်ပူပန်မှု၊ COVID-19 Prevention Volunteer Group Southern Shan အဖွဲ့တွင် Volunteer Leader အဖြစ် ပါဝင်ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ပို့ချပေးသော COVID-19 Basic health education training ကို တက်ရောက်ခဲ့ပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးနေမှု၊ Quarantine Camp များတွင် စောင့်ကြည့်ခံနေရသူများအား စိတ်ခွန်အားရရှိစေရန် ဖျော်ဖြေရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုနှင့် COVID-19 ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ လိုအပ်သည့်နေရာများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပင်လုံမြို့ ရပ်ကွက်(၄) မှ ဦးစိုင်းစီဟန်ခေးက ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများ၏ COVID-19 နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု၊ မိမိနှင့် မိသားစုဝင်များအားလုံး လွိုင်လင်မြို့နယ်မှ စီစဉ်ထားသော ကွန်ပျူတာတက္ကသိုလ် Facility Quarantine တွင် နေထိုင်နေမှုအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ COVID-19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**အားပေးဆောင်ရွက်ရန်လိုအပ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယမန်နေ့ညမှ ယခုနံနက်အတွင်း ရောဂါပိုးရှိသူ ငါးဦး ထပ်မံတွေ့ရှိရပါကြောင်း၊ လာမည့် ရက်သတ္တနှစ်ပတ်၊ သုံးပတ်အတွင်းတွင်လည်း ရောဂါပိုးရှိသူများ ထပ်မံတွေ့ရှိလာနိုင်ပါကြောင်း၊ ရောဂါပိုးရှိသူများ တွေ့ရှိမှုများပြားလာပါက လွန်လွန်ကျွံကျွံ စိုးရိမ်ကြောင့်ကြမှုများ မထားရှိရန် လိုအပ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျလိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း စည်းမျဉ်းစည်းကမ်းများ လိုက်နာအောင် အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုတင်ပြဆွေးနွေးကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အုပ်ချုပ်ရေးပိုင်းတွင် ကျန်းမာရေးအသိပညာအားနည်းနေမှုနှင့် အသိပညာဖြန့်ဝေမှု အားနည်းမှုများကို မှတ်သားထားပါကြောင်း၊ ထို့ပြင် Quarantine ၌ နေထိုင်စေချင်သည်ဆိုသည့် ဆွေးနွေးချက်နှင့် ပတ်သက်၍ Quarantine ၌ နေထိုင်ပါက စောင့်ကြည့်ရန် လွယ်ကူပါကြောင်း၊ တစ်အိမ်ချင်း တစ်အိမ်ချင်းကို စောင့်ကြည့်ရန် မလွယ်ကူပါကြောင်း၊ သို့သော် တစ်အိမ်ချင်း တစ်အိမ်ချင်း၌ နေမည်ဆိုလျှင် ပြည်သူများက တာဝန်သိစိတ်ဖြင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်၊ ရောဂါလက္ခဏာ စပြီးပြကတည်းက အနီးဆုံးကျန်းမာရေးဌာနကို ချက်ချင်းအသိပေး အကြောင်းကြားမည်ဆိုပါက အန္တရာယ်သည် များစွာနည်းပါးသွားမည်ဖြစ်ပါကြောင်း၊ အလှူရှင်များအနေဖြင့်လည်း စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အခြေအနေရှိရန် အစိုးရအဖွဲ့သို့ လှူဒါန်းစေချင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် သေသေချာချာ စီမံခန့်ခွဲပြီး လိုအပ်သည့်နေရာများသို့ ရောက်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အလှူရှင်များ၏ စေတနာသည် အကျိုးရှိသင့်သလောက်မရှိဘဲ ဖြစ်သွားမည်ကို မဖြစ်စေချင်သည့်အတွက် ထိုသို့ ပြောရခြင်းဖြစ်ပါကြောင်း၊ အလှူရှင်များ၏ စေတနာကို ပိတ်ပင်လိုသည့်အတွက် ပြောရခြင်းမဟုတ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်းတွင်လည်း အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ကြပါစေ၊ တစ်ယောက်နှင့် တစ်ယောက် ဖေးမပါ၊ အားပေးပါ၊ မိမိစိတ်ဓာတ်ကိုလည်း ခိုင်မာအောင်ထားပါက ယင်းကပ်ရောဂါကြီးကို ဖြတ်ကျော်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

## မကွေးခရိုင်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန် ငါးမျိုး ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်

မကွေး ဧပြီ ၁၀

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်အဆင့်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်သည် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၇ နာရီက မကွေးခရိုင်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးကို မြို့နယ်အသီးသီးသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မကွေးခရိုင်အတွင်း မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်နှင့် တောင်တွင်းကြီးမြို့နယ်များရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၈၅၄၀၅ စုအတွက် ဆန်အိတ် ၂၈၄၆၈ ဒသမ ၃၃ အိတ်၊ ဆီ ၄၂၇၀၂ ဒသမ ၅၀ ပိဿာ၊ ပဲ ၈၅၄၀၅ ပိဿာ၊ ဆား ၄၂၇၀၂ ဒသမ ၅၀ ပိဿာနှင့် ကြက်သွန်နီ ၈၅၄၀၅ ပိဿာတို့ကို မြို့နယ်အသီးသီးသို့ ထောက်ပံ့နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

**သန်းနိုင်ဦး (ငဖဲ)**

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၀

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ဖူလီလိုက်ကုမ္ပဏီအုပ်စု ဒါရိုက်တာ ဦးစိန်မြင့်တို့က လှူဒါန်းရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ အလှူရှင်များလှူဒါန်းသည့် လှူဒါန်းငွေနှင့် စက်ပစ္စည်းကိရိယာများကို အသုံးပြုကာ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်သဖြင့် ကိုဗစ်-၁၉ လူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ကာ နောင်ကာလများတွင် ရောဂါဝေဒနာအမျိုးမျိုးနှင့် လူနာများအတွက်လည်း အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများအတွက် အထူးကြပ်မတ်ကုသမှု မွမ်းမံသင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သဖြင့် ရေရှည်တွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများကိုယ်တိုင်ပါဝင်ပြီး လက်တွဲညီညွတ်စွာ ဆောင်ရွက်မှုများဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုကို လက်ခံခဲ့ပြီး(**ယာပုံ**) အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ညီနောင်အသင်း ၁၁ သင်းနှင့် FID ဟိုတယ်များက ငွေကျပ်သိန်း ၁၀၀၀၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ဖူလီလိုက်ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ သီရိသုခမ္မမဏိဇောတဓရ ဦးလီကျိန်းချန် (ခ) ဦးလျှိုအားပေါက်၊ ဒါရိုက်တာ သီရိသုခမ္မမဏိဇောတဓရ ဦးမောင်မောင်က ငွေကျပ် သိန်း ၁၁၅၀၊ ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၁၀၀၀၊ SPIC Yunnan International Power Investment Co.ltd က အမေရိကန်ဒေါ်လာ ၆၁၀၀၀ တန်ဖိုးရှိ နှာခေါင်းနှင့် ပါးစပ်စည်းများ၊ N95 Mask များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ Goggle များ၊ လက်အိတ်များနှင့် Thermometer များ၊ Eight – Japan Engineering Consultants Inc (Japan) က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Multi World Company ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Lucky Boy Hotpot & BBQ က ငွေကျပ် ၈၅ ဒသမ ၇ သိန်း တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းနှင့် ပါးစပ်စည်းများ၊ လက်အိတ်များ၊ Goggle များနှင့် Shoe cover များ၊ ဩစတြေးလျရောက် မြန်မာမိသားစုက ငွေကျပ် ၇၆ သိန်း၊ Mitaus Co.ltd က ငွေကျပ် ၃၆ ဒသမ ၃၅ သိန်း၊ မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (ILAM) က ငွေကျပ် သိန်း ၂၀၊ Ever Sunny Industrial Co.ltd က ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၃ သိန်းတန်ဖိုးရှိ Coffeemix နှင့် လက်သန့်စင်ဆေးရည်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံဓာတ်ခွဲကျွမ်းကျင် (၃) များအဖွဲ့က ငွေကျပ် ၁၁ ဒသမ ၆ သိန်း၊ ဂျပန်နိုင်ငံမှ မမျိုးလွင်က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ကိုနိုင်+ ဒေါ်နှင်းဖြူဖြူအောင် မိသားစု ရန်ကုန်မြို့က ငွေကျပ် ၁၀ သိန်း၊ မြန်မာဘော်လီဘောလူမှုရေးအသင်းက ငွေကျပ် ၁၀ သိန်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ဝန်ထမ်းမိသားစုက ငွေကျပ် ၇ ဒသမ ၇ သိန်း တို့ကို အသီးသီးလှူဒါန်းခဲ့သည်။

**သတင်းစဉ်**



# ဥရောပသမဂ္ဂ (အီးယူ)မှ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် ယူရိုငါးသန်း ပံ့ပိုးပေးသွားမည်

**ရန်ကုန် မေ ၁၀**

ဥရောပသမဂ္ဂ (အီးယူ) သည် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြရသည့် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်သားများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန် မြန်ကူ (Myan Ku) အမည်ရှိ အရေးပေါ်ငွေသားရန်ပုံငွေမှ ယူရို ၅ သန်း (မြန်မာငွေကျပ် ၈ ဘီလီယံဝန်းကျင်) ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့ ရက်စွဲဖြင့် ဥရောပသမဂ္ဂ(အီးယူ)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိခဲ့ပြီး မတ်လနှောင်းပိုင်းတွင် စက်ရုံပေါင်း ၄၀ ကျော်မှ လုပ်သားပေါင်း ၂၅၀၀၀ ကျော်တို့သည် အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ခန့်မှန်းခြေ အမျိုးသမီးလုပ်သားပေါင်း ခုနစ်သိန်းဖြင့် လည်ပတ်လုပ်ကိုင်နေသည့် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် လုပ်သားပေါင်း သုံးသိန်းခွဲသည် လက်ရှိတွင် လစာမဲ့ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် အလုပ်အကိုင်များကို ရပ်စဲခံရခြင်း စသည့် ထိခိုက်နစ်နာမှုများကို ရင်ဆိုင် ကြုံတွေ့လျက်ရှိကြောင်း ဥရောပသမဂ္ဂ (အီးယူ)၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

“မြန်မာနိုင်ငံတစ်ဝန်းမှာ အထည်ချုပ်စက်ရုံပေါင်း ၆၀၀ နီးပါး ရှိပါတယ်။ ပြီးခဲ့တဲ့ မတ်လကတည်းက စက်ရုံပိတ်မှုတွေနဲ့ များစွာသော လုပ်သားတွေ အလုပ်လက်မဲ့ဖြစ်မှုတွေကို အများအပြား တွေ့နေရပါတယ်။ ဒီလိုအခြေအနေမျိုးကို မျှော်လင့်ထားတာမဟုတ်ပါဘူး...

ဧပြီလမှာပါ ဆက်မြင်ရနိုင်တယ်လို့ ကျွန်မတို့ ယူဆရပါတယ်။ အခုလို အခက်အခဲ၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတဲ့ အချိန်မှာ မြန်ကူ (Myan Ku) အရေးပေါ်ငွေသားရန်ပုံငွေက ထိခိုက်နစ်နာခဲ့ရတဲ့ အလုပ်လက်မဲ့ ထောင်၊ သောင်းပေါင်းများစွာသော လုပ်သားတွေနဲ့ သူတို့မိသားစုတွေကို အဓိကပံ့ပိုးကယ်တင်ပေးနိုင်မယ့် အထောက်အပံ့ကောင်းနည်းလမ်းတစ်ခု ဖြစ်လာပါတယ် ” ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

မြန်ကူ (Myan Ku) ရန်ပုံငွေမှ ငွေသားအကူအညီများကို နိုင်ငံသားပိုင်၊ အကျိုးတူပိုင် (သို့မဟုတ်) နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ရင်း အလုပ်လက်မဲ့ ကြုံခဲ့ရသည့် လုပ်သားများထံ တိုက်ရိုက်လွှဲပြောင်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ)၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ငွေသားအထောက်အပံ့ကို (၁) လက်ရှိအခြေအနေကြောင့် အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည့် (သို့မဟုတ်) ၎င်းတို့ နေထိုင်ရာနေရာများမှ နှင်ထုတ်ခံခဲ့ရသည့် လုပ်သားများ၊ (၂) လုပ်ငန်းရှင်နှင့် လုပ်သားများအကြား ချုပ်ဆိုထားသည့် စာချုပ်များ တရားမဝင် ရပ်စဲရုပ်သိမ်းခံရခြင်းအပြင် အကျိုးအကြောင်း ဆီလျော်မှုမရှိသည့် ညွှန်ကြားချက်များကို ကြုံတွေ့ခံစားခဲ့ရသည့် လုပ်သားများနှင့် (၃) လုပ်သားများကို ဆက်လက်လုပ်ကိုင်ခွင့်ပေးရန်နှင့် အနည်းဆုံးသင့်တော်သည့် အထောက်အပံ့များကိုလည်း ၎င်းတို့အတွက် ပံ့ပိုးပေးရန် သဘောတူညီထားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) များမှ လုပ်သားများ စသည်တို့ထံ ဝေ့မန်းနီး (Wave Money) ဝန်ဆောင်မှုမှတစ်ဆင့် လွှဲပြောင်း ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပံ့ပိုးကူညီမှုရရှိမည့်သူများကို အလုပ်သမားသမဂ္ဂများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ (အီးယူ) သံအမတ်ကြီး H.E. Mr. Kristian Schmidt က “ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရဲ့ ၇၀ ရာခိုင်နှုန်းက ဥရောပဒေသကို တင်ပို့နေတဲ့အပြင် နိုင်ငံတစ်ဝန်းက အမျိုးသမီးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသိန်းခွဲကို ဖန်တီးပေးနေတာပါ။ ဒါဟာ ဥရောပသမဂ္ဂနိုင်ငံတွေဆီ ချုပ်လုပ်တင်ပို့နေတဲ့ ပို့ကုန်အထည်တွေက တကယ့်ကို နက်ရှိုင်းကျယ်ပြန့်တဲ့ အောင်မြင်မှုရဲ့ ပြယုဂ်တစ်ခုပါပဲ။ ဥရောပဈေးကွက်ကို ၂၀၁၁ ခုနှစ်မှာ ပြန်ဖွင့်ပေးခဲ့တဲ့အတွက် အထည်ချုပ်လုပ်ငန်းက မြန်မာနိုင်ငံတစ်ဝန်း သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ ဘဝတွေ တိုးတက်လာအောင်လည်း တစ်ဖက်တစ်လမ်းက ကူညီခဲ့သလို အလုပ်သမားဆိုင်ရာ အခွင့်အရေးတွေ ကျယ်ပြန့်လာအောင်၊ သဘာဝပတ်ဝန်းကျင်နဲ့အညီ စံချိန်စံညွှန်းတွေကို ပိုမိုမြှင့်တင်နိုင်အောင်၊ ဒါ့အပြင် မြန်မာနိုင်ငံတွင်း အခြေခံအုတ်မြစ်ခိုင်မာတဲ့ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ဝန်းကျင်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်တာ စတဲ့အခန်းကဏ္ဍတွေမှာ သိသာထင်ရှားတဲ့ တွန်းအားတစ်ခုကို ဖန်တီးပေးခဲ့ပါတယ်” ဟု ပြောသည်။

ကိုဗစ်-၁၉ အခက်အခဲသည် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်သွားစေခြင်း၊ ကမ္ဘာတစ်ဝန်း တင်ပို့မှုများကို ဆိုင်းငံ့လိုက်ရခြင်းနှင့် အထည်ချုပ်လုပ်ငန်းခွင်အတွင်း ရောဂါကူးစက်နိုင်သည့်အန္တရာယ် စသည့် အခြေအနေများဖြင့် ကမ္ဘာတစ်ဝန်းရှိ အထည်ချုပ်လုပ်ငန်း လည်ပတ်မှုကို အတားအဆီး အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

“နိုင်ငံတော်အကြီးအကဲတွေကလည်း ဒီအခြေအနေကို ကာကွယ်၊ ဟန့်တားနိုင်မယ့် လုပ်ငန်းစဉ်အတွက် လိုအပ်တဲ့ လမ်းညွှန်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ပံ့ပိုးလုပ်ဆောင် ပေးလျက်ရှိတဲ့အပြင် ပြည်သူတွေကလည်း ဒီလိုပံ့ပိုးမှုအပေါ် တုံ့ပြန်ပါဝင်လာတာတွေလည်း ရှိပါတယ်။ ဒီလို ကာကွယ်တားဆီးနိုင်မယ့် လုပ်ငန်းစဉ်တွေကို ပြည်တွင်းမှာလည်း ကျင့်သုံးနေတဲ့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီပံ့ပိုးမှုတွေနဲ့အတူ မြန်မာနိုင်ငံဟာ ဒီကူးစက်ကပ်ရောဂါနဲ့ သူ့ရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောကြားသည်။

**မင်းသစ် (MNA)**

**ဓာတ်ပုံ- နေလင်း)**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒ့ါအပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ခြောက်သိန်းကျော်အား နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းငါးမျိုး ယနေ့မှစတင် ထောက်ပံ့

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ခြောက်သိန်းကျော်၊ အိမ်ထောင်စုဝင် လူဦးရေ ၂၇ သိန်းကျော်အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းငါးမျိုးကို ယနေ့မှ စတင်ကာ မြို့နယ်အလိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

“ ဒီနေ့ မွန်းလွဲပိုင်းမှာ လှိုင်သာယာမြို့နယ်မှာရှိတဲ့ အခြေခံလူတန်းစားတွေအတွက် နိုင်ငံတော်က ထောက်ပံ့တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်းငါးမျိုးကို သွားရောက်ထောက်ပံ့ခဲ့ပါတယ်။ ကျန်တဲ့မြို့နယ်တွေကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း က ပြောသည်။

အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ရာတွင် လူစုလူဝေးကြောင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ စည်ပင်သာယာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအဖွဲ့များပူပေါင်းပြီး စနစ်တကျ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

“ကျွန်တော်တို့ တောင်ဒဂုံမြို့နယ်မှာတော့ ပစ္စည်းပေးဝေ ထောက်ပံ့တဲ့အပိုင်းမှာ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေ၊ စေတနာရှင်လုပ်အားပေးတွေခေါ်ပြီး စားသောက်ကုန်ပစ္စည်း ထုတ်ယူမယ့်သူတွေကို အသုတ်လိုက်ခွဲပြီး အိမ်ထဲက အိမ်အပြင်မထွက်စေဘဲ အိမ်တိုင်ရာရောက် ထောက်ပံ့သွားမယ်။ ဒ့ါအပြင် ရပ်ကွက်အုပ်ချုပ်ရေးအပိုင်းက မိုက်နဲ့ဆော်ဩရေးလုပ်ပြီး စာရင်းပေးထားတဲ့ ပြည်သူတွေကို ဘယ်အချိန်တွေမှာတော့ ရပ်ကွက်အုပ်ချုပ်ရေးရုံးမှာ လာထုတ်ပါ။ လာထုတ်ရင်လည်း လူစုလူဝေးတွေနဲ့ မဟုတ်ဘဲ ဆယ်ယောက်တစ်သုတ်ကို တစ်ယောက်ခြောက်ပေစီခြား နှာခေါင်းစည်းတပ်ထားပြီး ထုတ်ယူနိုင်ဖို့ကို ပြောသွားမယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ ပြောသည်။

အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့နိုင်ရန် စာရင်းကောက်ယူရာတွင် သတ်မှတ်ချက်နှင့်အညီ မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

“လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံတော်အစိုးရကနေ အခြေခံပြည်သူတွေကို ထောက်ပံ့တဲ့ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီး အခြေခံကျတဲ့ ပြည်သူတွေလက်ထဲရောက်အောင် အတတ်နိုင်ဆုံး ကြိုးစားပံ့ပိုးသွားမယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းငါးမျိုး ထောက်ပံ့ရန် စာရင်းကောက်ယူရာတွင် အရှေ့ပိုင်းခရိုင်တွင် အိမ်ထောင် စု ၂၀၈၆၄၉ စု၊ အနောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၃၇၂၃၃ စု၊ တောင်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၂၄၇၁၆၃ စု၊ မြောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၁၈၂၀၈၂ စု၊ စုစုပေါင်း အိမ်ထောင်စု ၆၇၅၂၂၇ စုရှိပြီး အိမ်ထောင်စုဝင် လူဦးရေ၂၇၄၂၃၃ ဦး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီး ကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်းငါးမျိုးကို ယနေ့မှ စတင်ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ဘာသာပေါင်းစုံ မိတ်ဆွေများအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများနှင့် တခြားဘာသာဝင်များ၏ ဘာသာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစားများအား We Love Yangon အဖွဲ့အပြင် အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ စုပေါင်းကာ ဆန်၊ ဆီ၊ ဆား စသည့်စားသောက်ကုန်များကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ-ဆန်းကျော်ဦး**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းငါးမျိုးကို စတင်ဖြန့်ဝေပေးစဉ်။

## COVID-19ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community-Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာအကြံပြုချက်

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်နေရာများတွင် (၁၄) ရက်တာ နေထိုင်ရသူများနှင့် ပြည်သူလူထုအများစုတွင် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုစသည်တို့ ခံစားရလေ့ရှိပါသည်။ COVID-19 နှင့် ပတ်သက်၍ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် စိုးရိမ်ပူပန်ခြင်း၊ အိမ်တွင်ရှိသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သီးခြားနေထိုင်နေရသည့်ကာလအတွင်း အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလိုခံစားရခြင်းစသည့် ပိုမိုလွန်ကဲသောစိတ်ခံစားချက်များလည်း ဖြစ်ပေါ်လာတတ်ပါသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သောအကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီရယူသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

ထိုစိတ်ခံစားချက်များလျော့ပါးသက်သာစေနိုင်ရန် ယခုဖော်ပြထားသည်တို့ကို လုပ်ဆောင်နိုင်ပါသည်-

- မိမိ၏လူမှုအသိုက်အဝန်းဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်ခင်ရသူများနှင့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်လူမှုကွန်ရက်စသည်များမှ တစ်ဆင့်အဆက်အသွယ်ပြုလုပ်ပါ။
- နေ့စဉ်အိမ်တွင် လုပ်ဆောင်နေကျ အလုပ်များထဲမှ လက်ရှိပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိမည့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်သည့် မိမိဝါသနာပါရာအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။
- စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် သတိပြုဆောင်ရွက်ပါ။ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ကိုယ်/စိတ်ဖြေလျှော့သည့်လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။
- မိမိကိုးကွယ်ရာဘာသာတရားအလိုက် ကတိပြုဆုတောင်းခြင်း၊ တရားမှတ်ခြင်းများပြုလုပ်ပါ။
- COVID-19 ရောဂါနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေတတ်ခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ဆင်ခြင်ရှောင်ကြဉ်ပါ။
- ကောလာဟလသတင်းများကိုလည်း အထူးသတိပြုရှောင်ကြဉ်ပါ။
- ယုံကြည်စိတ်ချရသော၊ အသိအမှတ်ပြုထားသည့်သတင်းအချက်အလက် အရင်းအမြစ်များမှ ထုတ်ပြန်သော သတင်းများ၊ ညွှန်ကြားချက်များကိုသာ လေ့လာမှတ်သားလိုက်နာပါ။
- လက်လှမ်းမီသော အကျိုးရှိမည့်စာပေများကို ဖတ်ရှုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည်။**

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံးအတွက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

**ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် Coronavirus Disease 2019 (COVID-19) ကို ကမ္ဘာတစ်ဝှမ်း ရင်ဆိုင်ခံစားရလျက်ရှိချိန်တွင် အခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်များကို ကာကွယ်ပေးရန်နှင့် လူမှုစီးပွားဘဝများ ထိခိုက်လာနိုင်မှုကို လျှော့ချပေးရန်တို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံ၏အရင်းအမြစ် အကန့်အသတ်များကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် COVID-19 ကို ကာကွယ်ထိန်းချုပ်ရာတွင် အမျိုးသားတစ်ရပ်လုံး ကြိုးပမ်းအားထုတ်မှု၏ အောင်မြင်မှုသော့ချက်ဖြစ်သည့် ပြည်သူ့အင်အားရယူခြင်း၊ ပြည်သူများအား အသိပညာပေးခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်စေခြင်းတို့ကို ဆောင်ရွက်လျက် စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်ရန် အစိုးရဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးမှ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်း မဖြစ်စေရန်အတွက် အစိုးရအနေဖြင့် COVID-19 ရောဂါနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး၊ ရခိုင်နှင့် မွတ်စလင်ကျေးရွာများအနေဖြင့်လည်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ) အပါအဝင် နိုင်ငံတစ်ဝန်းရှိ အသိုက်အဝန်းများအားလုံးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို ဖြန့်ဝေအသိပေးလျက်ရှိသည်။ အင်တာနက် ယာယီဖြတ်တောက်ထားသည့် ဒေသများတွင်လည်း နိုင်ငံတော်အစိုးရသည် မိုဘိုင်းဖုန်းကုမ္ပဏီများနှင့် ပူးပေါင်း၍ စာသားသတင်းတိုများ ပေးပို့သည့် ဝန်ဆောင်မှုစနစ်များနှင့် ရပ်ကွက်အတွင်း လိုက်လံကြေညာချက်များမှတစ်ဆင့် COVID-19 နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာ စခန်းများ (IDP စခန်းများ)တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားလာပါက ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲခဲ့ပြီး၊ သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

### ပံ့ပိုးပေးအပ်နိုင်ရေး ခွင့်ပြုထား

၂၀၁၉ ခုနှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ထိခိုက်ခံစားရသည့် ဒေသများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးသည် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်စေခဲ့သည်။ COVID-19 ကူးစက်ပြန့်ပွားမှု အန္တရာယ်ကြောင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ လက်ရှိစိန်ခေါ်မှုများကို ပိုမိုဆိုးရွားလာစေနိုင်သည့်အတွက် နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီစသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုပေးအပ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအား ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် စားနပ်ရိက္ခာအထောက်အပံ့များ ပံ့ပိုးပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ခွင့်ပြုထားပါသည်။ ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အား ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ စမီးမြို့ရှိ လက်နက်ကိုင်တိုက်ပွဲများကြောင့် ထိခိုက်ခံစားရသူများအတွက် ဧပြီလ၊ ပထမပတ်အတွင်း စားနပ်ရိက္ခာထောက်ပံ့နိုင်ရေးအတွက် ခွင့်ပြုခဲ့သည်။

### ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်

နိုင်ငံတော်အစိုးရသည် ပဋိပက္ခဘေးဒဏ်ခံစားနေရသည့် ဒေသများတွင် ရောဂါဖြစ်ပွားလာပါက ထိထိရောက်ရောက်နှင့် အချိန်မီ တုံ့ပြန်နိုင်ရေးအတွက် လူသားချင်း စာနာမှုအဖွဲ့အစည်းများအား သွားရောက်ခွင့်ပြုသည့် လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် ပြန်လည်သုံးသပ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအပါအဝင် နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့များအား အကူအညီများ သွားရောက်ခွင့်ကို တိုးမြှင့်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်၏ နေရာအချို့တွင် အင်တာနက်ဝန်ဆောင်မှုများ မရရှိနိုင်သော်လည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိုဘိုင်းနှင့် စာသားသတင်းတို ပေးပို့မှုစသည့် ဝန်ဆောင်မှုများကို အသုံးပြု၍ ပြည်သူများနှင့် ဆက်သွယ်နိုင်သည်။

ရခိုင်ပြည်နယ်ရှိ အချို့နေရာများတွင် အင်တာနက် ယာယီရပ်ဆိုင်းထားရခြင်း၏ အဓိက အကြောင်းရင်းမှာ အေအေလက်နက်ကိုင်အဖွဲ့က ၎င်းတို့၏ နိုင်ငံရေးနှင့် စစ်ရေးအကျိုးအမြတ်များအတွက် အင်တာနက်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်ဖြစ်သည်။ အေအေသည် ကြိုတင်စီစဉ်၍ တိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ မြေမြှုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တပ်သားအင်အားစုဆောင်းခြင်းနှင့် တိုင်းရင်းသားလူမျိုးများအကြား အမုန်းတရားများ လှုံ့ဆော်ခြင်းတို့အတွက် အင်တာနက်နှင့် လူမှုမီဒီယာကို အသုံးချအမြတ်ထုတ်ခဲ့ပြီး၊ ယင်းလုပ်ရပ်များမှာ လူမျိုးရေးသဟဇာတဖြစ်မှုနှင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်ရန် အစိုးရ၏ ကြိုးပမ်းမှုများကို ဆိုးရွားစွာ အဟန့်အတား ဖြစ်စေသည်။

### အကြမ်းဖက်မှုဖြင့်သာ ပြန်လည်တုံ့ပြန်

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူသည့် အချိန်မှစ၍ ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းပဋိပက္ခများအား အဆုံးသတ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစွာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အေအေက အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်တိုင် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကိုရှေးရှု၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရေးအတွက် ဆွေးနွေးပွဲများကို ၃၀-၄-၂၀၁၉ ရက်တွင် နမ့်ခမ်းမြို့၌လည်းကောင်း၊ ၃၁-၈-၂၀၁၉ ရက်နှင့် ၁၇-၉-၂၀၁၉ ရက်တို့တွင် ကျိုင်းတုံမြို့၌လည်းကောင်း၊ ၁၄-၁၂-၂၀၁၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌လည်းကောင်း အကြိမ်ကြိမ် ကျင်းပခဲ့သည်။ သို့သော်လည်း အေအေအနေဖြင့် အကြမ်းဖက်မှုဖြင့်သာ ပြန်လည်တုံ့ပြန်ခဲ့သည်။

အေအေအဖွဲ့အပါအဝင် ညီနောင်မဟာမိတ် (၃) ဖွဲ့က တစ်ဖက်သတ်အပစ်အခတ် ရပ်စဲထားခြင်းကို Covid-19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အနှောင့်အယှက်မဖြစ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ သက်တမ်းတိုးကြောင်း ကြေညာခဲ့သည်ဆိုသော်လည်း ယင်းမှာ ၎င်းတို့၏ နိုင်ငံရေး အကျိုးအမြတ်အတွက်မှလွဲ၍ မည်သည်ကိုမျှ အကျိုးမပြုကြောင်း တွေ့ရသည်။ အေအေအနေဖြင့် အလားတူ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ အစောပိုင်းတွင် ထုတ်ပြန်ခဲ့သော်လည်း ၎င်းတို့ လုပ်ရပ်များသည် ကြေညာချက်များနှင့် လက်တွေ့တွင် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ အပစ်အခတ်ရပ်စဲသည့် ကာလအတွင်း၌ပင် အေအေသည် လုံခြုံရေးစခန်းနှင့် တပ်မတော်စစ်ကြောင်းများအား အင်အားအလုံးအရင်းဖြင့် ဆက်တိုက်တိုက်ခိုက်လျက်ရှိပြီး၊ တပ်မတော်၏ အချက်အချာကျသည့် မီးဝစခန်းအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ပိတ်ဆို့တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

### ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်

အေအေသည် ဒေသခံပြည်သူများအား ခြိမ်းခြောက်မှုများနှင့် ကြောက်ရွံ့မှုများဖြစ်ပေါ်အောင် ဆက်လက်ပြုလုပ်လျက်ရှိပြီး၊ အရပ်သားအသွင်ယူ၍ လည်းကောင်း၊ အရပ်သားများကို အကာအကွယ်ယူ၍ လည်းကောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးစခန်းများအား တိုက်ခိုက်လျက် ရှိသည်။ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားသွားစေရန် ရည်ရွယ်၍ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် မြေမြှုပ်မိုင်း ဖောက်ခွဲမှုများအပြင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်လျက်ရှိသည်။

ပြည်သူများ၏ လုံခြုံရေး၊ အသက် အိုးအိမ်စည်းစိမ်များနှင့် အရေးကြီးသည့် အခြေခံအဆောက်အအုံများ၊ အစိုးရပိုင် အဆောက်အအုံများကို ဆိုးရွားစွာ ပျက်စီးဆုံးရှုံးစေခဲ့သည့် အေအေ ကျူးလွန်မှုများသည် အကြမ်းဖက်မှု လုပ်ရပ်များဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အေအေ အား အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်တွင် ကြေညာခဲ့ပြီး၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း အေအေအား မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ မည်သည့်ပုံသဏ္ဌာန်မျိုးဖြင့် အကြမ်းဖက်မှုကိုမဆို ရှုတ်ချရမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အေအေကဲ့သို့ အကြမ်းဖက်အဖွဲ့အား ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ မည်ကဲ့သို့သော ကူညီထောက်ပံ့မှုမျိုးကိုမျှ ပေးအပ်ခြင်း မပြုသင့်ကြောင်း၊ ယခုကဲ့သို့သော လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်မှသာ ရခိုင်ဒေသခံပြည်သူများ လက်ရှိရင်ဆိုင်နေရသော လူသားချင်းစာနာမှု ပြဿနာများကို ချုပ်ငြိမ်းစေနိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးမြို့တွင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်များ စတင်ဖြန့်ဝေ

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တွင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား ယနေ့ နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာမြို့နယ်အလိုက် ရပ်ကွက်အတွင်း လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အရေးကြီးကာလဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ နိုင်ငံတော်မှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်တစ်ပိဿာ စသည့် ကုန်ပစ္စည်း ငါးမျိုးကို ကြိုတင်ကောက်ယူထားသည့် အိမ်ထောင်စုစာရင်းများအတိုင်း မြို့နယ်အလိုက် ရပ်ကွက်အတွင်း လိုက်လံ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ စနစ်တကျ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းလင်းက ပြောသည်။

“ကျွန်တော်တို့ သီရိမာလာ အနောက်ရပ်ကွက်မှာ အိမ်ထောင်စုပေါင်း ၁၈၅၂ စုနဲ့ လူဦးရေ ၉၇၂၀ နေထိုင်ပါတယ်။ အခုနိုင်ငံတော်က ထောက်ပံ့ပေးမယ့် စားသောက်ကုန်တွေကို လက်လုပ်လက်စား၊ အခြေခံလူတန်းစားတွေဖြစ်တဲ့ အိမ်ထောင်စု ၉၉၀ က လူဦးရေ ၄၉၈၀ အတွက် ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်အတွင်းမှာ နေထိုင်ကြတဲ့ အခြေခံလူတန်းစားတွေရဲ့ စာရင်းကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ အချက် ၃၀ နဲ့ ကိုက်ညီသူတွေကို စိစစ်ရွေးချယ်ပြီး အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် အလုပ်မလုပ်နိုင်လို့ စားဝတ်နေရေးခက်ခဲနေကြတဲ့ သူတွေအတွက် အခုလို နိုင်ငံတော်က ထောက်ပံ့ကူညီမှုတွေ ပေးတာကို ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေအနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ သူတို့အတွက် အခုလို စားသောက်ကုန်တွေ ဖြန့်ဝေပေးရတာကိုလည်း ကျေကျေနပ်နပ်ကြီး ဝိုင်းဝန်းဆောင်ရွက်သွားမှာပါ” ဟု ၎င်းက ပြောသည်။



အဆိုပါ ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား ယနေ့ ရပ်ကွက်အတွင်း လိုက်လံဖြန့်ဝေပေးမှုအပေါ် အောင်မြေသာစံမြို့နယ် အကွက်အမှတ်(၂၂၀) မရမ်းခြံရပ်ကွက်အတွင်းနေထိုင်သူ ဒေါ်မြင့်မြင့်သန်းက “ကျွန်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လူတွေကို အခုလို စားသောက်ကုန်တွေ လာရောက်ထောက်ပံ့မယ်လို့ မမျှော်လင့်ခဲ့ပါဘူး ။ ဒီရပ်ကွက်မှာ နေကြသူတွေက မြစ်ဆိပ်မှာ ကုန်ထမ်းပြီး ရပ်တည်နေကြသူတွေပါ။ အခု ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅ ရက်လောက် အလုပ်နားကြရမှာဖြစ်လို့ စားဝတ်နေရေးအတွက် စိတ်ညစ်နေကြပါတယ်။ အခုလို နိုင်ငံတော်ကလည်း ထောက်ပံ့ပေးတယ်။ အခြားအလှူရှင်တွေကလည်း လာရောက်လှူဒါန်းပေးနေတာတွေ ရှိတဲ့အတွက် အဆင်ပြေနေကြပါတယ်။ ကျွန်မအနေနဲ့ အသက် ၅၈ နှစ်အတွင်းမှာ အခုလို နိုင်ငံတော်က ထောက်ပံ့ပေးတာကို ပထမဆုံးကြုံတွေ့ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား အခြေခံလူတန်းစားများအတွက် ဖြန့်ဝေပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်စေရေးအတွက်လည်း လူစုလူဝေး မဖြစ်ပေါ်စေရန် ရပ်ကွက်အတွင်း လှည့်လည်၍ သုံးယောက်တစ်တွဲနှုန်းဖြင့် ခေါ်ယူကာ စနစ်တကျဖြန့်ဝေပေးပြီး ယနေ့ သွားရောက်ထောက်ပံ့ပေးခဲ့သည့် မရမ်းခြံရပ်ကွက်တွင် အိမ်ထောင်စု ၂၉၀ နေထိုင်ကြပြီး ၎င်းတို့အနက် အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၁ စုကို စာရင်းကောက်ယူဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ငါးသောင်း ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ပြန့်ပွားမှုနှင့်ပတ်သက်၍ ကာကွယ်တုံ့ပြန်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ငါးသောင်းကို ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်နွိုင်းမြို့၌ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Quoc Dung က ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။(ဓာတ်ပုံ)

ထိုသို့ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး H.E. Mr. Nguyen Quoc Dung က မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုနှင့် ပတ်သက်၍ ကာကွယ်တုံ့ပြန်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုများအပေါ် တန်ဖိုးထားအသိအမှတ်ပြုပါကြောင်း၊ မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံအကြားထားရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအနေဖြင့် ဗီယက်နမ်အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ထုတ်ကာကွယ်ရာတွင် ပူးပေါင်းပါဝင်သော အားတစ်ရပ်အဖြစ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်ကျော်လွှားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို မြန်မာနိုင်ငံ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်လျှံ**




## လှိုင်ယ်မြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့

**လဟယ် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မာလာတောင် အားကစားခန်းမ၌ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး ဥက္ကဋ္ဌ ဦးကေဆိုင်းက အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လဟယ်မြို့ပေါ်ရှိ တာလံရပ်ကွက်တွင် အိမ်ထောင်စု ၅၅စု၊ မြို့မရပ်ကွက်တွင် အိမ်ထောင်စု ၁၃၀၊ တိုးချဲ့ (၁) ရပ်ကွက်တွင် အိမ်ထောင်စု ၆၂ စုနှင့် တိုးချဲ့ (၂) ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၇၆ စုတို့ကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**



သာကေတမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းအတွက် U Energy Thaketa Power Co.,Ltd မှ ငွေကျပ်သိန်း ၅၀ ၊ ဆန်အိတ် ၁၀၀ ၊ နှာခေါင်းစည်း ၂၀၀၀ နှင့် လက်သန့်ဆေးရည် ဘူး ၁၂၀ ကို မေ ၉ ရက်က သာကေတမြို့နယ်ရှိ U Energy Thaketa Power Co.,Ltd ရုံးခန်းမတွင် လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဝေဖြိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက်တို့ လက်ခံရယူစဉ်။ ကျော်ဟိန်း(ပြန်/ဆက်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက Coronavirus Disease 2019(COVID-19)နှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19)နှင့် ပတ်သက်၍ ကာကွယ်မှု၊ ထိန်းချုပ်မှုနှင့် ကုသမှုဆိုင်ရာလုပ်ငန်းများကို မြန်မာအစိုးရမှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ ပြည်သူတစ်ရပ်လုံး ပါဝင်ကာ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိကြောင်း ပေကျင်းမြို့၊ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ခဲ့ရာ မြန်မာအစိုးရနှင့် ပြည်သူများ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း Coronavirus Disease 2019 (COVID-19)နှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဆက်သွယ်လှူဒါန်းလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင်းမြူနီစီပယ်အစိုးရရုံးမှ Medical mask (၁၀၀၀၀၀) ကိုလည်းကောင်း၊ စီချွမ်ပြည်နယ်၊ နိုင်ငံခြားရေးရုံးမှ Disposable protective mask(၁၀၀၀၀)ကို လည်းကောင်း၊ တရုတ်-မြန်မာ ယဉ်ကျေးမှုနှင့် ဖလှယ်မှုစင်တာ (China-Myanmar Cultural and Exchange Center-CMCEEC)မှ Disposable protective mask (၅၀၀၀၀)ကို လည်းကောင်း၊ တရုတ်ဆက်သွယ်မှုဆောက်လုပ်ရေး ကုမ္ပဏီ(China Communications Construction Company-CCCC)မှ Medical mask(၅၀၀၀၀)နှင့် Goggle(၁၀၂၀) ကို လည်းကောင်း၊ ZTEကုမ္ပဏီမှ Test Kits(၁၀၀၀) ကိုလည်းကောင်း အသီးသီး ဆက်သွယ်လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်တားဆီးရေး အတွက် အထူးလိုအပ်လျက်ရှိသည့် ရောဂါ ကာကွယ်ရေးပစ္စည်းတစ်ခုဖြစ်သည့် Medical mask များကို ဆက်လက် လှူဒါန်းရန်ရှိနေသည်။

ပေကျင်းမြို့ရှိ မြန်မာသံရုံး အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ဆက်သွယ်လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို လေကြောင်းလိုင်းနှင့် ကုန်းလမ်းတို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေး အတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း အခြေခံစားသောက်ကုန်ငါးမျိုးထောက်ပံ့ပေးနေမှု ကြည့်ရှုအားပေး

**မြစ်ကြီးနား မေ ၁၀**

နိုင်ငံတော်အစိုးရမှ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို ဝေငှပေးသွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ပေါ်ရှိ အေးစေတီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စာရင်းကောက်ယူထားသည့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား မိသားစုများအတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆန် ၈ ပြည်၊ ဆီ ၅၀ သား၊ ကုလားပဲ တစ်ပိဿာ၊ ဆား ၅၀ ကျပ်သား၊ ကြက်သွန်တစ်ပိဿာအပါအဝင် အလှူရှင်တစ်ဦး၏ ခရမ်းချဉ်သီး (၁)ပိဿာ ဖြည့်စွက်ဝေငှပေးနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေညောင်ပင်ရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ ခေမာသီရိရပ်ကွက်နှင့် မြေမြင့်ရပ်ကွက်တို့တွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား မိသားစုများကို နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးအပြင် အလှူရှင်များ၏ စားကုန်ပစ္စည်းများ အပိုဆောင်းဝေငှပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လာရောက်ထုတ်ယူသည့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား မိမိတို့ရပ်ကွက်များအတွင်း အမှန်တကယ်ရသင့်သည့် မိသားစုဝင်များ ကျန်ရှိမှုမရှိစေရေး အလေးထားဝေငှပေးရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ကချင်ပြည်နယ်အတွင်း အခြေခံစားသောက်ကုန်ပစ္စည်းများ ဝေငှခြင်းအစီအစဉ်ကို မြစ်ကြီးနားမြို့နယ်အတွင်း ရပ်ကွက် ၂၈ ရပ်ကွက်၊ ကျေးရွာအုပ်စုသုံးစုဖြင့် စုစုပေါင်း ၃၁ခုရှိ အိမ်ထောင်စု ၁၁၄၈၇ စု၊ လူဦးရေ ၅၄၅၅၂ ဦးတို့အတွက် စတင်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရှိရပြီး စားသောက်ကုန်များ ဝေငှခြင်းအတွက် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၅၅၄ ခုတို့တွင် လတ်တလောကောက်ယူသည့် စာရင်းများအရ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း တစ်သိန်းကျော်နှင့် မိသားစုဝင်လူဦးရေ ငါးသိန်းကျော်ရှိကြောင်းနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အဆိုပါစာရင်းများတွင် အမှန်တကယ် လိုအပ်သူများ ကျန်ရှိမှုမရှိစေရေး ပြန်လည်စိစစ်ကောက်ယူခြင်းကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

---

❍ ***ကျောက်ဖြူမှ***

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် အခြေခံပြည်သူ အိမ်ထောင်စု ၄၇၅၇၉ စုကို စားသောက်ကုန်များ ဆက်လက်ပေးဝေသွားမည်ဖြစ်ပြီး အိမ်ထောင်စု ၈၀၀၀၀ ကျော်ရှိသော လှိုင်သာယာ(အနောက်ပိုင်း)မှ စာရင်းရရှိသော အခြေခံပြည်သူ ၃၂၂၇၀ အား မေ ၁၁ ရက်မှ စတင်ပေးဝေမည်ဖြစ်ရာ ယနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မှ (၆) ရပ်ကွက်ကို စတင်ပေးဝေခြင်းဖြစ်သည်။

"လှိုင်သာယာ (အရှေ့ပိုင်း)က လူဦးရေများတော့ ၄၂ ရာခိုင်နှုန်းရှိပြီးတော့ ကျွန်တော်တို့ အနောက်ပိုင်းက ၃၉ ရာခိုင်နှုန်းရှိတယ်။ ရွှေပြည်သာက ၃၇ ရာခိုင်နှုန်းရှိပြီးတော့ ကျန်တဲ့မြို့နယ်တွေက ၃၀ ရာခိုင်နှုန်းအောက်ပဲရှိတယ်။ ဒါကြောင့် စာရင်းကောက်ပြီး အိမ်ထောင်စုများတဲ့ လှိုင်သာယာ(အရှေ့ခြမ်း)ကို ပထမဆုံးပေးဝေတာပါ။ မနက်ဖြန်အနောက်ပိုင်းကို စပြီးဝေသွားမှာပါ။ ဒီကာလမှာ အားလုံးစည်းစည်းလုံးလုံးနဲ့ ကျော်ဖြတ်ဖို့တော့ လိုပါတယ်"ဟု လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက ပြောသည်။

ယနေ့ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ အမှတ်(၆)ရပ်ကွက်မှ အခြေခံပြည်သူ အိမ်ထောင်စု ၁၁၉၂စုကို မွန်းလွဲပိုင်းမှစ၍ ပေးဝေခဲ့ပြီး ကျန်ရပ်ကွက်၊ ကျေးရွာများကို ဆက်လက်ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**၁၆၄**

---

❒ ***ကျောဖုံးမှ***

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက်ဓမ္မာရုံ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအား တွေ့ဆုံပြီး သင်္ကြန်ကာလတွင် ရက်ရှည်အလုပ်ပိတ်ရက်များဖြစ်သည့်အတွက် ထိုကာလ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် မိမိတို့နေအိမ်များတွင် နေထိုင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပေးကြရန်၊ အတတ်နိုင်ဆုံး မိမိအိမ်တွင် နေထိုင်ပေးခြင်းဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြရန်နှင့် မိမိတို့နေအိမ်များတွင် နေထိုင်စဉ်ကာလအတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ယခုကဲ့သို့ အခြေခံစားကုန်ငါးမျိုးကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အိမ်ထောင်စုတစ်စုအတွက် အခြေခံစားကုန်ငါးမျိုးကိုပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ တရားသိစုရပ်ကွက်၊ ကျေးပင်ကြီးရပ်ကွက်နှင့် ရဲနွယ်စုရပ်ကွက်များသို့ သွားရောက်ပြီး ရပ်ကွက်ဓမ္မာရုံများ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး အခြေခံစားကုန်ငါးမျိုးကို ထောက်ပံ့ပေးအပ်သည်။

ထိုနည်းတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကို အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာ တို့ကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာလေးထပ်ဆောင်၌ ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများကို ကန့်သတ်စောင့်ကြည့်ထားရှိမှုကို သွားရောက်ကြည့်ရှု၍ ကျန်းမာရေး၊ စားသောက်ရေးအခြေအနေများ မေးမြန်းကာ အားပေးစကားပြောကြားပြီး လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ တိုင်းရင်းဆေးရုံသို့ သွားရောက်ပြီး ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများကို ကန့်သတ်စောင့်ကြည့်ထားရှိရန် နေရာပြင်ဆင်ထားမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို အမြန်ဆုံးအသင့်ဖြစ်အောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

## လားရှိုး၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**လားရှိုး မေ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ ရပ်ကွက်(၇)မှ စတင်ကာ နိုင်ငံတော်က ထောက်ပံ့ပေးသော ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး အခမဲ့ထောက်ပံ့ခြင်းကို မေ ၁၀ ရက်က စတင်၍ ပေးဝေခဲ့သည်။

"အခုလို ရောဂါကပ်ဘေး အရေးပေါ်ကာလမှာ နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ အခြေခံစားသောက်ကုန်များကို ဖွဲ့စည်းထားတဲ့ ငါးဦးကော်မတီက စိစစ်တင်ပြလာတဲ့ အမှန်တကယ် လိုအပ်ချက်ရှိနေတဲ့ အိမ်ထောင်စုများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါတယ်။ အရေးပေါ်ကာလမှာ အမှန်တကယ် လိုအပ်နေသူတွေကို ပေးအပ်တာပါ"ဟု ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က ပြောသည်။

လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန၊ လားရှိုးကြီးကြပ်ရေးကော်မတီတို့ကလည်း အခြေခံကုန်စိမ်းပစ္စည်းများကို အမြတ်မယူဘဲ အရင်းအတိုင်းသာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

---

## မြဝတီမြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များထောက်ပံ့

**မြဝတီ မေ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် တောရကျောင်း ပရိယတ္တိစာသင်တိုက်၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၅၀အတွက် စားသောက်ကုန်ငါးမျိုးကို ပေးအပ်သည်။

ဆက်လက်ပြီး အမှတ်(၄)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၅၀ ကို ပထမဦးစားပေးစာရင်းအရ အိမ်အရောက် လိုက်လံပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

# ပင်လုံမြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ကူညီမှုငါးမျိုး အခမဲ့ထောက်ပံ့ခြင်း ဆောင်ရွက်

**ပင်လုံ မေ ၁၀**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာကို မေ ၁၀ ရက် ညနေ ၃ နာရီမှ စတင်၍



လွိုင်လင်မြို့နယ် ပင်လုံမြို့ ရပ်ကွက်(၁) နယ်မြေ(၁)နှင့်(၂)၌ နေထိုင်သော အိမ်ခြေစုစုပေါင်း ၁၀၁ အိမ်ကို အခမဲ့ထောက်ပံ့ဖြန့်ဖြူးပေးသည်။

လွိုင်လင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ဌာနဆိုင်ရာများ၊ ပင်လုံမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ စုပေါင်း၍ မြေပြင်၌ စာရင်းကောက်ယူထားသည့်အတိုင်း ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော မိသားစုများ၊ အမှန်တကယ်လိုအပ်ချက်ရှိသည့် မိသားစုများကို အခမဲ့ ထောက်ပံ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **နန်းမြင့်မြင့်ဆွေ (ပြန်/ဆက်)**

---

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်များရောက်ရှိ

**တောင်တွင်းကြီး မေ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပုဏ္ဏဝတီခန်းမကြီးတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ပေးမည့် ပစ္စည်းသုံးမျိုး စတင်ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ စုစုပေါင်း ကူညီထောက်ပံ့မှုငါးမျိုးစီကို နိုင်ငံတော်မှ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည့်အစီအစဉ်အရ တောင်တွင်းကြီးမြို့နယ် ပုဏ္ဏဝတီခန်းမကြီးတွင် ယနေ့မွန်းတည့် ၁၂နာရီ အထိ ဆန်၊ ဆား၊ ကြက်သွန် စသည့်ပစ္စည်းသုံးမျိုးစတင်ရောက်ရှိပြီဖြစ်ကြောင်းနှင့် မကြာမီ ပဲနှင့် ဆီတို့ ထပ်မံရောက်ရှိမည်ဖြစ်ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ လက်ထဲအရောက် အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ဝင်းခိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်



**လွိုင်ကော် ဧပြီ ၁၀**

ကယားပြည်နယ်အတွင်း စာရင်းကောက်ယူပြီးစီးသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအနက် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအများဆုံးရှိသည့် လွိုင်ကော်မြို့နယ်ကို ဧပြီ ၁၀ ရက်က ဖြန့်ဝေနိုင်ရေးအတွက် ကယားပြည်နယ် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက စီမံဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွိုင်ကော်မြို့နယ်အတွင်း မင်္ဂလာရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများကို ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ဆား ၅၀ ကျပ်သားနှင့် ကြက်သွန်နီတစ်ပိဿာတို့အား ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးနေသည့် မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးပြီး အခြေခံစားသောက်ကုန် ငါးမျိုးအား ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။ (ဓာတ်ပုံ)

အခြေခံစားသောက်ကုန်ငါးမျိုးကို ဖြန့်ဝေရာတွင် ကယားပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများလက်ထဲသို့ ရောက်ရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်နှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ယနေ့အပြီး ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်ငါးမျိုးဖြန့်ဝေမှုကို မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဝေငှပေးနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီး၍ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖပါဝင်သော စာရင်းကောက်ယူရေးပူးပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**

**(ပြန်/ဆက်)**

## နိုင်ငံတော်မှ ထောက်ပံ့ကူညီမှုငါးမျိုး နိုင်ငံတော်သို့ ပြန်လည်လှူဒါန်းမည်

**ညောင်ရွှေ ဧပြီ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ကံသာရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်တို့မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ကူညီမှုငါးမျိုးကို နိုင်ငံတော်သို့ ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ ထောက်ပံ့နိုင်ရန်အတွက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စာရင်းကောက်ယူခဲ့ရာ ကံသာရပ်ကွက်တွင် အခြေခံလူတန်းစား အိမ်ထောင်စု ၁၁၀နှင့် မင်္ဂလာရပ်ကွက်တွင် အခြေခံလူတန်းစား အိမ်ထောင်စု ၁၆ စု ရှိကြောင်း၊ ၎င်းရပ်ကွက်တို့မှ ပြည်သူများက နိုင်ငံတော်မှ ထောက်ပံ့ကူညီမှု ငါးမျိုးကို ရယူခြင်းမပြုတော့ဘဲ နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်နေသည့် အခြားကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်လှူဒါန်းမည်ဖြစ်ကြောင်း၊ ဒေသခံစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၏ အချင်းချင်းရိုင်းပင်း ကူညီထောက်ပံ့ လှူဒါန်းမှုများဖြင့်သာ အခြေခံလူတန်းစား အိမ်ထောင်စုများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကံသာရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လှူဒါန်းပစ္စည်း လက်ခံစုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ ထောက်ပံ့ပစ္စည်းများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## နိုင်ငံတော်အစိုးရ၏ စားသောက်ကုန်ထောက်ပံ့ရေးအစီအစဉ် တာချီလိတ်မြို့၌ ယနေ့စတင်

**တာချီလိတ် ဧပြီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း စားသောက်ကုန် ထောက်ပံ့ပေးဝေရေး အစီအစဉ်ကို ဧပြီ ၁၀ ရက် နံနက်တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

လူစုလူဝေး ဖြစ်စေခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ရပ်ကွက်အလိုက်အဖွဲ့များခွဲ၍ သွားရောက်ပေးဝေခဲ့ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊လုပ်ငန်းရှင်များ၊ အလှူရှင်များ ဦးဆောင်၍ မီးသတ်၊ ကြက်ခြေနီနှင့် မဈ္ဈိမလူမှုကူညီရေးအသင်း၊ အလင်းရောင်ပရဟိတအသင်းတို့က ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြသည်။ (အောက်ပုံ)



အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၂၈၅၀ ရှိသည့်အနက် ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စုတစ်ခုတို့မှ အိမ်ထောင်စုပေါင်း ၄၉၉ စုကို ဧပြီ ၁၀ ရက်တွင် အိမ်တိုင်ရာရောက် သွားရောက် ပေးဝေခြင်းဖြစ်ပြီး ဝမ်ကောင်းရပ်ကွက်၊ ပုန်းထွန်ရပ်ကွက်၊ မကာဟိုခမ်းရပ်ကွက်၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ မယ်ခေါင်ရပ်ကွက်နှင့် ဝမ်လုံးကျေးရွာအုပ်စုတို့၌ ပေးဝေခဲ့သည်။

ဧပြီ ၁၁ ရက်တွင် ကျိုင်းလပ်မြို့ရှိ ရပ်ကွက်သုံးရပ်ကွက် ကျေးရွာအုပ်စုသုံးခုနှင့် တာချီလိတ်မြို့ပေါ်ရှိ ဆေခမ်းရပ်ကွက်တို့၌ ဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ထောက်ပံ့ပေးဝေရေးတွင် အိမ်ထောင်စု တစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာစီ ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကံဦးရပ်ကွက်၌ စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ငါးမျိုး အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် လယ်ဝေးမြို့ အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၀၈၀ ကို အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ စားသောက်ကုန်များကို ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။ အလားတူ လယ်ဝေးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၃၈၄၉၈ စုကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**



မုံသွင်ကျေးရွာ မဟာမာလာရုံကျောင်းတိုက်။

## အခြေခံလူတန်းစားများအတွက် ထောက်ပံ့ကူညီသည့် စားသောက်ကုန်များကို ပုလဲမြို့နယ် မုံသွင်ကျေးရွာ တစ်ရွာလုံးမယူ

**မုံရွာ ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မုံသွင်ကျေးရွာသည် နိုင်ငံတော်မှ အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်တစ်ပိဿာ ထောက်ပံ့မှုကို ကျေးရွာတစ်ရွာလုံး မယူကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က ပြောသည်။

မုံသွင်ကျေးရွာတွင် အိမ်ထောင်စု ၄၅၀၊ လူဦးရေ ၂၄၀၀ ကျော်ရှိကြောင်း၊ စပါး၊ နှမ်း၊ ပဲအမျိုးမျိုးတို့လည်း ရာသီအလိုက် နှစ်စဉ်ရရှိပါကြောင်း၊ တောင်ယာလုပ်ကိုင်သူ ၆၅ ရာခိုင်နှုန်းထိ ရှိသည့်အတွက် ထောက်ပံ့မှုများကို မယူရခြင်းဖြစ်ကြောင်း၊ ကျေးရွာအတွင်း အခြေခံစားသောက်ကုန်များ လိုအပ်မှုရှိလာပါက ရွှေကျောင်းဆရာတော် ဦးကုဏ္ဍလ၊ မဟာမာလာရုံကျောင်းဆရာတော် ဦးရာဇိန္ဒနှင့် ဘုန်းကြီးကျောင်း ခြောက်ကျောင်းမှ ဆရာတော်၊ သံဃာတော်များ၏ မိန့်ကြားမှုဖြင့် ဘုန်းကြီးကျောင်းတွင်ရှိသည့် ဆန်၊ ဆီ၊ ဆားများနှင့် ကျေးရွာမှ စားဝတ်နေရေး ပြေလည်သူများ၏ လှူဒါန်းမှုများဖြင့် အစိုးရက ထောက်ပံ့သကဲ့သို့ ပြန်လည်ထောက်ပံ့ပေးမည် ဖြစ်သည့်အတွက် တစ်ရွာလုံး မယူခြင်းဖြစ်ပါကြောင်း အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က ပြောသည်။



မုံသွင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နိုင်

မိမိတို့အနေဖြင့် နိုင်ငံတော်အား အုတ်တစ်ချပ်၊ သဲတစ်ပွင့်အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များကို တစ်ရွာလုံးမယူခြင်းဖြစ်ကြောင်း မုံသွင်ကျေးရွာတွင် နေထိုင်သူ ဦးဖိုးကြည်(ခ)ဦးသိန်းဝင်းက ပြောသည်။

**မွေးကြူဇင်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# Fortune TV ရုပ်သံလိုင်းမှ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလများတွင် ပြည်သူများ စိတ်လက်အပန်းပြေစေမည့် အစီအစဉ်ကောင်းများ ရွေးချယ်တင်ဆက်ပြသသွားမည်

ရန်ကုန် ဧပြီ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၏ Content Provider တစ်ခုဖြစ်သည့် Fortune TV ရုပ်သံလိုင်းမှ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလများတွင် ပြည်သူများ စိတ်လက်အပန်းပြေစေရန် ရည်ရွယ်၍ သင်္ကြန်အငွေ့အသက်များပါဝင်သည့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် လတ်တလောအခြေအနေသတင်းအချက်အလက်များ၊ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**

"ပြည်သူတွေ သင်္ကြန်ကာလမှာ အပြင်ထွက်ဖို့၊ ရေကစားဖို့ အဆင်မပြေသေးတဲ့ အချိန်မှာ အိမ်ထဲမှာပဲ အပန်းဖြေဖို့အတွက် ဖျော်ဖြေရေးအစီအစဉ်တွေပါမယ်။ ဖျော်ဖြေရေး အစီအစဉ်တွေထဲမှာ အစိုးရကထုတ်ပြန်တဲ့ ပြည်သူတွေလိုက်နာရမယ့် စည်းကမ်းတွေ၊ ကိုဗစ် -၁၉ ရောဂါအခြေအနေနဲ့ ပတ်သက်တဲ့ သတင်းတွေကို ပြည်သူတွေသိရှိဖို့ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်" ဟု Fortune TV မှ မန်နေဂျာ ကိုထက်အောင်ကျော်က ပြောသည်။

**သင်္ကြန်ကာလအထူးအစီအစဉ်ဖြစ်သည့် (Horror Moments )**

စိတ်လှုပ်ရှားဖွယ်အစီအစဉ်များကို ကြိုက်နှစ်သက်သူများအတွက် Fortune TV မှ သင်္ကြန်ကာလအထူးအစီအစဉ်အနေဖြင့် ပြည်မြို့တွင် သွားရောက်ရိုက်ကူးထားသည့် အိမ်အိုကြီးနှင့် သမိုင်းကြောင်းဆိုင်ရာ အစဉ်အလာများ၊ အဖြစ်အပျက်များကို ထုတ်လွှင့်ပြသမည့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် (HORROR MOMENTS )အစီအစဉ်ကို ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ၎င်းအစီအစဉ်ကို အပတ်စဉ် ကြာသပတေးနေ့နှင့် သောကြာနေ့ ည ၈ နာရီ မိနစ် ၅၀ တွင် စောင့်မျှော်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုင်ကြည့် Season 2 အစီအစဉ်သစ်**

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ထုတ်လွှင့်နေကျဖြစ်သည့် နိုင်ငံကျော်အနုပညာရှင်များနှင့် နာမည်ကျော်ကြားသူတို့ ပါဝင်ထားသော ကိုင်ကြည့် Season 2 အစီအစဉ်သစ်ကို ဧပြီ ၁၇ ရက်နှင့် ၁၈ ရက် ညနေ ၆ နာရီခွဲအချိန်၌ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့၊ တနင်္လာနေ့များတွင် နံနက် ၁၁ နာရီ မိနစ် ၄၀ နှင့် ညနေ ၅ နာရီခွဲတို့တွင် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**နိုင်ငံခြားဇာတ်လမ်းတွဲများ**

နိုင်ငံခြားဇာတ်လမ်းတွဲ ကြိုက်နှစ်သက်သူများအတွက်လည်း ဧပြီလအတွင်း Fortune TV မှ ပြသနေသည့် စူပါလျှပ်စီး၊ ဝိညာဉ်လိုက်သူများ စသည့် ပရိသတ်ကြိုက် ဇာတ်လမ်းတွဲများကို ကြည့်ရှုခံစားရမည့်အပြင် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီတွင် ပြသလျက်ရှိသည့် "ငွေရောင်ချစ်ကြိုးမျှင်" ဇာတ်လမ်းတွဲ ပြီးဆုံးပါက ကိုရီးယားဇာတ်လမ်းတွဲဖြစ်သည့် "ပန်းတစ်ပွင့် အိပ်မက်"ဇာတ်လမ်းတွဲသစ်ကို မဟာသင်္ကြန်ရက်များအတွင်း တင်ဆက်သွားမည်ဖြစ်သည်။

တရုတ်ဇာတ်လမ်းတွဲဖြစ်သည့် "နတ်ခားညီနောင်ကံကြမ္မာ" ဇာတ်လမ်းတွဲကို ဧပြီ ၁၈ ရက်နေ့မှ စတင်ပြီး ကြည့်ရှုရမည်ဖြစ်သည်။ ထို့ပြင် ပုံမှန်တင်ဆက်ပေးနေသည့် အစီအစဉ်များကိုလည်း ဆက်လက်ပြသပေးသွားမည်ဖြစ်သည်။

**ဧပြီ ၁၀ ရက်မှ ၁၇ ရက်ထိ Fortune TV မှ ညနေ ၆နာရီတွင် ပြသသွားမည့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများစာရင်း**

ဧပြီ ၁၀ ရက် - အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် သင်္ကြန်ဂိမ်း။
ဧပြီ ၁၃ရက် - ဝေဠုကျော်၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် မြစ်ဇ၏ခြေရာ။
ဧပြီ ၁၄ ရက် - ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် ကညာပျိုနဲ့ ဇရာအို ရုပ်ရှင်ဇာတ်ကားကြီး။
ဧပြီ ၁၅ ရက် - ဝင်းဦး၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် မောင်တို့ချယ်ရီမြေ ရုပ်ရှင်ဇာတ်ကားကြီး။
ဧပြီ ၁၆ ရက် - နေအောင်၊ ဇင်ဝိုင်း၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် သင်္ကြန်မိုး ရုပ်ရှင်ဇာတ်ကားကြီး။
ဧပြီ ၁၇ ရက် - ကျော်ရဲအောင်၊ စိုးမြတ်သူဇာတို့ ပါဝင်သရုပ်ဆောင်ထားသည့် မယားပြောတော့ တစ်ညှ။ **သီသီမင်း**
















# ရှေးဟောင်းဘုရားစေတီများ၊ တောရိုင်းတိရစ္ဆာန်များတည်ရှိရာ ရှင်မတောင်ပေါ်တွင် တောမီးလောင်မှုဖြစ်

**ရေစကြို မေ ၁၀**

ရှေးဟောင်း စေတီဘုရားများ၊ တောရိုင်းတိရစ္ဆာန်များ တည်ရှိရာ ရှင်မတောင်ပေါ်တွင် မေ ၉ ရက် မွန်းလွဲပိုင်းက တောမီးလောင်မှု ဖြစ်သဖြင့် ရေစကြိုမြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့က အရေးပေါ် မီးငြိမ်းသတ်ခဲ့ကြရကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာသည် ဒေသခေါ် သူခိုးချောက် ဟုခေါ်သည့် မတ်စောက်သည့် တောင်စောင်းဖြစ်သောကြောင့် မီးငြိမ်းသတ်ရန်ရေသယ်၍ မရရှိနိုင်သောကြောင့် မီးရိုက်တုတ်၊ သစ်ကိုင်းသစ်ခက်များ အသုံးပြုကာ မီးငြိမ်းသတ်ခဲ့ရသည်ဟု သိရသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းအကြောင်းနှင့် ပတ်သက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးညီညီအောင်က "ဧက ၂၀ လောက်တော့ လောင်သွားတယ်။ တောင်ပေါ်မှာဆိုတော့ ကားတက်မရလို့ လူအင်အားနဲ့ပဲ မီးရိုက်တုတ်တွေနဲ့ ရိုက်ငြိမ်းခဲ့ရတာ"ဟု ပြောသည်။

အဆိုပါ မီးလောင်မှုဖြစ်သည့် ရှင်မတောင်မှာ ရှင်မတောင်သစ်တောကြိုးဝိုင်း ဧရိယာအတွင်းတွင်ပါရှိပြီး အဆိုပါ သစ်တောကြိုးဝိုင်းဧရိယာအတွင်းတွင် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားလျက် ရှိကာ သာသနိက အဆောက်အဦများ၊ ရှေးဟောင်း ဘုရားများလည်း တည်ရှိသည့်နေရာဖြစ်သဖြင့် ထိခိုက်ဆုံးရှုံးမှုများမရှိစေရန် အရေးပေါ်သွားရောက် မီးငြိမ်းသတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှင်မတောင်ပေါ်တွင် တောမီးလောင်မှုသည် နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ယခုကဲ့သို့ မီးလောင်ခြင်းမရှိခဲ့ဖူးကြောင်း သိရသည်။ ထိုသို့ တောမီးလောင်ရခြင်းအများစုမှာ သဘာဝကြောင့် လောင်ကျွမ်းမှုသည် အလွန်နည်းပါးပြီး ဒေသခံများ၏ တောကောင်လိုက်ခြင်း၊ တောမီးရှို့ခြင်းများကြောင့် ဖြစ်ပွားမှုက ပိုမိုများပြားခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**အိမ္ဗွန်ဆွေ(ရေစကြို)**



## မြန်မာ့ရုပ်မြင်သံကြား

၁၁-၅-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - **ခါသကြံန်အဆို၊ အကများ**
- ၉:၁၀ - "ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကထိက ဗဟုဇန ဟိတရေ)သဒ္ဓမ္မသီတဂူ ချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း"
- ၉:၄၅ - "Covid- 19 အသိပညာပေး ဆွေးနွေးပွဲ" (STOP THE VIRUS) (အပိုင်း-၂)
- ၁၀:၀၀ - "သင်္ကြန်ရင်ခုန်သံ စကားဝိုင်း" "သင်္ကြန်မိုး" အကယ်ဒမီနေအောင်၊ အကယ်ဒမီစင်ရော် မောင်မောင်၊ သန်းမြတ်စိုး (တေးသံရှင်)၊ ဦးဇော်မြင့် (ရီမြင့်ရုပ်ရှင်)
- ၁၂:၃၀ - "Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှမ်းပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် Facebook Account မှတစ်ဆင့် တွေ့ဆုံ၍ လက်တွေ့ အခြေအနေများအား အပြန်အလှန် ဆွေးနွေးခြင်း အစီအစဉ်"
- ၁၃:၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ကျနော့်စိုးမပိုင်"

**ညပိုင်း**

- ၁၆:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၈:၅၀ - သင်္ကြန်ရင်ခုန်သံစကားဝိုင်း "မှုံရွှေရည်" (အကယ်ဒမီဆွေဇင်ထိုက်၊ အကယ်ဒမီဦးအောင်လွင်၊ စန္ဒာလင်း(ရုပ်ရှင်သရုပ်ဆောင်))
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ရင်ဖက်ထား"

## ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့လိုက်ပါလာသည့် မိန်းကလေးငယ်တစ်ဦး လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်ကာ သေဆုံးမှုဖြစ်

**ရန်ကုန် မေ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆေးဝါးကုသမှု ခံယူရန်လိုက်ပါလာသည့် မိန်းကလေးငယ်တစ်ဦးသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်ကာ သေဆုံးမှုဖြစ်ခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှသိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်နေ မိန်းကလေးငယ် --- (၁၃ နှစ်)သည် မြန်မာအမျိုးသားလေကြောင်းခရီးစဉ် UB 412 ဖြင့် ယနေ့ညနေပိုင်းက စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန် လိုက်ပါလာခဲ့ရာ ညနေ ၅ နာရီ ၃၅ မိနစ်ခန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်ကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး ယင်းသေဆုံးမှုသည် ကိုဗစ်-၁၉ ရောဂါနှင့် သက်ဆိုင်မှုမရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

၎င်းသည် နှလုံးရောဂါ ခံစားနေရသူဖြစ်ပြီး နှလုံးတွင် စက်တပ်ဆင်ထားရသူဖြစ်ကြောင်း၊ ကန်သာယာဆေးရုံတွင် ဆေးဝါးကုသမှုခံယူရန် ရန်ကုန်မြို့သို့ လိုက်ပါခဲ့ခြင်းဖြစ်ပြီး နှလုံးရောဂါဖောက်ချိန်တွင် လေယာဉ်ဝန်ထမ်းများနှင့် YACL မှ ဆရာဝန်တို့က ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း သက်သာလာခြင်းမရှိဘဲ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

## ကသာမြို့နယ်တွင် မိုးကြိုးပစ်သဖြင့် လူတစ်ဦးနှင့် နွားနှစ်ကောင် သေဆုံး

**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မိုးတားလေးကျေးရွာ၏ အရှေ့မြောက်ဘက် ဧရာဝတီမြစ်အတွင်းရှိ ဂျပန်ကျွန်းတွင် မေ ၁၀ ရက်က မိုးကြိုးပစ်ခံရပြီး လူတစ်ဦးနှင့် နွားနှစ်ကောင် သေဆုံးသွားကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ကသာမြို့နယ် မိုးတားလေးကျေးရွာ၏ အရှေ့မြောက်ဘက် ဧရာဝတီမြစ်အတွင်းရှိ ဂျပန်ကျွန်းတွင် တောင်ယာအလုပ် လုပ်ကိုင်နေသည့် အောင်ကိုဝင်း (ခ) ချက်ဖောင်း (၂၃နှစ်) နှင့် ဇနီးဖြစ်သူတို့သည် ကျွန်းထဲရှိ နေအိမ်၌ ရှိနေစဉ် မိုးရွာပြီး လျှပ်စီးများလက်၍ မိုးခြိမ်းနေသောကြောင့် အောင်ကိုဝင်း (ခ) ချက်ဖောင်းက နေအိမ်အပြင်ဘက်၌ရှိနေသည့် နွားများကို အိမ်အောက်သို့ ရွှေ့ပြောင်းကြိုးချည်နေစဉ် မိုးကြိုးပစ်ခံရကာ ဒဏ်ရာများရရှိခဲ့ပြီး နွားနှစ်ကောင်နှင့်အတူ သေဆုံးသွားခဲ့ကြောင်း မိုးတားလေးကျေးရွာ ယာယီအုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထံက သိရသည်။

**ငွေအိုး (ကသာ)**

## တံတားဦးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မဖြင့် အရေးယူခြင်းခံရသူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**တံတားဦး မေ ၁၀**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ချောင်းခွနယ်မြေ ရဲစခန်းအပိုင် စပါးတွင်းကျေးရွာတွင် ၂၀၁၃ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မဖြင့် အရေးယူခြင်းခံရသူအား မေ ၉ ရက် မွန်းလွဲ ၂ နာရီက အလုပ်နှင့်ထောင်ဒဏ် အမိန့်ချမှတ်ကြောင်း မြို့နယ်တရားရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စပါးတွင်းကျေးရွာ အုပ်စု စပါးတွင်းကျေးရွာနေ ရပ်မိရပ်ဖဖြစ်သူ ဦးမာကျော့(၅၀နှစ်)သည် ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ခံ ဦးကျော်သူဝင်း(၃၃နှစ်) နှင့်အတူ မေ ၄ ရက်က ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် အများပြည်သူ သိရှိစေရန် ဦးမာကျော့၏နေအိမ်တွင် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်နေစဉ် တစ်ရွာတည်းနေ စိုးနိုင်(၄၉နှစ်)သည် အရက်သေစာသောက်စားမူးယစ်လာပြီး "ညအချိန်မတော်ဘာလို့ ကြေညာနေတာလဲ" ဟု ပြောဆို၍ ဦးမာကျော့နေအိမ်ကို ခဲဖြင့်ထုကာ နှောင့်ယှက်ခဲ့သဖြင့် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသီဟအောင်က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဆက်လက်၍ ချောင်းခွနယ်မြေရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ-၂၆ အရ အရေးယူစစ်ဆေးဆောင်ရွက်ပြီး အမှုမှ ပြစ်မှုကျူးလွန်သူ စိုးနိုင်အား မေ ၅ ရက်တွင် တရားစွဲတင်ပြရာ တံတားဦးမြို့နယ် တရားရုံးက စစ်ဆေးခဲ့ပြီး ဥပဒေအရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၆)လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ်တရားသူကြီး ဒေါ်စန်းစန်းဝင်းထံက သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**

**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဝက်လက်မြို့နယ်၌ တံတားလက်ရန်းကို ဆိုင်ကယ်တိုက် အမျိုးသားတစ်ဦးသေဆုံး

**ဝက်လက် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဝက်လက် – ရှိမ္ဗကား သွားကားလမ်း၌ မေ ၈ ရက် မွန်းလွဲ ၁ နာရီ မိနစ်၂၀ ခန့်က ဝက်လက်မြို့နယ် ဝက်လက်– ရှိမ္ဗကား သွားကားလမ်းအတိုင်း အရှေ့မှအနောက်သို့ စဉ့်ကူးမြို့နယ်နေ သက်နောင်ထွန်း (ခ) ဖိုးချစ် (၁၉ နှစ်) မောင်းနှင်ပြီး နောက်တွင် ကိုကျော်နိုင်ထွန်း(၃၆ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်မှာ ဝက်လည်ရွဲကျေးရွာအနောက်ဘက် ရွှေမြင်တင်ဘုရားအနီး သစ်သားတံတား၏ တစ်ဖက်ယာဉ်ကြောရှိ တံတားလက်ရန်းကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ သက်နောင်ထွန်း (ခ) ဖိုးချစ်မှာ ဒဏ်ရာများရရှိခဲ့ပြီး နောက်တွင်လိုက်ပါသူ ကိုကျော်နိုင်ထွန်းမှာ ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝက်လက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

❊ *ကျောဖုံးမှ*

မေဂျာလိဂ်ကလပ်ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ချယ်လ်ဆီးအသင်းမှ ဘရာဇီးကစားသမား ဝီလီယံကလည်း ချယ်လ်ဆီးအသင်းကို သုံးနှစ်သက်တမ်းတိုးဖို့ တောင်းဆိုထားသော်လည်း နှစ်နှစ်သာ သက်တမ်းတိုးဖို့ ပြင်ဆင်နေသည့်အတွက် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းပယ်ကာ အသင်းမှ ထွက်ခွာဖို့ ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂျူရဒ်ကလည်း ရာသီကုန်တွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းမှ ထွက်ခွာဖွယ်ရှိနေခြင်းဖြစ်ပြီး အဆိုပါ ကစားသမားကို အင်တာမီလန်အပါအဝင် အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

**အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ကော်တင်ဟို ခေါ်ယူနိုင်ရေး ချယ်လ်ဆီးနှင့် ဘာစီလိုနာ ဆွေးနွေး**

ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာနှင့် ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ဟို ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၇ နှစ်အရွယ် လီဗာပူးကစားသမားဟောင်းသည် လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်း၌ အငှားကစားနေသူဖြစ်သည်။

ချယ်လ်ဆီးနည်းပြ ဖရန့်လမ်းပတ်က ၎င်း၏ ကွင်းလယ်အင်အားကို ဘရာဇီးကစားသမား ကော်တင်ဟိုဖြင့် ဖြည့်တင်းလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မန်ယူနှင့် နာပိုလီ ဂျိမ်းရိုဒရီဂွက်ဇ်ကို ခေါ်ယူလို**

မန်ယူနှင့် နာပိုလီအသင်းတို့သည် ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာ တိုက်စစ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ် (၂၈နှစ်) ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂျိမ်းရိုဒရီဂွက်ဇ်သည် ရီးရဲမက်ဒရစ်အသင်းတွင် ထင်သလောက် ခြေစွမ်းပြသနိုင်ခြင်း မရှိသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းတွင် နှစ်နှစ်အငှားချခံထားရသူ ဖြစ်သည်။ အဲဗာတန်အသင်းကလည်း ၎င်းကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

**ဝီလီယံကို ခေါ်ယူနိုင်မည့်အခွင့်အရေးတစ်ရပ်ကို ဘာစီလိုနာ ပယ်ချ**

ဘာစီလိုနာသည် ချယ်လ်ဆီးမှ ဘရာဇီးတိုက်စစ်ကစားသမား ဝီလီယံကို ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် အခွင့်အရေးကို ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကားရီးရပ်စ်၏ နေရာကို ဂျိုးဟတ်ဖြင့် အစားထိုးလိုနေ**

ဘတ်ရှီးတပ်စ်အသင်းသည် ဘန်လေအသင်းမှ အင်္ဂလန်ဂိုးသမားဟောင်း ဂျိုးဟတ် (၃၂နှစ်) ကို ခေါ်ယူပြီး လီဗာပူးအသင်းမှ အငှားကစားလျက်ရှိသော အသက် ၂၆ နှစ်အရွယ် ကားရီးရပ်စ်၏ နေရာကို အစားထိုးရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# တောင်ကိုရီးယား၌ ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူများတွင် ဗိုင်းရပ်စ် ထပ်မံတွေ့ရှိ



တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည်ဟု သံသယရှိသူများ ဆေးစစ်မှုခံယူရန် စောင့်ဆိုင်းနေကြသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။

**ဆိုးလ် မေ ၁၀**
တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် အပြည့်အဝပြန်လည်ကျန်းမာလာသည်ဟုဆိုကာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ပြီးစီးသွားသူ ၉၁ ဦးတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ပြန်လည်တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးအာဏာပိုင်များက မေ ၁၀ ရက်တွင် ပြောသည်။

ပြန်လည်ကျန်းမာလာပြီးနောက် အသွားအလာစောင့်ကြည့်ကန့်သတ်ရာမှ ပြန်လွှတ်ပေးလိုက်သည့် ၉၁ ဦးတွင် ဗိုင်းရပ်စ်ပြန်ရှိနေသည်ကို ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ဆေးဝါးကုသမှု စူးစမ်းလေ့လာရေးဌာနက တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ ကေစီဒီစီက ပြောသည်။

ကိုဗစ်-၁၉ ပြန်လည်တွေ့ရှိရသည့် လူများတွင် အသက်ရှူအင်္ဂါမှ ဗိုင်းရပ်စ်ဆဲလ်များကို စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ရလဒ်အဖြေသိရရန် နှစ်ပတ်ကြာမြင့်မည်ဟု ကေစီဒီစီမှ ညွှန်ကြားရေးမှူးချုပ် ဂျောင်အန်ကရောင်းက ပြောသည်။ အဆိုပါစစ်ဆေးမှုဖြင့် ဗိုင်းရပ်စ်ပြန်တွေ့သည်ဟု အဖြေထွက်နေသူများတွင် ရောဂါကာကွယ်သည့်ပဋိဇီဝပစ္စည်း ထွက်၊ မထွက်ကို အဆုံးအဖြတ်ပေးသွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယခုလူများတွင် ဗိုင်းရပ်စ်ပိုး ပြန်လည်ကူးစက်ခံရခြင်းထက် အချို့သောဆဲလ်များတွင် ကျန်ရှိနေသည့် ဗိုင်းရပ်စ်က ပြန်လည်ရှင်သန်လာခြင်းဖြစ်သည်ဟု KCDC က ယူဆနေသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ကူးစက်ခံရသူ ၂၇ ဦးရှိခဲ့ပြီး ကူးစက်ခံရသည့် စုစုပေါင်းအရေအတွက်မှာ ၁၀၄၅၀ အထိရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ရေနံလျှော့ချထုတ်လုပ်ရေး အိုပက် - ရုရှားတို့ သဘောတူ

**ဗီယင်နာ မေ ၁၀**
ရေနံတင်ပို့ရောင်းချသူ နိုင်ငံများအသင်း (အိုပက်)နှင့် မဟာမိတ်ရုရှားဦးဆောင်သည့် မဟာမိတ်များသည် ကိုဗစ်-၁၉ ကြောင့် ရေနံဈေးကွက် ကျဆင်းခြင်းကို ရပ်တန့်ရန် ရေနံထုတ်လုပ်မှု လျှော့ချရေးကို ဧပြီ ၉ ရက်က သဘောတူခဲ့ကြသည်။

မက္ကဆီကိုနိုင်ငံကမူ ရေနံလျှော့ချထုတ်လုပ်ရန် သဘောမတူဘဲ ယင်းသဘောတူညီမှုကို ထောက်ခံခြင်းမပြုခဲ့ပေ။ မက္ကဆီကိုနိုင်ငံမှ အပ အခြားသောအဖွဲ့ဝင်နိုင်ငံများသည် မေ ၁ရက်မှ စတင်ကာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၀ သန်း ထုတ်လုပ်မှု လျှော့ချရေးကို အရေးပေါ်အွန်လိုင်းအစည်းအဝေးခေါ်ယူကာ ဆုံးဖြတ်ခဲ့ကြသည်ဟု အိုပက်အဖွဲ့၏ ဝက်ဘ်ဆိုက်တွင် မေ ၁၀ ရက်က ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။




နယူးယောက်မြို့ စက်သုံးဆီဆိုင်တစ်ဆိုင်၌ ဖော်ပြထားသည့် ဈေးနှုန်းများကို တွေ့ရစဉ်။

လာမည့်ခြောက်လတာအတွင်း ရေနံစည်ပေါင်း တစ်နေ့လျှင် ရှစ်သန်း ထုတ်လုပ်မှုလျှော့ချရန် သဘောတူထားသည်။ ၂၀၂၀ ဇန်နဝါရီ ၁ ရက်မှ ၂၀၂၂ ဧပြီ ၃၀ အထိ ၁၆ လတာကာလအတွင်း တစ်နေ့လျှင် ရေနံစည်ပေါင်း ခြောက်သန်း ထုတ်လုပ်မှုလျှော့ချရန်လည်းသဘောတူထားသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ယင်းသတ်မှတ်ချက် တိုးချဲ့ခြင်း ရှိ မရှိကို ဆက်လက် သုံးသပ်သွားမည်ဟု ဖော်ပြထားသည်။

ကိုဗစ် -၁၉ သည် မမြင်ရသည့် သားရဲတိရစ္ဆာန် ဖြစ်ပြီး ၎င်း၏ လမ်းကြောင်းပေါ်ရှိအရာအားလုံးကို ထိခိုက်ခံစားရစေသည်ဟု အိုပက်အထွေထွေအတွင်းရေးမှူး မိုဟာမက်ဘာကင်ဒိုကပြောသည်။ ဝယ်လိုအားနှင့် ရောင်းလိုအားမှာ ကွာခြားလွန်းနေကြောင်း၊ ယခင်တုန်းက မကြုံဖူးသည်များကို ကြုံတွေ့နေရကြောင်း ဘာကင်ဒိုက ဆက်လက်ပြောကြားခဲ့သည်။

ယခုကြုံတွေ့နေရသည့် အခက်အခဲကို အတူတကွကျော်လွှားကာ ရေနံထုတ်လုပ်သူနိုင်ငံများ အနေဖြင့် လုပ်ငန်းကြီး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး အတူတကွပါဝင်ကြရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီတလီတွင် ဆရာဝန် ၁၀၀ ကျော် သေဆုံး

**ရောမ မေ ၁၀**
ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း အီတလီတွင် ဆရာဝန် ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု အီတလီနိုင်ငံရှိ ဆရာဝန်အဖွဲ့ချုပ်က ပြောသည်။

ဆရာဝန် ၁၀၅ ဦးသေဆုံးပြီးဖြစ်ကြောင်း ဆရာဝန်အဖွဲ့ချုပ်က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

လုံလောက်သည့် ကာကွယ်မှုများ မရှိဘဲ ဗိုင်းရပ်စ်ကို တိုက်ဖျက်နေရခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။



အီတလီနိုင်ငံ ဘာဂါမိုမြို့ရှိ ဆေးရုံတစ်ရုံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာအား ကုသပေးနေသည့် ဆရာဝန်များကို တွေ့ရစဉ်။

လူနာများ၏အသက်ကို ကယ်တင်ရန် ကြိုးစားရင်း သေဆုံးခဲ့ရသည့် ဆေးလုပ်သားများသည် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း အဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။ ဆေးလုပ်သားများ၏ လုံခြုံစိတ်ချရမှုကို အာမမခံနိုင်သည့် ကျန်းမာရေးစနစ်ကို ပြန်လည်သုံးသပ်ရမည်ဟုလည်း ထည့်သွင်းဖော်ပြထားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာများကိုကုသရင်း သေဆုံးသွားခဲ့သည့် သူနာပြုပေါင်း ၂၈ ဦးရှိသည်ဟု သူနာပြုအဖွဲ့ချုပ်က ပြောသည်။ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် ဆေးဝန်ထမ်းပေါင်း ၁၄၀၀၀ ရှိသည်။ မေ ၉ ရက်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀၂၇၉ ဦး အထိရှိသည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကုသရေးအတွက် ငှက်ဖျားဆေးနှင့် ကုသမှု အမေရိကန်တွင်စတင်

**ဝါရှင်တန် မေ ၁၀**
ကိုရိုနာဗိုင်းရပ်စ်လူနာများကို ကုသရာတွင် ငှက်ဖျားရောဂါ ကုသဆေးပေးကာ အကျိုးရလဒ်များကို စမ်းသပ်သည့် စမ်းသပ်မှုကို အမေရိကန်တွင် သုတေသီများက စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ခံထားရသူ အရွယ်ရောက်ပြီးသူ လူပေါင်း ၅၀၀ ကျော်ကို ဟိုက်ဒရိုစီကလိုရိုကွင်းဖြင့် စမ်းသပ်မှုစတင်နေပြီဖြစ်ကြောင်း မေ ၉ ရက်တွင် အမျိုးသားကျန်းမာရေးအင်စတီကျုက ပြောသည်။

အဆိုပါဆေးဝါးမှာ ငှက်ဖျား၊ အဆစ်အမျက်ကိုက်ရောဂါတို့ကို ကုသရန်အသုံးပြုသည့် ဆေးဝါးလည်းဖြစ်သည်။ ဆေးဝါးစမ်းသပ်ပေးထားသည့် လူနာများအား အကျိုးသက်ရောက်မှုများကို အမျိုးသားကျန်းမာရေးအင်စတီကျုက အကဲဖြတ်သွားမည်ဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါဆေးဝါးကို ကိုဗစ်-၁၉ နှိမ်နင်းရာတွင် အသုံးပြုသည့် လက်နက်အဖြစ် မျှော်လင့်ထားသည်။ ဘေးထွက်ဆိုးကျိုးအဖြစ် အမြင်အာရုံထိခိုက်မှုများ၊ နှလုံးရောဂါဆိုင်ရာပြဿနာများလည်း ပေါ်ပေါက်လာနိုင်သည်။ အမေရိကန် ဆေးဝါးနှင့် အစားအသောက်ကွပ်ကဲရေးဦးစီးဌာနကလည်း အဆိုပါငှက်ဖျားဆေးကို အရေးပေါ်ဆေးဝါးသုံးစွဲခွင့်အဖြစ် ခွင့်ပြုထားသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယား၌ ပြည်နယ်တွင်း ခရီးသွားလာမှုဆိုင်ရာ တားမြစ်မှုကို ဖယ်ရှားပေး

**ဖနောင်ပင် မေ ၁၀**
ကမ္ဘောဒီးယားအစိုးရသည် ပြည်နယ်တစ်ခုအတွင်းရှိ ခရိုင်များအကြား ခရီးသွားလာမှု ပိတ်ပင်ထားမှုကို မေ ၁၀ ရက်တွင် ပယ်ဖျက်လိုက်ကြောင်း သိရသည်။ ယင်းဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က လက်မှတ်ရေးထိုးထားကြောင်း သိရသည်။ မြို့တော်ဖနောင်ပင်နှင့် တောင်ပိုင်းကန်ဒယ်ပြည်နယ်တို့ကြား ခရီးသွားလာခွင့်ပိတ်ထားမှုများကို ဖယ်ရှားပေးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော်ဖနောင်ပင်နှင့် အခြားသော ပြည်နယ်များကြား ခရီးသွားလာမှုပိတ်ပင်ခြင်းကိုမူ မေ ၁၀ ရက်မှ ၁၆ ရက်အထိ သတ်မှတ်ထားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရမှုကို လျှော့ချနိုင်ရေး ရိုးရာနှစ်သစ်ကူးကာလအတွင်း တိုင်းပြည်အတွင်း ခရီးသွားလာမှုများကို တစ်ပတ်ကြာ ပိတ်ပင်ထားသည်ဟု အစိုးရကကြေညာပြီး နောက်တစ်ရက်အကြာတွင် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

# လာအိုတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ မတွေ့သေး

**ဗီယင်ကျန်း မေ ၁၀**
လာအိုနိုင်ငံတွင် နောက်ထပ်သံသယလူနာပေါင်း ၁၃၂ ဦးစစ်ဆေးမှုပြုလုပ်ခဲ့ရာ ၎င်းတို့ အားလုံးတွင် ကိုဗစ်-၁၉ မတွေ့ရှိရသည့်အတွက် ကူးစက်ခံရသူအရေအတွက် ၁၉ ဦးတွင် ရပ်တန့်နေသည်။ လာအိုတွင် နောက်ထပ်ကူးစက်ခံရသူမတွေ့ရသေးကြောင်း မေ ၁၀ ရက်တွင် လာအိုဒုတိယကျန်းမာရေးဝန်ကြီး ပေ့ါသွန်မြောင်ပတ်က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပြောကြားခဲ့သည်။ မေ ၁၀ ရက်အထိ လာအိုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၉ ဦးရှိပြီး သံသယလူနာပေါင်း ၁၀၃၅ ဦးကို စစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး မျှော်လင့်ချက်ရောင်ခြည်သန်းလျက်ရှိသော်လည်း ကမ္ဘာတစ်လွှား ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှု တစ်သိန်းနီးပါးရောက်ရှိ

**ဝါရှင်တန် ဧပြီ ၁၀**

ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး မျှော်လင့်ချက်ရောင်ခြည်သန်းလျက်ရှိသော်လည်း ကမ္ဘာတစ်လွှား ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုသည် ၉၉၅၅၆ ရှိလာပြီဖြစ်သလို အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၁၀ ရက်က ဖော်ပြလိုက်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း ကမ္ဘာကြီးအနေဖြင့် စီးပွားပျက်ကပ် ဖြစ်ပေါ်နိုင်ကြောင်းနှင့် အမေရိကန် ၁၇ သန်းခန့် အလုပ်ဆုံးရှုံးခဲ့ကြောင်း၊ သို့သော်လည်း ဥရောပသမဂ္ဂ၏ဘဏ္ဍာငွေကယ်ဆယ်ရေးအစီအစဉ်က အဆိုးထဲမှ အကောင်း ဟုဆိုရမလိုဖြစ်နေကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

နောက်ထပ် အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ၂၄ နာရီက ထပ်မံသေဆုံးသူ ၁၇၀၀ ရှိခဲ့ကြောင်းနှင့် ဥရောပတစ်လွှားတွင်လည်း သေဆုံးသူ ရာကျော်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် တစ်သိန်းနီးပါး ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် အသက်သေဆုံးမှု ထက်ဝက်နီးပါးသည် လွန်ခဲ့သော ရက်သတ္တတစ်ပတ်ကျော်ကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ကိုဗစ်-၁၉ အဆိုးရွားဆုံး ခံစားခဲ့ရသည့် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ အာဏာပိုင်များက နေ့စဉ် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းနှင့် ကူးစက်ခံရမှုနှုန်း ကျဆင်းလာခြင်းက အခြေအနေဆိုးများမှ တစ်ဖန်ပြန်လည်ကောင်းမွန်လာသည်ကို ပြသလျက်ရှိသည်ဟု ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



ပါရီမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်နေသော လူနာတစ်ဦးကိုတွေ့ရစဉ်။

## ယီမင်တွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာတွေ့ရှိ

**ဆာနား ဧပြီ ၁၀**

အစိုးရထိန်းချုပ်ရာ စစ်ပွဲဒဏ်ခံ ယီမင်နိုင်ငံတောင်ပိုင်းတွင် ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာ တစ်ဦး တွေ့ရှိပြီဖြစ်ကြောင်း၊ ရောဂါပိုးပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် အရင်းအမြစ်နည်းပါးသော နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၁၀ ရက်က ဖော်ပြလိုက်သည်။

ဆော်ဒီထောက်ပံ့ခံ အစိုးရဦးဆောင်သည့် နှစ်ပတ်ကြာ အပစ်ရပ်စဲရေးကြေညာပြီး နှစ်ရက်ကြာတွင် ယခုလို ကိုဗစ်-၁၉ ပထမဆုံး အတည်ပြုလူနာ တွေ့ရှိသည်ဟူသည့် သတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဟာဒရာမွန့်ပြည်နယ်တွင် ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိကြောင်း ယီမင် ကိုဗစ်-၁၉ အမျိုးသားအဆင့် အရေးပေါ် ကော်မတီက တွစ်တာတွင် ဖော်ပြလိုက်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအသိအမှတ်ပြု သမ္မတ မန်ဆောဟာဒီ ဖွဲ့စည်းထားသော ယင်းကော်မတီက ကိုဗစ်-၁၉ ကူးစက်ခံထားရသော လူနာ၏ကျန်းမာရေးအခြေအနေသည် တည်ငြိမ်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

ဆေးဘက်ဆိုင်ရာ အဖွဲ့များနှင့် သက်ဆိုင်ရာ အာဏာပိုင်များသည် လိုအပ်သော ကြိုတင်ဆောင်ရွက်မှုမှန်သမျှကို အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ထပ် သတင်းအသေးစိတ်ကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ စစ်ပွဲဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီး ဆော်ဒီဦးဆောင်စစ်ဘက်ဆိုင်ရာ ကျူးကျော်မှုများကြောင့် ယီမင်သည် ကုလသမဂ္ဂက ပြောကြားနေသော ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းဆိုင်ရာ ပဋိပက္ခကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ယီမင်စေတနာရှင် အဖွဲ့ဝင်တစ်ဦးက ကာကွယ်ဆေးများဖျန်းနေစဉ်။

## တိုကျိုတွင် စီးပွားရေးလုပ်ငန်း အမျိုးအစားခြောက်ခုကို ပိတ်သိမ်းရန် ကြေညာချက်ထုတ်

**တိုကျို ဧပြီ ၁၀**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် တိုကျိုမြို့တွင် စီးပွားရေးလုပ်ငန်းအမျိုးအမည်ခြောက်ခုကို ပိတ်သိမ်းရန် အစိုးရက ကြေညာချက်ထုတ်ပြန်လိုက်သည်။

ယင်းပိတ်သိမ်းလိုက်သော စီးပွားရေးအမျိုးအမည်ခြောက်ခုတွင် ဖျော်ဖြေမှုကဏ္ဍ၊ တက္ကသိုလ်နှင့်ကျောင်းများ၊ အားကစားနှင့်အပန်းဖြေအနားယူမှုဆိုင်ရာကဏ္ဍ၊ ပြဇာတ်ရုံများ၊ ပြပွဲများနှင့် တခြားပွဲစဉ်များ၊ စီးပွားရေးဆိုင်ရာကဏ္ဍများ ပါဝင်ကြောင်း မြို့တော်ဝန် ကိုအိကဲယူရီကိုက ပြောကြားလိုက်သည်။

ကိုအိကဲက တိုကျိုအရာရှိများအနေဖြင့် စားသောက်ဆိုင်များ၊ ဂျပန်ပုံစံအရက်ဆိုင်များကို နံနက် ၅ နာရီမှ ည ၈ နာရီအထိသာ ရောင်းချခွင့်ပြုရန်နှင့် ည ၇ နာရီရောက်လျှင် အရက်ပါမရောင်းရန် တိုက်တွန်းပြောကြားရမည်ဖြစ်ကြောင်း မှာကြားထားသည်။

ယခုလို စီးပွားရေးလုပ်ငန်းကဏ္ဍခြောက်ခု ပိတ်သိမ်းရန်တောင်းဆိုမှုသည် ဧပြီ ၁၀ ရက်တွင်စတင်အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။ တောင်းဆိုမှုကို လိုက်ပါလုပ်ဆောင်သောလုပ်ငန်းငယ်များနှင့် အလယ်အလတ်ရှိသော စီးပွားရေးလုပ်ငန်းအမျိုးအစားများသည် ထောက်ပံ့ကြေးငွေအဖြစ် ယန်း ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၆၀၀) ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ကိုအိကဲက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ခြိမ်းခြောက်ခံနေရစဉ် တရုတ်နိုင်ငံက ၎င်း၏နိုင်ငံခြားကုန်သွယ်ရေးကုမ္ပဏီများကို ဆက်လက်ထောက်ပံ့သွားမည်

**ပေကျင်း ဧပြီ ၁၀**

ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးကို ထိခိုက်လာချိန်တွင် တရုတ်နိုင်ငံသည် ၎င်း၏နိုင်ငံခြားကုန်သွယ်ရေးကုမ္ပဏီများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ခြေများကိုလည်း နည်းပါးသွားအောင်ကူညီသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ သွင်းကုန်နှင့်ထုတ်ကုန်များသည် မတ်လတွင် တိုးတက်လာခဲ့သည်။ ထို့အတူ နိုင်ငံခြားကုန်သွယ်ရေးကုမ္ပဏီများ၏ အလုပ်အကိုင်နှင့် ထုတ်လုပ်မှုများသည်လည်း အစီအစဉ်တကျဖြင့် ပြန်လည်ကောင်းမွန်လာကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကိုဖန်က အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ထို့အပြင် သွင်းကုန် ထုတ်ကုန်ကဏ္ဍတွင် အဓိကကုမ္ပဏီ ၇၆ ရာခိုင်နှုန်း၏ ထုတ်လုပ်နိုင်စွမ်းအားသည် ယခုအချိန်တွင် ၇၀ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများရှိနေသောကြောင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ အထူးသဖြင့် ချည်ထည်လုပ်ငန်းများ၌ အမှာစာပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းများရှိကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စက်မှုလုပ်ငန်းများ နှောင့်ယှက်ခံရခြင်းနှင့် ကုန်စည်စီးဆင်းမှုနှောင့်ယှက်ခံရခြင်းတို့ကြောင့် နိုင်ငံခြားကုမ္ပဏီများ ရင်ဆိုင်နေရသော ထုတ်ကုန်ပစ္စည်းများပြတ်လပ်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရများ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် တခြားသင့်လျော်ရာနိုင်ငံများနှင့် ညှိနှိုင်းပြီး လွှမ်းခြုံစီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ထို့အတူ နိုင်ငံခြားကုန်သွယ်ရေးကုမ္ပဏီများကို စီးပွားရေးအခွင့်အလမ်းသစ်များရှာဖွေရာနှင့် တီထွင်မှုများကို တိုးတက်ဆန်းသစ်ရာတွင် ကြုံတွေ့နိုင်သော ဘေးအန္တရာယ်များမှ ရှောင်လွှဲနိုင်ရန် အကောက်ခွန်ကင်းရှင်းရေးနှင့် ကုန်ကြမ်းပစ္စည်းများကို ခန့်မှန်းတွက်ချက်နိုင်ရေးတို့ကိုလည်း ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကမ္ဘာ့ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂိုက ပြောကြားလိုက်သည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံ ဟီပေပြည်နယ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်နေသူများကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

### ကိုဗစ်-၁၉ ကြောင့် အထိနာနေသည့် လေကြောင်းလိုင်းများကိုကူညီမည်ဟု ထရမ့် ပြောကြား

**ဝါရှင်တန် မေ ၁၀**

ကိုဗစ်-၁၉ ကြောင့် အထိနာနေသည့် လေကြောင်းလိုင်းများကို ထရမ့်အစိုးရအဖွဲ့က မကြာမီအချိန်အတွင်း ကူညီမှုများပြုလုပ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်းမှာ အထွတ်အထိပ်သို့ ရောက်နေပြီဖြစ်ကြောင်း မေ ၉ ရက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထရမ့်က ပြောကြားခဲ့သည်။ ၎င်း၏အစိုးရအဖွဲ့သည် လေကြောင်းလိုင်းများကို အကူအညီပေးမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို သီတင်းပတ်အကုန်တွင် မျှဝေပေးမည်ဟု ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်မှုများကြောင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လေကြောင်းလိုင်းများ ပြေးဆွဲမှုရပ်နားထားရသည့်အတွက် လေကြောင်းလိုင်းများအနေဖြင့် ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်နေရသည်။ လေကြောင်းလိုင်းမှ ဝန်ထမ်းများသည်လည်း အလုပ်မှ ရပ်နားထားရသည်။ လွန်ခဲ့သည့်လအတွင်းက လွှတ်တော်မှ အတည်ပြုပေးလိုက်သည့် ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ရေးနှင့် သက်သာချောင်ချိရေး ဥပဒေမူကြမ်းတွင် လေကြောင်းလိုင်းများအတွက် ချေးငွေထုတ်ချေးပေးရန်လည်း ပါဝင်သည်။ **အင်န်အိတ်ချ်ကေ**

### ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၀ ထပ်မံတွေ့ရှိ

**ဗန်ကောက် မေ ၁၀**

ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၀ ကို မေ ၁၀ ရက်က ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၄၇၃ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

ကိုဗစ် -၁၉ကြောင့် နောက်ထပ်သေဆုံးရသူမှာ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူ သဝီဆင်ဗုစ်ဆန်နူယိုသင်က ပြောသည်။

ယခုအခါ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၃ ဦးအထိ ရှိနေပြီဖြစ်သည်။ နောက်ထပ် ကူးစက်ခံရသူများအနက် ၁၉ ဦးမှာ ဗန်ကောက်မြို့မှဖြစ်ပြီး ယာလာမှ ခုနစ်ဦး၊ ဖူးခက်မှ ငါးဦးတို့ ကူးစက်ခံထားရသည်။

နိုင်ငံအနှံ့ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရန် အမိန့်ထုတ်ထားခြင်းကြောင့် ကိုဗစ်-၁၉ ကူးစက်ခံရမှုနှုန်းကို သိသိသာသာ လျော့ကျသွားစေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အချိန်မရွေးပေါက်ကွဲနိုင်တဲ့ ဗုံးတစ်လုံး သို့မဟုတ် စင်ကာပူက ရွှေ့ပြောင်းလုပ်သားထု

*ကလျာမိုးမြင့်*

**နိုဗယ်ကိုရိုနာဗိုင်းရပ်စ် သို့မဟုတ် ကိုဗစ်-၁၉ လို့ နာမည်မတပ်ရသေးခင်ကတည်းက စင်ကာပူနိုင်ငံဟာ ဗိုင်းရပ်စ်ပျံ့နှံ့မှုအခြေအနေကို ထိန်းချုပ်နိုင်ဖို့ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်တွေကို တင်းတင်းကျပ်ကျပ်ချမှတ်ခဲ့ပြီး ရောဂါကူးစက်မှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုတွေနဲ့ နောက်ကြောင်းရာဇဝင်စုံစမ်းစစ်ဆေးမှုတွေကို တောက်လျှောက်လုပ်ဆောင်လာခဲ့တာပါ။**

## ကူးစက်မှုမြင့်တက်

ဒါပေမယ့် မကြာသေးခင်ရက်ပိုင်းအတွင်းမှာပဲ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားတဲ့အရေအတွက်ဟာ ဒုံးကျည်တစ်စင်း ပစ်ခွင်းလိုက်သလို အဟုန်မျိုးနဲ့ မြန်မြန်ဆန်ဆန် တိုးတက်လာခဲ့တာကို တွေ့မြင်လာရပါတယ်။ ဧပြီ ၉ ရက်မှာ စင်ကာပူရဲ့ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းဟာ အမြင့်ဆုံးနေ့တစ်နေ့ဖြစ်ခဲ့ပြီး အဲဒီနေ့မတိုင်မီ တစ်ရက်အလိုမှာ ရောဂါထပ်မံကူးစက်ခံရသူ ၁၄၂ ဦးရှိခဲ့ရာကနေ နောက်တစ်ရက်မှာ ထပ်မံကူးစက်ခံရသူဟာ ၂၈၇ ဦးအထိ ရှိပါတယ်။

များသောအားဖြင့် ရောဂါကူးစက်မှုတွေဟာ လူနေထူထပ်များပြားတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို ထားရှိရာအဆောက်အအုံတွေဆီကနေလာတယ်လို့ သိရပါတယ်။ စင်ကာပူဟာ အခုဆိုရင် နိုင်ငံရဲ့ တချို့တစ်ဝက်ကို အဝင်အထွက်ပိတ်ဆို့မှု လုပ်ထားရပြီး စာသင်ကျောင်းတွေနဲ့ အဓိကမကျတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပိတ်သိမ်းထားရတဲ့အပြင် ပြည်သူတွေလည်း အိမ်ထဲက အိမ်ပြင်မထွက်ဖို့ အစိုးရက ညွှန်ကြားချက်ထုတ်ထားတဲ့ အချိန်ကာလပါ။



စင်ကာပူရှိ ရွှေ့ပြောင်းလုပ်သားများကို ၎င်းတို့နေထိုင်ရာအဆောက်များတွင် တွေ့ရစဉ်။

## သင်ခန်းစာယူစရာ

မှန်တယ်ဆိုတဲ့အရာမှန်သမျှကို လုပ်ပိုင်ခွင့်ရှိတဲ့ နိုင်ငံတစ်ခုလို့ထင်ရတဲ့ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတွေထဲက တစ်ခုဖြစ်တဲ့ စင်ကာပူမှာ ဆင်းရဲတဲ့နိုင်ငံတွေအတွက် အရေးကြီးတဲ့ သင်ခန်းစာယူစရာတွေရှိနေတယ်။ ပြီးတော့ အဲဒီသင်ခန်းစာကို လက်တွေ့အသုံးချဖို့လည်း အချိန်မီသေးတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ကြပါတယ်။

စင်ကာပူမှာ ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ခံရသူတစ်ဦးကို စောစီးစွာ တွေ့ရှိခဲ့ပါတယ်။ အဲဒီလူက ဇန်နဝါရီ ၂၃ ရက်မှာ ဝူဟန်မြို့ကနေရောက်လာတဲ့ တရုတ်ခရီးသွားတစ်ဦးဖြစ်ပါတယ်။ အဲဒီနေ့ဟာ ဗိုင်းရပ်စ်စတင်ပေါက်ဖွားရာ ဗဟိုချက်မဖြစ်တဲ့ ဝူဟန်မြို့ကို အဝင်အထွက် ပိတ်ဆို့မှုပြုလုပ်လိုက်တဲ့နေ့ပါပဲ။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်လို့ တရားဝင် အမည်တပ်လိုက်တဲ့အချိန်မှာပဲ ဗိုင်းရပ်စ်ဟာ စင်ကာပူမှာရှိတဲ့ များပြားလှစွာသော ပြည်သူလူထုကြား အရှိန်အဟုန်ကောင်းကောင်းနဲ့ကူးစက်ပျံ့နှံ့လို့ နေခဲ့ပါပြီ။ ဒါပေမယ့် ကောင်းစွာလေ့ကျင့်ထားတဲ့ တုံ့ပြန်ဆောင်ရွက်မှုတွေကို လက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။

## ကန့်သတ်စောင့်ကြည့်

လေဆိပ်မှာ ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့တဲ့အပြင် ဗိုင်းရပ်စ်သံသယရှိလူနာတိုင်းကို တိကျသေချာတဲ့ စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရောဂါပိုးရှိသူနဲ့ အနီးကပ် ဆက်ဆံမှုရှိခဲ့သူတိုင်းကို နောက်ကြောင်း လိုက်ခဲ့ပြီး အဲဒီသံသယရှိသူတွေ အခြေအနေကောင်းသွားပြီဆိုတဲ့ အချိန်အထိ ၎င်းတို့ရဲ့နေအိမ်မှာ ကန့်သတ်စောင့်ကြည့်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

## အစိုးရရဲ့ကောင်းမွန်တဲ့ ချဉ်းကပ်မှု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရိစ် အက်ဒဟာနွန် ဂီဘရီရက်ဆပ်စ်က စင်ကာပူရဲ့လုပ်ဆောင်ချက်တွေဟာ ဗိုင်းရပ်စ်ကို ထိန်းချုပ်ရာမှာ အစိုးရရဲ့ ကောင်းမွန်တဲ့ ချဉ်းကပ်ဆောင်ရွက်မှု သာဓကတစ်ခုပဲလို့ အသိအမှတ်ပြု စကားဆိုခဲ့ပါတယ်။ ရက်သတ္တပတ်ပေါင်းများစွာကြာတဲ့အထိ စင်ကာပူဟာ ရောဂါကူးစက်ခံရသူ အရေအတွက်ကို နည်းနိုင်သမျှနည်းအောင်နဲ့ မျက်ခြည်မပြတ်သိရှိနိုင်အောင် ထိန်းထားနိုင်ဖို့ စီမံဆောင်ရွက်ခဲ့ပါတယ်။

စင်ကာပူရဲ့ စီမံဆောင်ရွက်မှုစနစ်ဟာ မတ်လလယ်မရောက်ခင်အချိန်အထိ အလုပ်ဖြစ်ခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဖြစ်နေတဲ့ အခြေအနေတွေ ကွက်ကွက်ကွင်းကွင်း ဖြစ်လာချိန်မှာ နိုင်ငံတွေ အများအပြားဟာ ပြည်သူတွေကို အိမ်ထဲမှာပဲနေကြဖို့ စပြီး တိုက်တွန်းနေကြပြီဖြစ်ပါတယ်။ ရောဂါကူးစက်ဖြစ်ပွားမှု အရိပ်အယောင်မပြသေးတဲ့ နိုင်ငံတွေကနေ ထောင်နဲ့ချီတဲ့ပြည်သူတွေ စင်ကာပူဆီပြန်လာကြပြီး ဒီလူတွေထဲမှာ လူအယောက်ငါးရာလောက်ဟာ ဗိုင်းရပ်စ်ကို ၎င်းတို့နဲ့တစ်ပါတည်း သယ်ဆောင်ပြီး အိမ်ပြန်ရောက်လာခဲ့ကြပါတယ်။

## ပြည်ပကဝင်လာသူတွေဆီကဖြစ်

ပြန်ရောက်လာကြသူတွေကို နေအိမ်မှာ ရက်သတ္တနှစ်ပတ်ကြာအောင် စောင့်ကြည့်ဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော်လည်းပဲ အိမ်ထောင်စုအတွင်းမှာရှိတဲ့ တခြားသူတွေက ၎င်းတို့ရဲ့ဝမ်းရေးအတွက် အလုပ်ဆက်လုပ်ရမယ်ဆိုပြီး ပြောလာကြတယ်။ ဒီအချိန်မှာ ဘယ်သူမှ ရောဂါလက္ခဏာ မပြသေးဘူးလို့ စင်ကာပူရှိ ပြည်သူ့ကျန်းမာရေးကျောင်းတစ်ကျောင်းမှ ပရော်ဖက်ဆာ ရစ်ရင်တီယိုက ပြောပါတယ်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရတဲ့သူအရေအတွက်ဟာ မတ်လအလယ်လောက်ကစပြီး မြင့်တက်လာခဲ့ပါတယ်။ ကူးစက်ဖြစ်ပွားမှုအများစုဟာ ပြည်ပကနေ ဝင်လာတဲ့သူတွေ ဒါမှမဟုတ် အဲဒီလူတွေနဲ့ ဆက်စပ်နေတဲ့သူတွေဆီကပဲ အဖြစ်များတယ်။ ပြည်တွင်းမှာ ဖြစ်ပွားတဲ့ ကူးစက်မှုတွေအားလုံးကို အလွယ်တကူ နောက်ကြောင်းလိုက်ဖို့က အဆင်မပြေဘူးလို့ ၎င်းက ဆိုပါတယ်။

## အိမ်ပြင်မထွက်ရ

အချိန်လွန်ပြီးမှ သိရတဲ့ အသိတစ်ခုနဲ့ နေရပ်ပြန်လာတဲ့သူတွေကို ကန့်သတ်ပိတ်ပင်မှု မလုပ်တာကို မှားတယ်လို့ပြောဖို့ကလွယ်ပါတယ်။ ဒါပေမယ့် အခုလက်ရှိမှာ ပြီးခဲ့တဲ့မတ်လ တုန်းကနဲ့စာရင် ရောဂါနဲ့ပတ်သက်တာတွေကို ပိုပြီး သိရှိနားလည်လာကြပြီ။ စင်ကာပူမှာ ရောဂါ ကူးစက်ခံရသူတွေအားလုံးရဲ့ အသေးစိတ် မှတ်တမ်းတွေလိုဟာမျိုးကို တိတိကျကျ သိမ်းဆည်းထားတဲ့အတွက် ပြည်တွင်းမှာ ကူးစက်ပျံ့နှံ့မှုကနေ သင်ခန်းစာယူနိုင်တယ်။ ရောဂါကူးစက်မှု ဘယ်ကနေလာတယ်ဆိုတာကို နားလည်သဘောပေါက်ခြင်းအားဖြင့် ဘယ်လို စီမံဆောင်ရွက်ရမယ်ဆိုတဲ့ နည်းလမ်းတွေ ထွက်ပေါ်လာတယ်လို့ ပရော်ဖက်ဆာတီယိုက ပြောပြခဲ့ပါတယ်။

## အမိန့်ထုတ်ပြန်

ပြီးခဲ့တဲ့ ဧပြီ ၇ ရက် ညနေမှာ နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းကို အဝင်အထွက်ပိတ်ဆို့မှု ချမှတ်လိုက်တဲ့ အမိန့်တစ်ရပ်ကို စင်ကာပူက အတည်ပြုလိုက်ပါတယ်။ ဥပဒေအရ နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူတိုင်းဟာ မဖြစ်မနေ လှုပ်ရှားသွားလာဖို့ လိုအပ်တဲ့ အခြေအနေကလွဲပြီး နေအိမ်ကနေအပြင် လုံးဝမထွက်ဖို့ တားမြစ်လိုက်တာ ဖြစ်ပါတယ်။ တားမြစ်ချက်ကို ချိုးဖောက်တဲ့သူဟာ ဒဏ်ငွေ စင်ကာပူဒေါ်လာ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၀၀) ပေးဆောင်ရမယ်။ ဒါမှမဟုတ် ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်ကျခံရမှာ ဖြစ်ပါတယ်။

## ခပ်ခွာခွာနေဖို့ခက်ခဲ

အစိုးရရဲ့ အမိန့်ထုတ်ပြန်ချက်က ထိုက်သင့်သလောက် အကျိုးသက်ရောက်မှုရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ စင်ကာပူက ရွှေ့ပြောင်းလုပ်သားတွေ အထူးသဖြင့် ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံတွေကနေ လာရောက်ပြီး သင်္ဘောနဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ ရာထောင်ချီတဲ့ အလုပ်သမားတွေအကြား လူဦးရေထူထပ်မှုနဲ့ ပွတ်သိပ်ကျပ်ညပ်စွာ နေထိုင်ကြရမှုအခြေအနေတွေကြောင့် ကိုဗစ်-၁၉ ကူးစက်မှု အဆမတန်မြင့်တက်လာနိုင်တဲ့ အခြေအနေဟာ ကြက်သီးထဖွယ်ကောင်းလောက်အောင် ဖြစ်လာခဲ့ပါတယ်။

စင်ကာပူအနေနဲ့ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နေဖို့က ဒီလုပ်သားတွေအပေါ်မှာလည်း အတန်အသင့် မှီခိုအားထားနေရတာဖြစ်သလို နေရာထိုင်ခင်းအဆင်မပြေလှတဲ့ ဒီလူတွေအကြားမှာ social diatancing လို့ခေါ်တဲ့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေဖို့က လုံးဝမဖြစ်နိုင်ပါဘူး။ ရွှေ့ပြောင်းလုပ်သားတွေနေတဲ့ အဆောင်တွေမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ၅၀၀ နီးပါးရှိလာတယ်လို့ သိရပြီးနောက်လာမယ့် ရက်သတ္တပတ်တွေမှာ ကူးစက်ခံရသူအရေအတွက် မတန်တဆ ပွားများလာမှာကို စိုးထိတ်နေရပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ၊ ဂျကာတာပို့စ်

**"စင်ကာပူမှာ ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ခံရတဲ့သူတစ်ဦးကို စောစီးစွာတွေ့ရှိခဲ့ပါတယ်။ အဲဒီလူက ဇန်နဝါရီ ၂၃ ရက်မှာ ဝူဟန်မြို့ကနေရောက်လာတဲ့ တရုတ်ခရီးသွားတစ်ဦးဖြစ်ပါတယ်။ အဲဒီနေ့ဟာ ဗိုင်းရပ်စ်စတင်ပေါက်ဖွားရာ ဗဟိုချက်မဖြစ်တဲ့ ဝူဟန်မြို့ကို အဝင်အထွက်ပိတ်ဆို့မှု ပြုလုပ်လိုက်တဲ့နေ့ပါပဲ။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်လို့ တရားဝင်အမည်တပ်လိုက်တဲ့အချိန်မှာပဲ ဗိုင်းရပ်စ်ဟာ စင်ကာပူမှာရှိတဲ့ များပြားလှစွာသော ပြည်သူလူထုကြား အရှိန်အဟုန်ကောင်းကောင်းနဲ့ ကူးစက်ပျံ့နှံ့လို့နေခဲ့ပါပြီ"**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**၁၀ – ၄ – ၂၀၂၀ နံနက် ၃ နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ (၉-၄-၂၀၂၀)ရက်နေ့ ညပိုင်းတွင် စောင့်ကြည့်လူနာများနှင့် ဆေးရုံများနှင့် သက်ဆိုင်ရာနေရာများတွင် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု ခံနေသူ စုစုပေါင်း(၄၆) ဦး၏ ဓာတ်ခွဲနမူနာများအား(ဒုတိယအသုတ် အနေဖြင့်) စစ်ဆေးခဲ့ရာ(ဇယား-၁)၌ ဖော်ပြထားရှိသော လူနာ(၄)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန်လူနာ များနှင့် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံနေသူ (၃၉)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။ ကျန်ရှိသည့် ဓာတ်ခွဲနမူနာ (၃)ခုအား ဆက်လက်စမ်းသပ် စစ်ဆေးသွားမည် ဖြစ်ပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ (Case-024)သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်သော အသက်(၃၂)နှစ်အရွယ် အမျိုးသား (၁)ဦးဖြစ်ပြီး ၎င်းသည် စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ ဖြစ်ပါသည်။ (၁၉-၃-၂၀၂၀)ရက်နေ့တွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၁-၄-၂၀၂၀)ရက်နေ့မှစ၍ ဖျားခြင်း၊ မောပန်းခြင်း၊ ခံစားခဲ့ရကာ (၆-၄-၂၀၂၀)ရက်နေ့တွင် လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းများ ဆက်လက်ဖြစ်ပွားခဲ့သဖြင့် (၈-၄-၂၀၂၀)ရက်နေ့၊ နေ့လယ်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ ဒေသန္တရ ကျန်းမာရေးဌာနသို့ သွားရောက်ပြသခဲ့ပြီး ထိုမှတစ်ဆင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကာ သီးခြားထားရှိကုသမှု ဆောင်ရွက်ခဲ့ပြီး လူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာ (Case-025) သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် နေထိုင်သော အသက် (၅၅)နှစ်အရွယ် အမျိုးသား (၁)ဦးဖြစ်ပြီး ၎င်းမှာ ပြည်ပနိုင်ငံများသို့ လွန်ခဲ့သော (၁၄)ရက်အတွင်း ခရီးသွားရာဇဝင်မရှိသော်လည်း (၂-၄-၂၀၂၀)ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း ခံစားခဲ့ရသဖြင့် (၉-၄-၂၀၂၀)ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိပြီး ကုသမှုပေးခဲ့ကာ လူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါလူနာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိကြောင်း သိရှိရပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာ(Case-026)သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် နေထိုင်သော အသက် (၅၆)နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး ပြည်ပနိုင်ငံများသို့ လွန်ခဲ့သော (၁၄)ရက်အတွင်း ခရီးသွားရာဇဝင်မရှိသော်လည်း (၁-၄-၂၀၂၀)ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်း ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် (၈-၄-၂၀၂၀) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိပြီး ကုသမှုပေးခဲ့ပြီး ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါလူနာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိကြောင်း သိရှိရပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာ(Case-027)သည် မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်တွင် နေထိုင်သော အသက် (၂၄)နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး ထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရှာဖွေရန် တစ်လခန့် သွားရောက်နေထိုင်ခဲ့စဉ် ဗိုက်အောင့်ဝေဒနာခံစားခဲ့ရသဖြင့် ထိုင်းနိုင်ငံ၌ (၁)လခန့်ကြာ ဆေးရုံ တက်ရောက်ကုသခဲ့ပါသည်။ (၂၀-၃-၂၀၂၀)ရက်နေ့တွင် မြဝတီမြို့မှ တစ်ဆင့် ၎င်းနေထိုင်ရာ ကျိုက်မရောမြို့နယ်ရှိ ကျေးရွာသို့ ပြန်လည် ရောက်ရှိခဲ့ကာ နေအိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု မှုခံနေရာမှ (၂၉-၃-၂၀၂၀)ရက်နေ့တွင် သတ်မှတ်နေရာသို့ ပို့ဆောင်၍ အသွားအလာကန့်သတ်ခြင်း/ တားမြစ်ခြင်း (Facility Quarantine)အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ထားရှိစဉ် ဗိုက်အောင့် ဝေဒနာ ထပ်မံခံစားခဲ့ရသဖြင့် (၃၀-၃-၂၀၂၀)ရက်နေ့တွင် ပြည်သူ့ဆေးရုံ၊ ကျိုက်မရောမြို့သို့ ပို့ဆောင်ကာ အသွားအလာကန့်သတ်၍ စောင့်ကြပ် ကြည့်ရှုကုသမှု (Hospital Quarantine) ဆောင်ရွက်ခဲ့ပြီး (၈-၄-၂၀၂၀) ရက်နေ့တွင် အဆိုပါ လူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၀-၄-၂၀၂၀)ရက်နေ့၊ နံနက် (၃:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၇)ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၂)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် လူနာ(၁၅)ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုး ပြည်သူ့ဆေးရုံကြီးတွင်(၁)ဦး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် (၁)ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် (၂)ဦးနှင့် ပြည်သူ့ဆေးရုံ၊ ကျိုက်မရော မြို့တွင် (၁)ဦး၊ စုစုပေါင်း(၂၂)ဦးတို့ ဖြစ်ပြီး မြောက်ဥက္ကလာပပြည်သူ့ ဆေးရုံကြီးမှ လူနာ(၁) ဦးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး လူနာ (၂)ဦးတို့အား ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

၈။ အဆိုပါဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုမှုများ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေး ဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြား စေလိုပါကြောင်း တိုက်တွန်း အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၀-၄-၂၀၂၀) ရက်နေ့၊ နံနက် (၃:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့်ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 24 | ၃၂ နှစ် | ကျား | မရှိပါ။ * | မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး | ၈-၄-၂၀၂၀ | တွေ့ရှိ |
| 25 | ၅၅ နှစ် | ကျား | မရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၉-၄-၂၀၂၀ | တွေ့ရှိ |
| 26 | ၅၆ နှစ် | မ | မရှိပါ။ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ၈-၄-၂၀၂၀ | တွေ့ရှိ |
| 27 | ၂၄ နှစ် | မ | မရှိပါ။ ** | ပြည်သူ့ဆေးရုံ၊ ကျိုက်မရော | ၃၀-၃-၂၀၂၀ | တွေ့ရှိ |

* (၁၉-၃-၂၀၂၀)ရက်နေ့တွင် စင်္ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

** (၂၀-၃-၂၀၂၀)ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ခဲ့ခြင်းဖြစ်ပါသည်။

- ကျန် (၃၉)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၀-၄-၂၀၂၀) ရက်နေ့၊ ည (၁၀:၁၅) နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၁၀-၄-၂၀၂၀)ရက်နေ့၊ ည ဓာတ်ခွဲစစ်ဆေးမှုများအရ စောင့်ကြည့်လူနာများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာ နေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု လျက်ရှိသူများ စုစုပေါင်း (၇၉) ဦး၏ ဓာတ်ခွဲ နမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) ၌ ဖော်ပြထားရှိသော လူနာ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာများနှင့် စောင့်ကြပ်ကြည့်ရှုလျက် ရှိသူ (၇၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ (Case-028) သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် နေထိုင်သော အသက် (၆၃) နှစ်အရွယ် အမျိုးသား (၁) ဦးဖြစ်ပြီး ၎င်းမှာ ဓာတ်ခွဲအတည်ပြုလူနာ (Case-008)နှင့် အနီးကပ်ထိတွေ့မှုရာဇဝင်ရှိသော မိသားစုဝင်တစ်ဦးဖြစ်သဖြင့် (၂၈-၃-၂၀၂၀) ရက်နေ့မှစ၍ နေအိမ်တွင် အသွားအလာ ကန့်သတ်ထားရှိခဲ့ပါသည်။ (၇-၄-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းလက္ခဏာ များခံစားခဲ့ရသဖြင့် (၉-၄-၂၀၂၀) ရက်နေ့တွင် လူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလူနာတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိကြောင်း သိရှိရပြီး ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ပို့ဆောင်၍ အထူးကြပ်မတ် ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၃။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၀-၄-၂၀၂၀)ရက်နေ့၊ ည (၈:၃၀)နာရီအချိန်အထိ မြန်မာနိုင်ငံတွင်

ဇယား -၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၀-၄-၂၀၂၀) ရက်နေ့၊ ည (၁၀:၁၅) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | လွှဲပြောင်းကုသမှုပေးမည့်ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 28 | ၆၃ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး | ၂၈-၃-၂၀၂၀ | တွေ့ရှိ |

- ကျန် (၇၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၂၈) ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးရုံများတွင် လက်ရှိတွင် သီးခြားထားရှိ ကုသမှု ခံယူနေသော COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများမှာ ချင်းပြည်နယ်၊ တီးတိန် ပြည်သူ့ဆေးရုံတွင်

*စာမျက်နှာ ၁၆ သို့*

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားအဆင့်ဗဟိုကော်မတီသို့ ပြည်တွင်း/ပြည်ပအလှူရှင်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများ၊ အစားအသောက်များ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပအလှူရှင်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများ၊ အစားအသောက်များကို (၂၀၂၀)ပြည့်နှစ်၊ မတ်လ (၂၉)ရက်နေ့မှ ဧပြီလ (၉)ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း စေတနာ ထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက်**
**ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း**
**(၂၉-၃-၂၀၂၀)ရက်နေ့မှ (၉-၄-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁။ | Jack Ma & Alibaba Foundation | KN 95 | 100,000 | 4,715.13 |
| | | Test Kits | 20,000 | |
| ၂။ | Unilever | Personal cleaning materials | | 2,200.00 |
| ၃။ | Royal Club Beverages | PPE | 4,200 | 1,713.00 |
| | | PPE Accessories | 900 | |
| ၄။ | DKSH | PPE set | 775 | 1,085.00 |
| ၅။ | Zeya & Associated | Thermal scanner | 2 | 500.00 |
| ၆။ | Trillion Ocean | surgical mask | 79,950 | 330.00 |
| | | Goggles | 4,800 | |
| ၇။ | Panhlaing Hosp | PPE | 995 | 330.00 |
| ၈။ | Korea Embassy | Surgical Gown | 2,600 | 260.00 |
| ၉။ | Temasek Foundation | Ventilators | 1 | 200.00 |
| ၁၀။ | ဦးအိုက်ထွန်း | Surgical mask | 50,000 | 200.00 |
| ၁၁။ | Huawei Tech (Yunan) Co.ltd | Surgical mask | 10,000 | 151.57 |
| | | N 95 | 240 | |
| | | Goggles | 300 | |
| | | PPE | 300 | |
| ၁၂။ | Yunan | Surgical Mask | 32,000 | 128.00 |
| ၁၃။ | AA Group Limited | Oxygen concentrator | 20 | 127.00 |
| ၁၄။ | J Mr Yan Changzi ZTE Co.ltd | Test Kits | 8,000 | 112.00 |
| ၁၅။ | ပြည်သူ့ပါတီ | PPE set | 100 | 100.00 |
| ၁၆။ | RVK | ဆေးဝါးများ | | 100.00 |
| ၁၇။ | AP proficient Co.ltd | Hand Sanitizer(4L) | 250 | 75.00 |
| ၁၈။ | MBE | PPE | 200 | 66.00 |
| ၁၉။ | Nebula Co.ltd | Surgical mask | 15,000 | 60.00 |
| ၂၀။ | Grand Royal | Hand Sanitizer | 1,900 | 47.50 |
| ၂၁။ | ဦးကြူဂျုံစက် | Surgical mask | 11,000 | 44.00 |
| ၂၂။ | Mya Htike Co.ltd | Mask & Hand Sanitizer | | 30.60 |
| ၂၃။ | Moe Yan General Services | Surgical mask | 4,000 | 16.00 |
| ၂၄။ | Singapore Embassy | Goggles | 1,000 | 15.90 |
| ၂၅။ | စော်ဘွားလေးဗိုလ်ဗိုလ်မောင် | PPE | 40 | 15.00 |
| | | Hand Sanitizer | 25 | |
| ၂၆။ | Miniso Co.ltd | surgical mask | 1,500 | 12.75 |
| | | N 95 | 200 | |
| ၂၇။ | Jum Jel Co.ltd | Juice | 480 | 10.60 |
| ၂၈။ | Uni Energy Co.,Ltd | Surgical Mask | 2,500 | 10.00 |
| ၂၉။ | ဦးအောင်ဇော်ဝင်း | surgical mask | 2,000 | 7.00 |
| ၃၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းလှ အား ရည်စူး၍ ဦးအောင်ထိုက်+ဒေါက်တာကြည်ပြာမိုး | PPE | 20 | 6.00 |
| ၃၁။ | Ever Sunny Industrial Co.ltd | Coffee & Tea mix | 60 | 3.00 |
| | | Hand sanitizer(5L) | 15 | |
| **စုစုပေါင်း** | | | | **12,671.05** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

*စာမျက်နှာ ၁၅ မှ*

(၂)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၄) ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁) ဦး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီးမှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းသည့် လူနာ (၁) ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းသည့် လူနာ (၂) ဦး၊ မွန်ပြည်နယ်၊ ကျိုက်မရောပြည်သူ့ဆေးရုံမှ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းသည့် လူနာ(၁) ဦး၊ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းရန် စီစဉ်လျက်ရှိသည့် လူနာ (၁) ဦး၊ စုစုပေါင်း (၂၂) ဦးတို့ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ(၁)ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ အဆိုပါခတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါခတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ပြည်သူလူထုအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)က ငွေလှူဒါန်း

**တောင်ငူ ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ကျောင်းသားသမဂ္ဂနှင့် ရန့်ဆင့်ကမ်း ရင်ငြိမ်းပန်း ပရဟိတအသင်းတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် ရှစ်သိန်းကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် ကော်မတီရုံး၌ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့်အဖွဲ့ထံသို့ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တောင်ငူမြို့နယ်တွင် ဧပြီ ၉ ရက်ထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၉၄၂ ဦးရှိပြီး သတ်မှတ်ထားသည့်နေရာ၌ အသွားအလာ ကန့်သတ်ရာနေရာ ၅၅ နေရာတွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသူ ၃၃၀ ဦးရှိ၍ စုစုပေါင်းပြန်လည် စေလွှတ်သူ ၄၂၃ ဦးရှိကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## ကမ္ဘောဇဘဏ်မှ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ်များသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဆက်လက်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၀**

ကမ္ဘောဇဘဏ်မှ ကိုဗစ်-၁၉ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများကို ရှမ်းပြည်နယ် ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ နေ့စဉ်လှူဒါန်းလျက်ရှိရာ ဧပြီ ၁၀ ရက်က ရှမ်းပြည်နယ်တောင်ပိုင်းရှိ အောင်ပန်းမြို့၊ ကလောမြို့၊ ဟဲဟိုးမြို့နှင့် ဟိုပုံးမြို့ရှိ ပြည်သူ့ဆေးရုံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း CE Stan-dard PPE ဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ ဆေးရုံသုံး လက်အိတ်များ၊ သာမိုမီတာများ၊ မျက်မှန်များနှင့် လက်သန့်ဆေးရည်ဘူးများ ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ လဲချားမြို့၊ ပင်လုံမြို့၊ မိုင်းနောင်မြို့၊ ခိုလန်မြို့၊ မိုးနဲမြို့နှင့် လင်းခေးမြို့များရှိ ကျန်းမာရေးစောင့်ရှောက်ကူညီရေးစခန်းများသို့လည်း ဆက်လက်ပေးပို့ လှူဒါန်းခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၊ တာလေမြို့၊ မိုင်းဖြတ်မြို့နှင့် မိုင်းယောင်းမြို့များတွင် ဖွင့်လှစ်ထားသော ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများ ကျန်းမာရေးစစ်ဆေး စောင့်ကြည့်ရေးစခန်းများသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းထားသည်။




အောင်ပန်းမြို့ပြည်သူ့ဆေးရုံတွင် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းစဉ်။

ကမ္ဘောဇဘဏ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသော နိုင်ငံသားများနှင့် ၎င်းတို့ကို စောင့်ကြပ် ကြည့်ရှုပေးနေရသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်လှူဒါန်းခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကျပ် ၁၄၆၂၄ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို လေကြောင်း၊ ကုန်းကြောင်းတို့မှ အမြန်ဆုံး ဝယ်ယူလှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ခွဲပေးအပ်ပြီးဖြစ်သည့်အပြင် ယနေ့အထိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၁၉၆၂၄ သိန်း လှူဒါန်းထားပြီးဖြစ်သည်။ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင် လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားသည်။

**ကိုဇော်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဓမ္မရံသီကျောင်း ကိုဗစ် - ၁၉ စောင့်ကြပ်ကြည့်ရှုစင်တာရှိ ၁၄ ရက်ပြည့် ၂၈၁ ဦးအား တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် မေ ၁၀**

ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်း ကိုဗစ် – ၁၉ စောင့်ကြပ်ကြည့်ရှုစင်တာတွင်ထားရှိသည့် ၂၈၁ ဦး၏ ၁၄ ရက်ပြည့် တွေ့ဆုံနှုတ်ဆက်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက မေ ၉ ရက် မွန်းလွဲ ၃နာရီတွင် သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။ (ယာပုံ)



ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီးချုပ်က ၁၄ ရက်အတွင်း ကောင်းမွန်ပြည့်စုံသောနေရာတစ်ခု စီစဉ်ပေးပြီး အဘက်ဘက်ကပြည့်စုံအောင် ဆောင်ရွက်ပေးသော ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက် ဓမ္မရံသီ နာယကချုပ်ဆရာတော်နှင့် စေတနာလုပ်အားဒါန ပါဝင် ကူညီပေးသူများအား အထူးကျေးဇူးတင်ကြောင်း၊ ပြည်ပမှပြန်လာပြီး အသွားအလာကန့်သတ်သည့် ၁၄ ရက်ကို ဖြတ်သန်းဆောင်ရွက်ခဲ့သူ ၂၁၈ ဦးကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ယခုလို ဆောင်ရွက်ခြင်းဖြင့် မိမိ၏မိသားစု၊ ရပ်ရွာဒေသနှင့်နိုင်ငံကို ကူညီရာရောက်ကြောင်း၊ နေရပ်ပြန်များအတွက်လည်း ၁၄ ရက် သီးသန့် စောင့်ကြည့်နေထိုင်ခဲ့ကြောင်း ထောက်ခံချက်များပေးအပ် လိုက်မည်ဖြစ်ကြောင်း၊ နေရပ်များသို့ ပြန်ရောက်ပါက လည်း ဂရုတစိုက်နေထိုင်သွားရန်နှင့် မိမိ၏ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်လာသူများကို အသွားအလာကန့်သတ်သည့် စခန်းများဖွင့်လှစ်၍ ၁၄ ရက် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်၌ ပြည်ပပြန် ၂၁၈ ဦးကို ဓမ္မရံသီ နာယကချုပ် ဆရာတော်၏ ကူညီမှုဖြင့် ကျောင်းတိုက်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုထားရာ မေ ၉ ရက်တွင် ၁၄ ရက်ပြည့်မြောက်၍ နေအိမ်သို့ပြန်ကြမည်ဖြစ်ပြီး ၎င်းတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က မော်တော်ယာဉ်များ စီစဉ်ပေးထားကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရန်ကုန်–မန္တလေးအမြန်လမ်း မိုင်တိုင် ၁/ ၁ တိုးဂိတ်တွင် ကိုဗစ်–၁၉ စစ်ဆေးရေးအဆောက်အအုံ ပြန်လည်တည်ဆောက်နေမှုများကို စစ်ဆေးကြည့်ရှုခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ရေစကြိုမြို့နယ် မြေနုကျွန်းကျေးရွာများ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၁၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြေနုကျွန်းပေါ်ရှိ ကျေးရွာများ၌ ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပွားစေရေးအတွက် ကျွန်းညိုကျေးရွာ လောကပါလ လူမှုကူညီရေး အသင်းက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများနှင့် အသိပညာပေးခြင်းများကို ဧပြီလ ပထမပတ်က စတင်၍ လုပ်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ လောကပါလ လူမှုကူညီရေးအသင်းက လူငယ်တွေနဲ့ ကိုဗစ်–၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် မေ ၇ ရက်ကစပြီး ဆင်တဲကျေးရွာအပါအဝင် ကျေးရွာ ခုနစ်ရွာ၊ မေ ၈ ရက်မှာ ရေယှားကျေးရွာ၊ ဝါဘိုးကျေးရွာ၊ ညောင်ပင်ရွာကျေးရွာ၊ ချင်းတွင်းမြစ်ကမ်း ဒီပ သရဖူဇက်ဆိပ်၊ ထန်းတောကျေးရွာ ပခန်းဦးမင်းကျော် နတ်နန်း၊ နန်းဦးကျေးရွာအုပ်စုအတွင်းက ကျေးရွာတွေ အပါအဝင် ကျေးရွာ ၁၀ ရွာ၊ မေ ၉ ရက်မှာ နေရင်းကျေးရွာ အပါအဝင် ကျေးရွာ ခုနစ်ရွာ၊ မေ ၁၀ ရက်မှာ ကျွန်းညိုကျေးရွာနဲ့ နွယ်နီကျေးရွာတွေမှာရှိတဲ့ သာသနိကအဆောက်အအုံ၊ လူနေအိမ်တွေနဲ့ နေရပ်ပြန်စောင့်ကြည့်ရေးနေရာတွေမှာ ဆေးဖျန်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျန်ရှိနေသေးတဲ့ကျေးရွာတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု လောကပါလ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်သူရက ပြောသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်များအတိုင်း ပြည်သူများကို ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ အသိပညာပေးဟောပြောခြင်းများကို အဆိုပါအသင်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**



မေ ၁၀ ရက်မှ ၁၉ ရက်အထိ(သင်္ကြန်ရုံးပိတ်ရက်များ) ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အနည်းဆုံးအင်အားဖြင့် သွားလာဝယ်ယူကြရန် သက်ဆိုင်ရာတို့၏ မေတ္တာရပ်ခံချက်အပေါ် ပြည်သူအများစုက လိုက်နာလျက်ရှိရာ မေ ၁၀ ရက်က ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဈေးအတွင်း ဈေးရောင်းဈေးဝယ်သူများ နည်းပါးနေသည်ကို တွေ့ရစဉ်။

ဘော်ဂါသွေး



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်စေရန် ဒေသခံအလှူရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်းပြီး မေ ၁၀ ရက်က ဈေးရောင်း ဈေးဝယ်များအား အသိပညာပေးခြင်းနှင့် နှာခေါင်း စည်းများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်နေစဉ်။ ကိုဇွဲ(အညာမြေ)

# ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်– YRO)အသင်းပေါင်း ၂၀၀ ကျော်ဖြင့် ဆောင်ရွက်

**ရန်ကုန် မေ ၁၀**

လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်–YRO)က ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် အသင်းပေါင်း ၂၀၀ ကျော်ဖြင့် လူမှုကူညီရေး ဆောင် ရွက်ပေးနေကြောင်း မေ ၉ ရက် နံနက်က အထက(၁) တာမွေ၌ ကွပ်ကဲရေးရုံးဖွင့်ပွဲတွင် လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်–YRO) ဒုတိယဥက္ကဋ္ဌ ဦးမိုးငြိမ်းက ပြောသည်။





လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များအား တွေ့ရစဉ်။

"ကျွန်တော်တို့ အခုဖြစ်နေတဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့တွေရဲ့ ကွပ်ကဲရေးရုံး ဖြစ်ပါတယ်။ ဒီနေရာကနေ စီမံကွပ်ကဲပြီး မြန်မာတစ်နိုင်ငံလုံး လိုအပ်တဲ့နေရာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ကန့်သတ်စောင့်ကြည့်ခံရသူ စောင့်ကြည့်လူနာတွေကို သယ်ယူမယ်ဆိုရင် ပုံမှန်ဆေးရုံကားနဲ့ သယ်လို့ မရပါဘူး။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ကားကို အရှေ့၊ အနောက် ကန့်ထားရမယ်။ ဒါ့ကြောင့် ကားတွေကို အရေးပေါ် ပြင်ဆင်ရပါတယ်။ ကိုရိုနာ ဗိုင်းရပ်စ်သံသယလူနာ၊ စောင့်ကြည့်လူနာတွေကို သယ်ယူနိုင်မယ့် ကား ၁၀ စီးကို အသင့်လုပ်ထားပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးမိုးငြိမ်းက ဆက်လက်ပြောသည်။

"ဒီရောဂါပြန့်ပွားမှုအနည်းဆုံးဖြစ်အောင် ရန်ကုန်တိုင်းဒေသကြီးတစ်လုံးမှာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်တွေမှာ လူမှုကယ်ဆယ်ရေးအဖွဲ့ ၁၃၇ ဖွဲ့၊ ဆေးရုံကား ၄၀၀ ကျော်နဲ့ ပန့်တွေနဲ့ ပိုးသတ်ဆေးဖျန်းခြင်းတွေ လုပ်သလို ဇာမဏီမြန်မာနဲ့ ပူးပေါင်းပြီး လက်ဆေးကန်၊ ဆပ်ပြာများကို လှူဒါန်းမှုတွေပြုလုပ်ခဲ့ပါတယ်"ဟု ရှင်သန်ရေးကူညီမှု အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက PPE ဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၁၀၀၊ အလှူရှင်များက အလှူငွေများနှင့် ရောဂါကာကွယ်ရေးသုံး ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေး (ရန်ကုန်–YRO) တွင် ကူညီစောင့်ရှောက်ပေးသူ ၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အာကာစိုး**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲနှင့် အခြေခံလူတန်းစားများကို အခြေခံစားကုန်ပစ္စည်းငါးမျိုး ပေးအပ်ပွဲကျင်းပ

မုံရွာ ဧပြီ ၁၀

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့နှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်များ ဆောင်ရွက်ရန် အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။**

ရှေးဦးစွာ ကံပွင့်ဦးသတ္တုတူးဖော်ရေးကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံ ၅၀၀၊ Face Shield ၅၀၀၊ လက်အိတ် ၁၀၀၀ နှင့် ငွေကျပ် ၁၀ သိန်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လက်ခံရယူခဲ့ပြီး**(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးသည် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့်အတူ မုံရွာမြို့ပေါ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ရတနာအောင်မြေဘုန်းကြီးကျောင်း၊ ရုပ်စုံဘုန်းကြီးကျောင်းနှင့် အောင်မင်္ဂလာရပ်ကွက် စသည့်နေရာအသီးသီးတို့ရှိ သက်ဆိုင်ရာ အခြေခံလူတန်းစားများ အခြေခံစားကုန်ပစ္စည်းငါးမျိုး ပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ဆား ၅၀ ကျပ်သားနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ အခြေခံလူတန်းစားများကို အခြေခံစားကုန်ပစ္စည်းငါးမျိုး ပေးအပ်ခဲ့ရာတွင် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဖြစ်ပြီး စုစုပေါင်း အိမ်ထောင်စု ၉၀၀ အတွက် ငွေကျပ် ၁၁၇ သိန်း ထောက်ပံ့ပေးအပ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်မြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက အခြေခံလူတန်းစားများကို အခြေခံစားကုန်ပစ္စည်း ဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် ကြက်သွန်နီ စုစုပေါင်း ငါးမျိုးကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ပေါ် ရှိ ပုံမှန်ဝင်ငွေမရရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ သွားရောက်ဖြန့်ဝေပေး

**ဘားအံ ဧပြီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပြည်သူများ တင်ပြချက်ကိုစိစစ်၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများ သုံးသပ်ချက်အရ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ တစ်နိုင်ငံလုံးအတိုင်းအတာအရ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ဘားအံမြို့ပေါ် အမှတ် (၉) ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရရှိသော အိမ်ထောင်စု ၂၀၀ အား သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အောင်ရတနာလမ်းရှိ အိမ်ထောင်စု ၂၀၀ အတွက် အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သော ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



# လယ်ဝေးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ကူညီမှု ငါးမျိုးပေးအပ်

**လယ်ဝေး ဧပြီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ သား၊ ဆား ၅၀ သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ စုစုပေါင်း ထောက်ပံ့ကူညီမှု ငါးမျိုးပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက လယ်ဝေးမြို့ အ.ထ.က(၁)၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ကို ဆပ်ပြာဖြင့်ဆေးရန်၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတွင် နေထိုင်ရန်၊ လူစုလူဝေးရှိသောနေရာများသို့ သွားရောက်ခြင်းမပြုရန်နှင့် စောင့်ကြည့်နေထိုင်သူများ မိမိနေအိမ်သို့ ရောက်ရှိသည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတိပေးချက်များအား လိုက်နာဆောင်ရွက်ရန် စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထောက်အကူပြုအဖွဲ့များက အမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၄၃၁ စုအတွက် ထောက်ပံ့ကူညီမှု ငါးမျိုးစီအား တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများက လယ်ဝေးမြို့ အ.ထ.က(၂)နှင့် သရက်ခုံကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့တွင် အမှတ်(၁)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၆၄၉ စုအား ထောက်ပံ့ကူညီမှု ငါးမျိုးစီ သွားရောက်ဖြန့်ဝေခဲ့သည်။ ယခုကဲ့သို့ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး လယ်ဝေးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၈၄၉၈ စုအား ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဇော်ချစ် (ပြန်/ဆက်)**



# ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်းမှ တိရစ္ဆာန်များအတွက် သောက်သုံးရေလှူဒါန်း

**ရေစကြို ဧပြီ ၁၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ရှင်မတောင် သစ်တောကြိုးဝိုင်း အတွင်းမှ တောရိုင်းတိရစ္ဆာန်များ အတွက် သောက်သုံးရေ လိုအပ်လျက် ရှိသဖြင့် ရှင်မတောင်တစ်ဝိုက်ရှိ ရေကန်များသို့ ရေသွားရောက်လှူဒါန်း လျက်ရှိသည်။

"မနှစ်ကမိုးရွာသွန်းတာနည်းတာ ကြောင့် သဘာဝကျောက်ရေကန်တွေ မှာလည်း ရေနည်းသွားပြီ။ မနှစ်က တူးဖော်ခဲ့တဲ့ မြေသားရေကန် ၁၄ ကန် မှာလည်း နှစ်ကန်လောက်ပဲ ရေ နည်းနည်းကျန်တော့တာ။ အဲဒါကြောင့် တိရစ္ဆာန်တွေ ရေသောက်ဖို့အတွက် ဧပြီ ၈ ရက်က ရေကားတစ်စီး ကျောက် ရေကန်မှာဖြည့်ခဲ့တယ်။ ဒီနေ့ရေကား တစ်စီး ထပ်သွားဖြည့်ပေးတာပါ" ဟု အပူပိုင်းဇုန် ရှင်မတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ သတင်းပြန်ကြား ရေးမှူး ဦးသန်းဟန်က ပြောသည်။

ယခုနှစ်များအတွင်း ရာသီဥတု ပူပြင်းခြင်းကြောင့် တောတွင်း ရေကန်များတွင် ရေရှားပါးလာလျက် ရှိပြီး ရှင်မတောင်သစ်တောကြိုးဝိုင်း ဧရိယာအတွင်း၌ နေထိုင်ကျက်စား လျက်ရှိသော ရွှေသမင်၊ ရိုးရိုးသမင်၊ ချေ(ဂျီ)၊ တောယုန်၊ ခွေးအ၊ တောကြက်၊ မျောက်၊ ဖွတ်၊ ပုတက်၊ တောခွေး၊ တောကြောင်၊ တောင်ဆိတ် စသည့် တိရစ္ဆာန်များ အသက်ရှင်သန် နေထိုင် ရန် ခက်ခဲလာလျက်ရှိကြောင်း သိရ သည်။ အဆိုပါသစ်တော ကြိုးဝိုင်း



ရှင်မတောင်သစ်တောကြိုးဝိုင်းအတွင်းရှိ မျောက်များကို တွေ့ရစဉ်။

အတွင်း၌ အကောင်ရေအများဆုံးမှာ မျောက်များဖြစ်ပြီး ကောင်ရေ လေး ရာကျော်ခန့်အထိ နေထိုင်လျက် ရှိကြောင်း သိရသည်။

ယခုအခါ ရေအလှူရှင်များက လှူဒါန်းငွေဖြင့် ရေကားနှစ်စီးစာ လှူဒါန်း ပေးထားလျက်ရှိသော်လည်း ယခုနှစ် နွေရာသီအတွက် တိရစ္ဆာန် ငယ်များ သောက်သုံးရန် ရေမှာ ဆက်လက် လိုအပ်လျက်ရှိကြောင်း သိရသည်။

"မနှစ်က ဩဂုတ်လမှာ မိုးရွာ တာက ၅ လက်မ မပြည့်ဘူး။ အဲဒါ ကြောင့် ရေကန်တွေမှာ ရေမရှိတော့ တာ၊ ရေအလှူရှင် လိုနေသေးတယ်။ ရေကတော့ အတိုင်းအဆမရှိ ရေလို တယ်" ဟု ဦးသန်းဟန်က ဆက်လက် ပြောသည်။

ရှင်မတောင်သစ်တောကြိုးဝိုင်း အတွင်းသို့ ရေလှူဒါန်းလိုပါက ရေအလှူရှင်များအနေဖြင့် ဒေသခံ များနှင့်ဆက်သွယ်ကာ မိမိတို့ကိုယ် တိုင် ရေသွားရောက်လှူဒါန်းနိုင်ပြီး သတင်းပြန်ကြားရေးမှူး ဖုန်း ၀၉ - ၇၉၂၁၂၂၀၇ သို့လည်း ဆက်သွယ် လှူဒါန်းနိုင်ကြောင်း၊ ရေစကြိုမြို့မှ ရှင်မတောင်သစ်တော ကြိုးဝိုင်းအထိ ရေကားတစ်စီးလျှင် ငွေကျပ် သုံးသောင်းခွဲကုန်ကျကြောင်း သိရသည်။ **အိမွန်ဆွေ**

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ နွေရာသီရေရှားပါး ပြတ်လပ်မှုဖြစ်လာပါက ရေသယ်ယာဉ်များဖြင့်ဖြန့်ဝေပေးမည်

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီရေရှားပါးနိုင်သော မြို့နယ်များရှိ ကျေးရွာများတွင် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးမည်ဖြစ်ပြီး ရေသယ်ယာဉ် များအတွက် စက်သုံးဆီအရန်များ သိုလှောင်ထားမှုများရှိကြောင်း တိုင်းဒေသ ကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ဖြစ်နိုင်တဲ့နေရာတွေကို ကြိုတင်လေ့လာပြီး ရေရှားပါးပြတ်လပ်မှု ဖြစ်နိုင်တယ်လို့ ခန့်မှန်းကောက်ထားတာ ကျေးရွာ ၅၁ ရွာရှိတယ်။ အရေးပေါ် ဖြစ်ခဲ့ရင် ဖြစ်တာနဲ့တစ်ပြိုင်နက် သောက်ရေ၊ သုံးရေဖြန့်ဝေဖို့ ပြင်ဆင်ထားပါ တယ်၊ မြို့နယ်တိုင်းမှာ စက်သုံးဆီအရန် သိုလှောင်ထားပြီးပြီ၊ မြို့နယ်တွေမှာ ကျတော့ အဖွဲ့အစည်းတွေနဲ့ ဌာနတွေ ပေါင်းလုပ်တာရှိတယ်၊ သူတို့ဆီက ရေကားတွေ ကူညီရတာတွေရှိတယ်။ တစ်ခါတလေကျ ရေကားတွေနဲ့ သယ်ဖို့စက်သုံးဆီ အဓိကလိုတယ်။ အဲဒီစက်သုံးဆီ ထောက်ပံ့ဖို့အတွက် ပြင်ဆင်ထားပါတယ်" ဟု တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနဦးစီးမှူး ဦးစိုးသန်းက ပြောသည်။

၂၀၂၀ ပြည့်နှစ် နွေရာသီရေရှားပါးနိုင်သော မြို့နယ်၁၃မြို့နယ်အနေဖြင့် စဉ့်ကူး၊ ကျောက်ဆည်၊ တံတားဦး၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ကျောက်ပန်း တောင်းတို့ရှိ ကျေးရွာ ၅၁ ရွာ၊ လူဦးရေ ၃၈၀၀၀ နီးပါးအတွက် တစ်ရက်လျှင် ရေလိုအပ်ချက် ဂါလန် ၂၆၀၀၀ ကျော်ရှိကြောင်း အဆိုပါဌာနမှ ကောက်ယူ ထားသည့် စာရင်းများအရ သိရသည်။

ရေဖြန့်ဝေဖို့ စက်သုံးဆီကုန်ကျစရိတ် ငွေကျပ် ၂၄ သန်းလောက် ခန့်မှန်း ထားတယ်။ စက်သုံးဆီ တစ်ဝက်လောက်က အရန်သိုလှောင်ထားပြီးသား ဆိုတော့ တကယ်ကုန်ရင်တော့ အရန်သိုလှောင်ထားတဲ့ စက်သုံးဆီရယ်၊ နောက်ထပ် ငွေကျပ် ၁၂ သန်းလောက်ရယ် ကုန်မှာပါ" ဟု ၎င်းက ဆက်လက် ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၀ပြည့်နှစ် နွေရာသီသောက်သုံးရေပြတ် လပ်မှု ကြုံတွေ့ရနိုင်သည့် ကျေးရွာ ၅၁ ရွာအား ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေ ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်ရေရှားမှု ဖြစ်ပေါ်နိုင်သော ကျေးရွာ ခန့်မှန်း အနေဖြင့် ပထမအများဆုံး ရောဝတီတိုင်းဒေသကြီး၊ ဒုတိယစစ်ကိုင်းတိုင်းဒေသ ကြီး၊ တတိယ မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။ **ထိပ်ထားနိုင်**

# အသိပေးကြေညာခြင်း

COVID-19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၇၁၂ နှင့် ၀၆၇-၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄) နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

Coronavirus Disease 2019 (COVID-19)
ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၃၅၉၉၂၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အဆိုတော် ယုန်လေးနှင့် အနုပညာရှင်များ စုပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း



အဆိုတော် ယုန်လေး ဦးဆောင်ပြီး အနုပညာရှင်များနှင့် အခြား အလှူရှင်ပြည်သူများ စုပေါင်း၍ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် PPE ဝတ်စုံများနှင့် ဆေးပစ္စည်းများကို ဧပြီ ၉ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

"ကျွန်တော့်အသိ အစ်ကိုတစ်ယောက်က ဆေးရုံကြီးတွေမှာ လိုအပ်နေတာတွေ ရှိနေတယ်လို့ ပြောလာတယ်။ ပထမကတော့ ကျွန်တော်တစ်ယောက်တည်း တတ်နိုင်သလောက် သွားလှူဖို့ပါပဲ။ ဒါပေမယ့် အဲဒီအစ်ကိုက အခြားအနုပညာရှင်တွေပါ ဒီအလှူမှာ ပါဝင်ကြရင် ပိုကောင်းမယ်လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်တော်ရယ်၊ မြင့်မြတ်ရယ်၊ Media 7 က ကိုရွှေမန်းရယ် မတည်အလှူငွေထည့်ပြီးတော့ ဘဏ်အကောင့်တစ်ခု ဖွင့်လိုက်ပြီး လိုင်းပေါ်တင်လိုက်တယ်။ အဲဒီမှာ အနုပညာရှင်တွေကလည်း လှူကြသလို အပြင်က လှူကြတာတွေလည်း ရှိပါတယ်။ အားလုံးပေါင်း သိန်း ၁၄၀ လောက် ရပါတယ်။ အဲဒီအလှူငွေတွေနဲ့ PPE ဝတ်စုံတွေ၊ Mask တွေနဲ့ လက်အိတ်တွေ မှာပြီး ဆေးရုံကြီးမှာ လာလှူဖြစ်တာပါ။ အခြား နယ်မြို့တွေက ဆေးရုံတွေမှာ လိုအပ်ရင်လည်း ကျွန်တော်တို့တတ်နိုင်သလောက် လှူပေးသွားမှာပါ"ဟု အဆိုတော် ယုန်လေးက ပြောသည်။

အဆိုပါလှူဒါန်းမှုတွင် ယုန်လေးနှင့်အတူ သရုပ်ဆောင်ခါရာ၊ ထူးခြား၊ ခြူးလေးတို့လည်း လိုက်ပါကူညီပေးခဲ့ကြပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီးအပြင် ခုတင်(၅၀၀) ဆေးရုံသစ်ကြီးနှင့် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံများသို့လည်း ကိုဗစ်-၁၉ ကာကွယ်ရေးသုံး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုလင်း**

# ကျပ် ၁၆၂ သိန်းကျော်တန်ဖိုးရှိ PPE ဝတ်စုံများ လှူဒါန်းခဲ့သည့် မြင့်မြတ်နှင့် တွေ့ဆုံမေးမြန်းခြင်း



ပရိသတ်၏ လက်ခံအားပေးမှုများစွာကို ရရှိထားသည့် သရုပ်ဆောင် အကယ်ဒမီ မြင့်မြတ်က ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ရောဂါကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ကျပ် ၁၆၂ သိန်းကျော် တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ(PPE)များကို ဝေဘာဂီဆေးရုံသို့ လှူဒါန်းခဲ့သည်။

အကယ်ဒမီမြင့်မြတ်၊ ဇနီး မခင်သူအောင်နှင့်သား မောင်မြတ်သူ မိသားစုက ကျပ် ၁၆၂၄၀၀၀၀ တန်ဖိုးရှိ PPE ဝတ်စုံ ၁၀၄၀ ကို ဝေဘာဂီဆေးရုံသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါလှူဒါန်းမှု အပါအဝင် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ မြင့်မြတ်၏ အမြင်များ၊ အနုပညာလှုပ်ရှားမှုများနှင့် မိသားစု အကြောင်းများကို ဧပြီ ၁၀ ရက်က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။Original Gangster 3 ကို ရုံတင်ခါနီးမှ ကိုဗစ်-၁၉ ကြောင့် ရုံတွေပိတ်လို့ ပြသခွင့်မရတဲ့အပေါ် အမြင်ကို ပြောပါဦး။**

ဖြေ။ ။မတတ်နိုင်ဘူးလေ။ ရိုက်ကူးတုန်းက အခက်အခဲတွေ များခဲ့ပါတယ်ဆိုမှ ရုံတင်တဲ့အချိန်မှာ ဒီလိုမျိုး ဖြစ်သွားတယ်ဆိုတော့ စိတ်ခတ်ကျမိတာကတော့ အမှန်ပါပဲ။ ကျွန်တော့်ထက် ယုန်လေးက ပိုဆိုးပါတယ်။ သူက ဒါရိုက်တာလည်း ဒါရိုက်တာဆိုတော့ သူက ပိုပြီးတော့ စိတ်ဖိအားတွေ များနေတာပေါ့နော်။

**မေး။ ။ဒီကားကို ရိုက်တုန်းကလည်း အခက်အခဲတွေ များခဲ့တယ်လို့ သိရတယ်။ ပြောပြပေးပါဦး။**

ဖြေ။ ။အခက်အခဲတွေကတော့ အများကြီးပါပဲ။ ဟိုတယ်ပြန်ပေးဆွဲတာလို အခန်းတွေပေါ့၊ အဲဒီလို ဟိုတယ်ပြန်ပေးဆွဲတဲ့အခန်းတွေ၊ Gun Shot တွေကအစ ဒီကားထဲမှာ သေချာလေး ပြင်ဆင်ပြီးတော့ ရိုက်ထားပါတယ်ဗျ။

**မေး။ ။အခက်အခဲတွေအများကြီးနဲ့ ကြိုးစားထားတာဆိုတော့ ဒီကားနဲ့ပတ်သက်ပြီး ဘာများပြောပြချင်သေးလဲ။**

ဖြေ။ ။ရုံတင်တာတော့ တင်ပါမယ်။ တကယ်လို့ ရုံတင်တဲ့အခါကျရင်လည်း ပရိသတ်ကြီးက အားပေးပါဦးလို့ ပြောချင်ပါတယ်။

**မေး။ ။နောက်ထပ် ရင်သွေးလေးရသွားတဲ့ ခံစားချက်ကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ Suprise ဖြစ်ရတာပေါ့။ ပျော်လည်း ပျော်တာပေါ့။ အမှန်တော့ ကျွန်တော်တို့က နည်းနည်းခြားပြီးတော့မှ ယူချင်တာပေါ့နော်။ နောက်သုံးလေးနှစ်လောက် ခြားပြီးမှ ယူမလို့ပါပဲ။ စိတ်ကူးနဲ့ လက်တွေ့နဲ့ မတူဘူးဖြစ်သွားတယ်ပေါ့။ လက်တွေ့က နည်းနည်းစောသွားတယ်။ နောက်ထပ်တော့ ကလေးလည်း မယူတော့ပါဘူး။ ဒါက နောက်ဆုံးပါပဲ။

**မေး။ ။ဒီနှစ်သင်္ကြန် ဘယ်မှာရှိမလဲ။**

ဖြေ။ ။ ပထမကတော့ နိုင်ငံခြားကို မိသားစုနဲ့ ခရီးထွက်ဖို့ စဉ်းစားထားတာပါ။ အခုတော့ ခရီးမထွက်ဖြစ်တော့ဘူးလေ။ ကိုယ့်အိမ်မှာပဲ အေးဆေးနေဖြစ်မယ်။

**မေး။ ။ပရိသတ်တွေကို ဘာများ ပြောချင်တာ ရှိပါသေးလဲ။**

ဖြေ။ ။ပရိသတ်တွေကို ခုချိန်မှာ ကျန်းမာရေးအတွက် အစစအရာရာ ဂရုစိုက်ပြီး နေထိုင်ကြစေချင်တယ်။ ကျွန်တော့်ကို အမြဲချစ်ပေးနေတဲ့ပရိသတ်တွေကို ကျေးဇူးပါတယ်။

# စမိုင်းလ်မိသားစုက အိမ်ထောင်စု ၁၀၀ အတွက် တစ်ပတ်စာ အသုံးစရိတ်များ လှူဒါန်း

လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါကြောင့် စားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေရသူ အခြေခံလူတန်းစား မိသားစုများအား ကူညီသည့်အနေဖြင့် 'မျှဝေခြင်း' အစီအစဉ်ကို ရုပ်သံအစီအစဉ်တင်ဆက်သူ ကိုမောင်မောင်အေးက ဦးဆောင်၍ အကောင်အထည်ဖော်လျက်ရှိရာ သရုပ်ဆောင် စမိုင်းလ် မိသားစုကလည်း အိမ်ထောင်စု ၁၀၀ အတွက် တစ်ပတ်စာ အလှူငွေကို ပေးအပ်လှူဒါန်းခဲ့သည်။

"ကိုယ့်တိုင်းပြည်မှာ အခုလို အခက်အခဲနဲ့ ကြုံတွေ့နေတဲ့အချိန်မှာ ကိုယ့်ဘက်က တတ်နိုင်တာလေးတွေကို ပါဝင်လှူဒါန်းတာပါ။ နောက်လည်း အဆင်သင့်ရင်သင့်သလို လှူသွားမှာပါ၊ အခုလိုအချိန်မျိုးမှာ ကိုယ့်လူမျိုးတွေ အချင်းချင်း ဖေးမကူညီနေတာ တွေ့ရလို့ အတိုင်းမသိ ဝမ်းသာရပါတယ်၊ အခုကြုံနေရတဲ့ အခက်အခဲတွေကို အောင်မြင်စွာကျော်ဖြတ်နိုင်ဖို့လည်း ဆုတောင်းပါတယ်"ဟု စမိုင်းလ်က ပြောသည်။

သရုပ်ဆောင်စမိုင်းလ် မိသားစုသည် မျှဝေခြင်း အစီအစဉ်မှတစ်ဆင့် အိမ်ထောင်စုတစ်စုလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် အိမ်ထောင်စု ၁၀၀ အတွက် အလှူငွေ ကျပ် ၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင် စမိုင်းလ်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အသိပညာပေး လှုံ့ဆော်ခြင်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလင်း**



# မေတ္တာအသင်္ချေ ပရဟိတအဖွဲ့၏ ဒုတိယမြောက်အလှူအဖြစ် သင်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ အလှူငွေပေးအပ်လှူဒါန်း

အနုပညာရှင် ညီအစ်ကိုမောင်နှမများ စုစည်းထားသည့် မေတ္တာအသင်္ချေ ပရဟိတအဖွဲ့၏ ဒုတိယမြောက် အလှူတစ်ခုအဖြစ် သင်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံကြီးတွင် ကျောက်ကပ်ဆေး ကုသနေရသည့် ဝေဒနာရှင်များအတွက် တစ်ကြိမ်ဆေးလျှင် လိုအပ်သည့် ပစ္စည်းအစုံအလင် အကြိမ် ၄၀ စာနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရန် လိုအပ်သော ပစ္စည်းများအတွက် အလှူငွေ ကျပ်ကိုးသိန်းကို ဧပြီ ၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က အမြဲတမ်းတော့ အလှူလေးတွေ လုပ်ဖြစ်ပါတယ်၊ လုပ်တဲ့အခါမှာလည်း တကယ် လိုအပ်နေတဲ့ နေရာတွေကိုသာ အဓိကထားပြီး လှူတာများတယ်၊ လှူမယ့်နေရာလေး တွေ့ပြီဆိုတာနဲ့ အနုပညာရှင် မောင်နှမတွေ အကုန်လုံး ဝိုင်းဝန်းပါဝင် လှူဒါန်းကြတယ်။ အခုလည်း အနုပညာရှင်တွေ စုပေါင်းပြီး တတ်နိုင်သလောက် လှူဒါန်းကြတာပါ"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောသည်။

မေတ္တာအသင်္ချေ ပရဟိတအဖွဲ့အနေဖြင့် ကျောက်ကပ်ဆေးရန် ပစ္စည်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများအတွက် အလှူငွေ ကျပ်ကိုးသိန်းအပြင် ဆေးရုံတွင် ဆေးဝါးကုသမှုခံနေသော ချို့တဲ့သူများအတွက် နှစ်ရက်စာ ထမင်းကျွေးရန်အတွက် ကုန်ကျစရိတ် ကျပ် ၁၄၀၀၀၀ ကိုလည်း စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### One Direction အဖွဲ့ ၁၀ နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပမည်ဟု လီယံပိန်းပြော

One Direction အဖွဲ့၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်ပွဲအဖြစ် ထူးခြားသည့်အစီအစဉ်တစ်ခု ပြုလုပ်သွားရန် ရှိသည်ဟု One Direction အဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သူ လီယံပိန်းကပြောသည်။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း အဖွဲ့ဝင် အချင်းချင်း စကားပြောဆို ဆွေးနွေးခဲ့ကြကြောင်း လီယံပိန်းက သည်ဆန်း သတင်းစာကို ပြောသည်။

One Direction အဖွဲ့ကွဲသွားပြီးကတည်းက စိတ်ထိခိုက်ခံစားခဲ့ရသည့် ပရိသတ်များအတွက် စိတ်ကျေနပ်စရာ အစီအစဉ်ကောင်းတစ်ခုဖြစ်လာမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မည်သည့်အစီအစဉ်ဖြစ်မည်ကိုမူ လက်ရှိအချိန်တွင် ထုတ်ဖော်ပြောကြားရန် မဖြစ်နိုင်သေးကြောင်း၊ ယင်းအစီအစဉ်တွင် အဖွဲ့သားအားလုံး ပြန်လည်ပါဝင်နိုင်ခြင်းရှိ မရှိကိုလည်း မပြောနိုင်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇိုင်ယန်အဖွဲ့မှ ဦးစွာထွက်သွားခဲ့ပြီးနောက် အဖွဲ့ဝင်ဟောင်းများနှင့် ပြန်လည်ပေါင်းစည်းခဲ့ခြင်း မရှိပေ။ လူးဝစ်၏ ပွဲဦးထွက် ဂီတဖျော်ဖြေပွဲတွင်လည်း ဇိုင်ယန်တစ်ယောက် တက်ရောက်ခဲ့ခြင်းမရှိသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်ခဲ့ရကြောင်း လူးဝစ်က အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ဖူးသည်။

ဟောလိဝုဒ်လိုက်ဖ်



One Direction အဖွဲ့သားများကို တွေ့ရစဉ်။

### အသွားအလာကန့်သတ်ခြင်း ခံရသူများထားရှိရန် ရုံးခန်းနေရာကို ရှာရွတ်ခန်း လှူဒါန်း

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေကြရာ ဘောလိဝုဒ်မင်းသား ရှာရွတ်ခန်းနှင့် ဇနီးသည်ဖြစ်သူ ဂူရီခန်းတို့သည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာရုံးခန်းကို ကိုဗစ် -၁၉ အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများ ထားရှိရာနေရာအဖြစ် အသုံးပြုရန် လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှာရွတ်ခန်းတို့ ပိုင်ဆိုင်သည့် လေးထပ်အဆောက်အအုံသည် မွမ်ဘိုင်းမြို့တွင် တည်ရှိပြီး အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို အဓိကထားရှိရန် ရည်ရွယ်ထားသည်။ မွမ်ဘိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ကလည်း ရှာရွတ်ခန်းတို့စုံတွဲ၏ အချိန်ကိုက် အမြော်အမြင်ရှိရှိ ပါဝင်ကူညီမှုကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် နှိမ်နင်းရေးအတွက် ရှာရွတ်ခန်း၏ ပါဝင်ကူညီမှုမှာ ယခုတစ်ကြိမ်မှာ ပထမဆုံးအကြိမ် မဟုတ်ပေ။ ယခုလအစောပိုင်းကလည်း အသက် ၅၄ နှစ်အရွယ် ရှာရွတ်ခန်းသည် မဟာရက်ရှ်ထြာ၊ ဒေလီနှင့် အနောက်ဘင်္ဂလားတို့ကို လှူဒါန်းမှုများ ပြုလုပ်မည်ဟု ကတိပြုခဲ့သည်။

သည်စတား



ဘောလိဝုဒ်စူပါစတားမင်းသား ရှာရွတ်ခန်း

ခြူး



# ဘာသာစာပေပေါင်းကူး(၁၀)

**မောင်ခင်မင် (ဓနုဖြူ)**

"အရင်အပတ်တုန်းက ရှင်မဟာရဋ္ဌသာရရဲ့ ဘာသာစကားနိုင်နင်းပုံ၊ စကားလုံးတွေရဲ့အသွေးအရောင်အမျိုးမျိုးကို အဆင်အကွက်ချပြီး စာပေအလှကွက်ကလေးတွေ ဖန်တီးခဲ့ပုံတွေ ဘဘပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ဘဘ၊ သမီးသေသေချာချာ မှတ်သားထားပါတယ်"

"ပြောလက်စနဲ့ ရှင်မဟာရဋ္ဌသာရရဲ့ စွမ်းရည်အကြောင်းဆက်ပြောရအုံးမယ်။ အရင်အပတ်က ပြောခဲ့တဲ့အတိုင်းပဲ စာဆိုရဲ့ လက်ရာတွေဟာ ငယ်တုန်း ရွယ်တုန်းလက်စွမ်းပြတဲ့သဘောလဲပါတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"တစ်ခုတော့ရှိတယ်။ စကားလုံးတူ အသံတူတွေကို တမင်စုပြီး ပုံဖော်ရတဲ့သဘောတော့ရှိတာပေါ့။ တမင်လုပ်ထားတဲ့ အလှကွက်တွေမို့ လှတော့ လှတယ်၊ ဒါပေမဲ့ သိပ်မလေးနက်လှဘူးလို့ ဆိုရမှာပေါ့။ ပညာရှင်တွေက အဲဒီလို ယူဆကြတယ်"

"ဟုတ်ကဲ့ပါ"

"ဆိုလိုတာက မ– အက္ခရာလေးလုံးရအောင်၊ တ–အက္ခရာလေးလုံးရအောင်ဆိုတာမျိုး အက္ခရာတူ အသံတူတွေရအောင် ဦးစားပေးရတာမို့ စကားလုံးရွေ့ဆောင်တဲ့နောက်ကို အဓိပ္ပာယ်က လိုက်နေရတယ်လို့ ဝေဖန်တာတွေရှိတယ်ကွဲ့"

"ဟုတ်ကဲ့ပါ။ သမီးမှတ်ထားပါ့မယ်"

"စာဆိုကို ချီးကျူးစရာကောင်းတာကတော့ မြန်မာစာပေမှာ အစဉ်အလာကြီးမားတဲ့ 'ပျို့'ဆိုတဲ့ ကဗျာအစဉ်အလာကြီးကို စတင်တည်ထောင်ခဲ့တဲ့ ကြိုးပမ်းမှုပဲ။ အံ့ဩစရာကောင်းတာက မြန်မာစာပေမှာ ပထမဆုံးပျို့လို့ခေါ်ရမဲ့ ဘူရိဒတ်လင်္ကာကြီးကို ရေးစဉ်တုန်းက ရှင်မဟာရဋ္ဌသာရဟာ အသက် ၁၆ နှစ်ပဲရှိသေးတဲ့ သာမဏေကလေးကွဲ့"

"ဟုတ်ပါတယ် ဘဘ၊ သမီးတို့သင်ခဲ့ရပါတယ်"

"၁၆ နှစ်အရွယ် လူငယ်ကလေးက ပျို့လို စာကြီးပေကြီးမျိုးကို စပြီးရေးခဲ့တာလေ။ ပြီးတော့ပိုပြီး အံ့ဩစရာကောင်းတာက ဘူရိဒတ်လင်္ကာကြီးရေးတော့ ရှေ့မှာနမူနာယူစရာစာမျိုး တစ်စောင်တစ်ဖွဲ့မှ မရှိဘူးလေ။ အသစ်စဖွဲ့ရတာ။ အင်မတန်လဲ ကောင်းတယ်။ ဒီတော့ပညာရှင်တွေက ရှေ့မှာနမူနာယူစရာမရှိဘဲ စာဆိုလူငယ်ကလေးဟာ ဒီလိုပျို့ကြီးမျိုးကို ဘယ်လို ဖွဲ့နိုင်တာပါလိမ့်လို့ စဉ်းစားကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ ဆရာကြီးဒေါက်တာလှဘေရဲ့အယူအဆတစ်ခုကို ပြောရမယ်။ ရှင်မဟာရဋ္ဌသာရဟာ နမူနာယူစရာစာပေမျိုး ရှေ့မှာမရှိဘဲ ခုလိုရေးဖွဲ့နိုင်တဲ့အကြောင်းက သူ့နောင်တော်ရဲ့အကူအညီကြောင့် ဖြစ်နိုင်တယ်...တဲ့"

"ဟင် သူ့နောင်တော်ဆိုတာ ဘယ်သူပါလဲ ဘဘ"

"ရှင်မဟာရဋ္ဌသာရရဲ့ အတ္ထုပ္ပတ္တိမှာပါတယ်လေ။ စာဆိုရဲ့နောင်တော် ရှင်ဝရစက္ကပါလဆိုတာ သီဟိုဠ်...အဲ သီဟိုဠ်ပေါ့၊ အခုသီရိလင်္ကာပေါ့။ အဲဒီမှာ ပညာသွားသင်ခဲ့လို့ သီဟိုဠ်ရောက်ဆရာတော်လို့ ထင်ရှားတယ်လေ"

"ဟုတ်ကဲ့၊ သမီးမှတ်မိပါပြီ ဘဘ"

"အဲဒီဆရာတော် သီဟိုဠ်မှာ ရှိစဉ်တုန်းက သီဟိုဠ်မှာ ဇာတကဝတ္ထုတွေကို ကဗျာရှည်ကြီးတွေဖွဲ့တဲ့အလား ထွန်းကားနေလေ–တဲ့။ သီဟိုဠ်စာပေသမိုင်းကိုကြည့်ရင် အဲဒီကဗျာတွေအကြောင်းတွေ့နိုင်တယ်။ တို့သိတဲ့ ဘုရားလောင်းဂုတ္တိလစောင်းဆရာကြီးအကြောင်းဖွဲ့တဲ့ ဂုတ္တိလဇာတ်ကဗျာ သီဟိုဠ်မှာ ပေါ်ပေါက်နေတယ်လေ။ ဒီတော့ ဆရာကြီးဒေါက်တာလှဘေက ဘယ်လိုယူဆသလဲဆိုရင် သီဟိုဠ်ရောက် ဆရာတော်ဟာ အဲဒီကဗျာတွေအကြောင်းကို ညီဖြစ်တဲ့ ရှင်မဟာရဋ္ဌသာရကို ပြန်ပြောပြလို့ စိတ်ကူးပေါ်ပေါက်ပြီး ဇာတကပျို့တွေဖွဲ့တာဖြစ်နိုင်တယ်လို့ ယူဆတယ်။ မှတ်သားစရာပေါ့ကွယ်"

"မှတ်သားထားပါ့မယ် ဘဘ"

"အဲဒီ ဘူရိဒတ်လင်္ကာကြီးမှာလဲ အလှကွက်တွေပါတယ်ကွဲ့။ လက်စွမ်းပြကဗျာတွေလို စကားလုံးတူတွေချည်း ဦးစားပေးတာတော့ မဟုတ်ဘူး။ ဆိုပါတော့၊ ပျို့ရဲ့အချပိုဒ်သုံးပိုဒ်မှာ 'ကြောင့်ကြအိုးသို့ဝေသတည်း'၊ 'ပျောင်းချည့်ကြိုးသို့ ခွေသတည်း'၊ 'နှင်းရည်မိုးသို့စွေသတည်း' ဆိုပြီး ဆက်ဖွဲ့တာမျိုးပေါ့။ ပုံစံတူဝါကျကလေး သုံးခုအပြိုင်ဖွဲ့တဲ့အပြင် 'ဝေ၊ ခွေ၊ စွေ' ဆိုပြီး ကာရန်တူ စကားလုံးကလေးတွေ အလဲအလှယ်လုပ်ထားတာ အင်မတန်လှတဲ့ အကွက်ကလေးပေါ့ကွယ်"

"ဟုတ်တယ်နော် ဘဘ"

"ဒါ...နမူနာပြောတာပါ။ စတုဓမ္မသာရ ကိုးခန်းပျို့ထဲမှာ ဘာသာစကားအသုံးကြောင့် စာပေအထောက်အထားအဖြစ် ဘဘတို့ အမြဲကိုးကားနေရတဲ့ အဖွဲ့တစ်ခုရှိတယ်...ကွဲ့"

"ပြောပြပါ ဘဘ"

"ကိုးခန်းပျို့အပိုဒ် ၂ မှာ ဖွဲ့ထားတဲ့ ပဒကလေးသုံးခုပါ၊ 'သံပြတ်သာအိန့်၊ ဤသို့မိန့်၏၊ ကျော်ထိန့်အံ့ဖွယ်'...တဲ့။ အကြောင်းအရာက ဘုရားရှင်ဟာ သာယာတဲ့အသံနဲ့ မိန့်ကြားတော်မူတယ်ဆိုတဲ့ အကြောင်းအရာပဲ၊ ဇာတ်လမ်းဆက်ထားတဲ့ သာမန်အကြောင်းအရာကလေးပဲ။ အဲ...အကြောင်းအရာက သာမန်ပေမဲ့ အရေးအဖွဲ့ကတော့ အင်မတန်ထူးခြားတယ်ကွဲ့၊ မှတ်သားစရာ ကိုးကားစရာ အင်မတန်ကောင်းတယ်"

"သမီးမသိပါဘူး ဘဘ၊ ဘယ်လိုထူးခြားတာပါလဲ"

"အဲဒီမှာ ကာရန်ယူထားတဲ့စကားလုံးတွေကို သမီးကြည့်ပြီး ပြောပြစမ်းပါ"

"အိန့်ရယ်၊ မိန့်ရယ်၊ ထိန့်ရယ် ကာရန်ယူထားပါတယ် ဘဘ"

"ဟုတ်တယ်၊ အဲဒီ အိန့်–မိန့်–ထိန့် ဆိုတဲ့ စာလုံး သုံးလုံးဟာ ဘယ်လိုထူးခြားသလဲ၊ သမီး သိသလား"

"မသိပါဘူး ဘဘ"

"အေး... အဲဒါပြောမလို့။ မြန်မာစာမှာ လုံးကြီးတင်နသတ်အောက်မြစ်ရေးထုံးသတ်ပုံဟာ အဲဒီ အိန့်၊ မိန့်၊ ထိန့် သုံးလုံးပဲ ရှိတယ်...ကွဲ့၊ အဲဒါ ထူးခြားတာပဲ"

"ဟင်၊ ဟုတ်လား ဘဘ"

"ဟုတ်တယ်။ သမီးတို့ဆရာတွေ ကိုးခန်းပျို့သင်ပေးတုန်းက သင်ခဲ့မှာပေါ့၊ သမီးသတိမထားမိလို့နေမှာပါ။ 'အိန့်' ဆိုတာ သာယာတယ်၊ ချိုသာတယ်လို့ အဓိပ္ပာယ်ရတယ်၊ 'မိန့်'ကတော့ မိန့်ကြားတယ်ပေါ့။ 'ထိန့်'ကတော့ ကျော်စောတယ်၊ ကျော်ကြားတယ် ဆိုတဲ့အဓိပ္ပာယ်ပဲ။ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းမှာ ရှာကြည့်ရင် လုံးကြီးတင် နသတ်အောက်မြစ်နဲ့ စာလုံးပေါင်းက ဒီသုံးလုံးပဲရှိတယ်။ ကဲ...စဉ်းစားကြည့်လေ။ မြန်မာစာမှာ သုံးလုံးထပ်ရှိတဲ့ စာလုံးသုံးလုံးကို အဓိပ္ပာယ်လဲ ဆီလျော်အောင် ကာရန်ယူပြီး ဖွဲ့ခဲ့တဲ့ စာဆိုရဲ့ အဲဒီအရေးအဖွဲ့ဟာ စာလုံးပေါင်းသတ်ပုံနဲ့ ပတ်သက်ပြီး ဘဘတို့ ခုအထိ ကိုးကားနေရတဲ့ အဖွဲ့ပေါ့ကွယ်"

"သိပ်တော်တာပဲနော် ဘဘ"

"ဟုတ်တယ်။ မြန်မာစာ ဘယ်လောက်နိုင်နင်းတယ်ဆိုတာကို ဖော်ပြနေတာပေါ့ကွယ်။ ပြောရအုံးမယ်။ ကုန်းဘောင်ခေတ်မှာ စိန္တကျော်သူ ဦးဩက ကဝိလက္ခဏာသတ်ပုံ သံပေါက်ရေးတော့ အဲဒီအကြောင်း ထည့်ရေးတယ်။ စိန္တကျော်သူက ရှင်မဟာရဋ္ဌသာရကို အင်မတန် ကြည်ညိုလေးစားပြီး ဆရာတင်ထားတာမို့ ဘယ်လိုဖွဲ့သလဲဆိုရင် 'အိန့်–မိန့်–ထိန့်' သုံးလုံးကလွဲပြီး လုံးကြီးတင်နသတ်အောက်မြစ်နဲ့ရေးရတဲ့ စာလုံးကို ရှာနိုင်တဲ့သူကိုဆရာတင်ပါ့မယ်...တဲ့။ ရှာနိုင်ရင် ရှာကြပါလို့ ခုခေတ် စကားနဲ့ပြောရရင် 'စိန်ခေါ်' တာပေါ့ကွယ်။ အဲဒီသံပေါက်တော့ ဘဘဆိုမပြတော့ဘူး၊ သမီးရှာဖတ်ကြည့်ပေတော့"

"ဟုတ်ကဲ့ပါ"

"ပညာရှင်တွေက ကြိုးစားပြီး ရှာပြကြသေးတယ်။ 'သိန့်' တို့၊ 'ဖိန့်' တို့ပေါ့။ ဒါပေမဲ့ 'သိန့်' ဆိုတာ 'သိန်' ကို ကာရန်ငဲ့ပြီး အောက်မြစ်ထည့်ထားတာမို့ မူရင်းမဟုတ်ဘူး 'ဖိန့်' ကလဲ 'ဖိန်း' ကို ကာရန် ငဲ့ထားတာပဲလေ။ တကယ်တော့ဘယ်သူမှ ဒီသုံးလုံးထက်ပိုပြီး မပြနိုင်ပါဘူးကွယ်"

"မှတ်သားထားပါ့မယ် ဘဘ"

"နောက်ဆုံးအနေနဲ့တော့ သံဝရပျို့မှာ ရှင်မဟာရဋ္ဌသာရဖွဲ့ပြတဲ့ အလှကွက်ကလေး အကြောင်းပဲ။ သံဝရမင်းသားက သူ့နိုင်ငံသာယာဝပြောတဲ့ အကြောင်းပြောပြတဲ့အခန်းမှာ ဝပြောတဲ့ အဓိပ္ပာယ် ထင်ရှားအောင် ပျို့အပိုဒ်(၁၁)ပိုဒ်မှ အချပိုဒ်တွေကို ဝဆွဲပါတဲ့စာလုံးတွေနဲ့ချည်း ချထားတယ် ပထမပိုဒ်က 'ပေးစမငြီးငွေ့သတည်း' တဲ့။ 'ငြီးငွေ့' ဆိုတော့ 'ငွေ့'က ဝဆွဲပါတာပေါ့။ နောက်အပိုဒ်တွေမှာ 'ရမ်းလွေ့၊ သိမ်မွေ့၊ ကောက်ကွေ့၊ ခုန်ဆွေ့၊ ပန်းနှယ်သွေ့၊ မျဉ်းခွေ့၊ မရွေ့၊ မတွေ့၊ ရှည့်နှယ်စွေ့၊ လက်ပွေ့' အားလုံး ၁၁ လုံးပေါ့။ နောက်တော့သမီးအေးအေးဆေးဆေး ဖတ်ကြည့်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီဝဆွဲ ၁၁ လုံးနဲ့ရေးတဲ့စာလုံးတွေမှာ ရရစ်တို့၊ ယပင့်တို့၊ ဟထိုးတို့မပါဘဲ ဝဆွဲချည်း သက်သက်လေ။ တိုင်းပြည်ဝစေ ဖို့ဆိုတဲ့ အဲဒီအဓိပ္ပာယ်နဲ့ရေးတဲ့ အဲဒီ သဝေထိုးဝဆွဲအောက်မြစ်ရေးထုံးဟာလဲ ဒီ ၁၁ လုံးပဲရှိတယ်တဲ့။ စာဆိုက အဲဒီလိုရည်ရွယ်တဲ့အကြောင်း ဖော်ပြထားသေးတယ်–ကွဲ့။ ဘာသာစကားကို လှလှပပသုံးပြီး စာပေအလှကွက်ဖော်တဲ့ သာဓကတစ်ခုပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

> **"ဟုတ်တယ်၊ အဲဒီ အိန့်-မိန့်-ထိန့် ဆိုတဲ့ စာလုံး သုံးလုံးဟာ ဘယ်လိုထူးခြားသလဲ၊ သမီး သိသလား"**
>
> **"မသိပါဘူး ဘဘ"**
>
> **"အေး... အဲဒါပြောမလို့။ မြန်မာစာမှာ လုံးကြီးတင်နသတ်အောက်မြစ်ရေးထုံးသတ်ပုံဟာ အဲဒီ အိန့်၊ မိန့်၊ ထိန့် သုံးလုံးပဲ ရှိတယ်...ကွဲ့၊ အဲဒါ ထူးခြားတာပဲ"**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

နေပြည်တော် မေ ၉

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို မေ ၃၀ ရက် အထိ တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လျှာဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App - Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ -



အော်ရီဂျင်နယ်လ် ဂိုဏ်းစတား
မြင့်မြတ်၊ ယုန်လေး၊ မင်းဦး၊ ယုသန္တာတင်



ဒယ်ဒီလန်ထွက် သမီးမာန်တက်
လူမင်း၊ ရာဇာနေဝင်း၊ သဥ္ဇာနွယ်ဝင်း



အပုန်း
မြင့်မြတ်၊ သဥ္ဇာဝင့်ကျော်



ကူဖော်လောင်ဖက်
လူမင်း၊ ဇင်ဝိုင်း၊ အိချောပို



ဆဌမမြောက်အခန်း
လူမင်း၊ နေခွေး၊ ပိုင်ဖြိုးသု



အလျော်အစားပြင်းတယ်
လူမင်း၊ မင်းဦး၊ ဖွေးဖွေး၊ ရွှေမှုံရတီ



လိပ်ပြာ
ပြေတီဦး၊ ဝတ်မှုံရွှေရည်၊ ခိုင်နှင်းဝေ



သုံးယောက်ပေါင်း လောင်းကျော်
လူမင်း၊ မင်းဦး၊ ရာဇာနေဝင်း၊ ယုသန္တာတင်၊ ပွင့်၊ တက္ကသိုလ်ဖွမ်းပုံ



ဒယ်ဒီပွစိ
လူမင်း၊ ကျော်ကျော်၊ ဝတ်မှုံရွှေရည်



ကျွန်မက မဟေသီ
ပြေတီဦး၊ မိုးဟေကို၊ ခိုင်နှင်းဝေ



မပြိုပါနဲ့ အချစ်အိမ်ကလေး
ပြေတီဦး၊ မင်းမော်ကွန်း၊ ဝတ်မှုံရွှေရည်



လာထား အာဘွား
နေတိုး၊ ရန်အောင်၊ ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနား



လာထား အာဘွား (၂)
နေတိုး၊ ဝေဠုကျော်၊ သက်မွန်မြင့်



ဦးရဲ့အရုပ်
ပြေတီဦး၊ ပက်ထရစ်ရှာ



ပါးစပ်စီးသူများ
မြင့်မြတ်၊ ဖွေးဖွေး

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေလုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ဂယောက်ဂယက်ဖြစ်ပြီးတော့ အသက်တိုကြရ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ဘဝ ဆိုတာဟာ တကယ့်ကို နုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကိုလျှောက်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ အခု ကျွန်တော်နဲ့ဆွေးနွေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကိုပြောရမယ်ဆိုရင်တော့ အခုဆိုရင် အသက် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှဖြစ်ပါတယ်။ အခုကျွန်တော် စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။**

*ယမန်နေ့မှ အဆက်*

**ကြည်စိုးထွန်း** ။ ။ ထင်ရတာပေါ့။ အဲဒီလို နည်းနည်းလေး လှည့်စားပြီးတော့ ရိုက်တယ်။ အဘတို့ခေတ်တုန်းကတော့ ဒိုင်ဗင်ထိုးဆိုလည်း လူစားမရှိဘူး။ ကိုယ်တိုင်ထိုးရတာနော်။ ဆိုင်ကယ်စီးဆိုလည်း ကိုယ်တိုင်စီးရတာ တစ်ခါတည်း ဒီဆိုင်ကယ်ကနေပြီးတော့ လိုက်ပြီးတော့ ရှေ့ကားက မင်းသမီးကရှေ့က ကားပါသွားပြီ မင်းသားကနောက်ကနေ ပြီးတော့ ဆိုင်ကယ်နဲ့လိုက်၊ အနားလည်း ရောက်ရော တစ်ခါတည်းဆိုင်ကယ်ပေါ်ကနေ ကန်ပြီးတော့ ကားပေါ်ကို ဒိုင်ဗင်ထိုး တက်တာမျိုးတွေက အဲဒီလိုဟာမျိုးတွေက တကယ်လုပ်ကြရတာကိုးနော်။ တကယ်လုပ်ကြရတယ်။ တချို့လည်း တကယ်ထိသွားတာပေါ့။ တကယ်သူ့ဟာသူ ချိန်သားကိုက်ပြီးတော့ တွက်ပြီးတော့လုပ်တဲ့ ဥပမာ အဘတို့လိုပေါ့လေ။ စတန့်မင်းသားတွေနဲ့ ဆိုရင်တော့ သူ့ဟာသူ အဆင်ပြေသွားတာပေါ့၊ ဒါတောင်မှ ဘာပဲဖြစ်ဖြစ် အဘရယ် တဖြည်းဖြည်းကျတော့ ဒဏ်တွေက ဖြစ်ဖြစ်လာတာပေါ့။ အဘက အခု ၉၄ နှစ်ထဲ ရောက်ပြီ၊ ဘာမှဒီဒဏ်တွေမရှိဘူးဆိုတော့ အဘပြောသလို အနန္တောအနန္တငါးပါး ကျေးဇူးပါပဲ။

**ဒိုင်ဗင်တင်လှ** ။ ။ ဟုတ်တယ် ဒဏ်မရှိဘူး။ ကျန်းမာတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။ နောက်ဆုံးပေါ့လေ။ အဘမှတ်မိတဲ့ ကားတစ်ကားလောက်ပြောပါ၊ အဘရိုက်တဲ့ကားထဲက အဘမှတ်မိတဲ့ကား၊ မှတ်မိတဲ့ကားဆိုတာ တကယ်ကို စိတ်ထဲမှာ မှတ်မိနေတာ အဲဒီကားကို အဲဒါမျိုး။

**ဒိုင်ဗင်တင်လှ** ။ ။ 'စောရသက်ပြင်း' တို့ 'စောရလက်ဝဲ' တို့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ** ။ ။ 'သူမိုက် ကိုယ်မိုက်' တို့က တော်တော်ထိုးကြတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ 'သူမိုက် ကိုယ်မိုက်'။

**ဒိုင်ဗင်တင်လှ** ။ ။ နောက် 'သူပုန်မ'။


**ကြည်စိုးထွန်း** ။ ။ 'သူပုန်မ' အဲဒီမှာလည်း တကယ်ထိုးကြရတယ်၊ ဒိုင်ဗင်ကတော့ ကားတိုင်းထိုးရတာပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ ဒိုင်ဗင်ကအမြဲပါတယ် မပါလို့မရဘူး။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ဒိုင်ဗင်တင်လှ ဖြစ်နေတာကိုးနော်။ ဒိုင်ဗင်တင်လှဖြစ်နေတော့ ဒိုင်ဗင်ကမထိုးလို့ မဖြစ်ဘူးပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ ဒိုင်ဗင်တင်လှ နာမည်ပေးထားတော့ ကားထဲမှာ ဒိုင်ဗင်မပါရင် ပရိသတ်က ဘယ်ကြည့်တော့မလဲ။ ဒီဗမာပြည်က တံတားတွေထဲမှာ အဘ မထိုးဖူးတဲ့ တံတားမရှိဘူး၊ ငမိုးရိပ်တို့၊ စစ်တောင်းတံတားတို့ အကုန်လုံးထိုးပြီးပြီ။

**ကြည်စိုးထွန်း** ။ ။ ဪ ဒိုင်ဗင်ထိုးဖူးတယ်။ ဟုတ်ကဲ့



ဋ္ဌေးဝင်း



မောင်မောင်စိန်

ဟုတ်ကဲ့၊ အဲဒီတုန်းက ထိုးတုန်းက အဘရိုက်တဲ့အခါမှာ။

**ဒိုင်ဗင်တင်လှ** ။ ။ နောက်က ရဲတွေ လိုက်လို့ ပြေးပြီးတော့ အဲဒီကနေ ထိုးပြီးသွားတာ ထိုးလိုက်တော့ လွတ်သွားရော။

**ကြည်စိုးထွန်း** ။ ။ အဲ အဲဒီလို ဟုတ်ပြီ။ အဘ ဇာတ်လမ်းကတော့ အဲဒီလိုပေါ့။ တကယ်ထိုးတဲ့အခါ

**ဒိုင်ဗင်တင်လှ** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ဪဆရာတွေကလည်း ဘယ်လိုလဲ၊ ခိုင်းတာပဲလား၊ ဘာမှညှာညှာတာတာ မရှိဘူးလား၊ တင်ဖေတို့၊ ဆရာ ကိုလှတင်တို့၊ မောင်မောင်စိန်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဟုတ်ကဲ့။သူတို့ကလည်း ခိုင်းတာပဲလား အဘတို့ကို။

ချတယ်။ အဲဒီလိုဇာတ်လမ်းက အဲဒီလို မဟုတ်မခံ။ မတရားလုပ်တာ မရဘူး။

**ကြည်စိုးထွန်း** ။ ။ အဘ အဲဒီတော့ စတန့်ကားတွေထဲမှာ သရုပ်ဆောင် လာတာပေါ့နော်။ အသံတိတ်ခေတ်ကနေပြီးတော့ အသံထွက်ခေတ်အထိ သရုပ်ဆောင်လာတယ်၊ နောက်ကျတော့ ဒီဘက်ခေတ်ရောက်တဲ့ အခါကျတော့ စတန့်ကားတွေက နည်းနည်းလေး အရိုက်ကျဲလာတော့ပေါ့နော်။ အရိုက်ကျဲလာတော့ အဘကဇာတ်ထဲကို လိုက်လိုက်ရတာပေါ့နော်၊ ပုသိမ်ကဇာတ်ထဲကို လိုက်လိုက်ရတာပေါ့နော်၊ အဲဒီထဲမှာ အဘက ပြဇာတ်မင်းသား လိုက်လုပ်တယ်နော်။ အဲဒီနောက်ပိုင်းရော အဘရုပ်ရှင်ထဲ ပြန်ရောက်သေးလား။

**ဒိုင်ဗင်တင်လှ** ။ ။ အဲဒီ နောက်ပိုင်း သင်္ဘောသားလုပ်ပြီး နိုင်ငံခြားထွက်သွားတယ်၊ နိုင်ငံခြားသင်္ဘော Foreign seaman သင်္ဘောသားပဲ ဖြစ်နေတယ်။

**ကြည်စိုးထွန်း** ။ ။ ဪ ရုပ်ရှင်ထဲက ထွက်သွားပြီး သင်္ဘောနောက်လိုက်နေတယ်၊ဪ ကမ္ဘာပတ်တော့တာပေါ့၊ အဲဒီမှာ ရုပ်ရှင်နဲ့ အဆက်ပြတ်သွားလား။

**ဒိုင်ဗင်တင်လှ** ။ ။ အဘလည်း သင်္ဘောသား ဖြစ်သွားတော့



" သူမိုက်ကိုယ်မိုက်" ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ကျတော့ အဘတို့ကို ကယ်ဖို့ပေါ့နော်။ တစ်ခုခုဖြစ်ရင် တစ်စုံတစ်ခုဖြစ်ရင် ကယ်ဖို့ ဆိုပြီးတော့ ကယ်ဆယ်ရေးအဖွဲ့တွေကော ရှိလား အဲဒီတုန်းက။

**ဒိုင်ဗင်တင်လှ** ။ ။ ကယ်ဆယ်ရေး အဖွဲ့ မလိုဘူး။ ဘာမှမဖြစ်ပဲကိုး၊ ကယ်ဆယ်ရေးမလိုဘူး။

**ကြည်စိုးထွန်း** ။ ။ တစ်စုံတစ်ခုများ ဖြစ်သွားရင် ဆိုပြီးတော့ စောင့်တာလဲ မရှိဘူး။

**ဒိုင်ဗင်တင်လှ** ။ ။ ဘာမှမလိုဘူး။

**ကြည်စိုးထွန်း** ။ ။ ချကြတာပဲ အဲဒါမျိုးလည်း ရအောင်ရိုက်တာပဲ။

**ဒိုင်ဗင်တင်လှ** ။ ။ ခိုင်းတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ အဲဒီတော့ ခုနက မှတ်မိတဲ့ 'စောရသက်ပြင်း' မှာ ဘာတွေမှတ်မိလဲအဘ။ 'စောရသက်ပြင်း' တုန်းက။

**ဒိုင်ဗင်တင်လှ** ။ ။ 'စောရသက်ပြင်း' မှာ အဘက မဟုတ်မခံ လူဆိုးလို ဖြစ်နေတာပေါ့။ မဟုတ်မခံဘူးလေ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ပြဿနာတွေဖြစ်။

**ဒိုင်ဗင်တင်လှ** ။ ။ ဇာတ်ကားထဲမှာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ** ။ ။ မတရားတာ မကြိုက်ဘူး။ မတရားလုပ်ရင် ရုပ်ရှင်နဲ့က အဆက်ပြတ်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ပြန်လာတော့ ဆက်မရိုက်ဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ သင်္ဘောကြီး ပေါ်ကလည်း ဒိုင်ဗင်ထိုးလိုက်တာပဲ။

**ကြည်စိုးထွန်း** ။ ။ ဪ သင်္ဘောကြီး ပေါ်က ဒိုင်ဗင်ထိုးတယ်။

**ဒိုင်ဗင်တင်လှ** ။ ။ ကပ္ပတိန်တို့၊ ဘာတို့ကတော့ don't do like this very dangerous အန္တရာယ်ရှိတယ် မလုပ်နဲ့၊ မလုပ်ပါဘူးဆိုပြီး သူတို့လစ်ရင် ထိုးတာ။

**ကြည်စိုးထွန်း** ။ ။ ဪ သူတို့လစ်ရင် သင်္ဘောပေါ်ကနေ ထိုးတာ၊ ဟုတ်ကဲ့၊ အဲဒီမှာကော တချို့က သဘောမကျဘူးလား အဘဒိုင်ဗင် ထိုးပြတာကို။

**ဒိုင်ဗင်တင်လှ** ။ ။ တစ်ယောက်ကသင်္ဘောသား အချင်းချင်းက ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ ဒိုင်ဗင်ထိုးပြစမ်းပါ ဆိုပြီးတော့ သူတို့က ဟုတ်ကဲ့ အလောင်းအစားတွေကောမလုပ်ဘူးလား။ အဲဒီမှာ ထိုးရဲတယ် မထိုးရဲဘူးဆိုပြီးတော့။

**ဒိုင်ဗင်တင်လှ** ။ ။ သူတို့က မထိုးရဲဘူးလေ။

**ကြည်စိုးထွန်း** ။ ။ အလောင်းအစားတွေကော မဖြစ်ဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ အလောင်းအစားတွေလား။ ဘုရင့်နောင်တံတားပေါ်က တစ်သိန်းကြေးလောင်းထိုးတာ၊ အဘထိုးတယ်၊ နောက်ဆုတ်သွားတယ်။ မလုပ်နဲ့တဲ့ မင်းတစ်သိန်းဆုံးမယ်ဆိုပြီး သူတို့လူအချင်းချင်း ပြန်လစ်သွားတယ် တစ်သိန်း။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား သင်္ဘောသား ဘဝတုန်းကကော အဲဒီလို အလောင်းအစားမရှိဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ အလောင်းအစား မရှိဘူး။

**ကြည်စိုးထွန်း** ။ ။ မင်း ဒီသင်္ဘောပေါ်ကနေမင်းထိုးရဲလား။ ထိုးရဲရင်။

**ဒိုင်ဗင်တင်လှ** ။ ။ သင်္ဘောကိုport တွေဘာတွေ ဆိုက်လို့ရှိရင်တော့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ** ။ ။ ဒိုင်ဗင်တွေ ဘာတွေ ထိုးတာပေါ့။ ကုန်တင်ကုန်ချကောင်တွေက အဲဒီကောင်တွေက တွေ့ရင်တော့ အဲဒီကောင်တွေက ဆုပေးတယ်ပေါ့လေ။

**ကြည်စိုးထွန်း** ။ ။ လက်ခုပ် တီးပြီးတော့ ဘောက်ဆူးပေးတာပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ ဒေါ်လာတွေ ဘာတွေ ပေးတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ကမ္ဘာပတ် လာတာ ဟုတ်လား၊ ကမ္ဘာပတ်ပြီးတော့ကို ဒိုင်ဗင်ထိုးလာတဲ့ သဘောပေါ့နော် အဘနော်၊ အဲဒီတော့အဘ အခုဟာကတော့ နှစ်တိုင်းလိုလိုလည်း အဘက ကန်တော့ခံထဲမှာ ပါနေပြီနော်။

**ဒိုင်ဗင်တင်လှ** ။ ။ ပါတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ရုပ်ရှင်အစည်းအရုံးက ကျွန်တော် မှတ်မိသလောက်က အဘကို ရုပ်ရှင်အစည်းအရုံးကနေ လစဉ်လစဉ် ထောက်ပံ့ကြေးပေးတာလည်း အဘရတယ်မှတ်လား။ အဘတို့လို အသက်ကြီးတဲ့လူဆို ပေးပါတယ်နော်၊ နောက်တစ်ခါ နှစ်တိုင်း နှစ်တိုင်း ကန်တော့တယ်ဆို အဘတို့က ထိပ်ဆုံးက ပါတယ်ပေါ့၊

*စာမျက်နှာ ၂၄ သို့*

## ရွှေလီမြို့မှ ပြန်လည်ရောက်ရှိလာသူ ငါးဦးတို့အား ကျန်းမာရေးစစ်ဆေးပေးပြီး ၁၄ ရက် စောင့်ကြပ်ကြည့်ရှု

**ဆီဆိုင် ဧပြီ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အောင်ချမ်းသာရပ်ကွက် နယ်မြေ (၂) တွင် ဧပြီ ၈ ရက်က တရုတ်နိုင်ငံ ရွှေလီမြို့မှ အလုပ်လုပ်ပြီး ပြန်လည်ရောက်ရှိလာသူ ငါးဦးတို့အား ကျန်းမာရေး စစ်ဆေးပေးပြီး ၁၄ ရက် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

ကျန်းမာရေးစစ်ဆေးရာတွင် အောင်ချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံဝင်းမောင်နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်မေမြတ်သူတို့က ရွှေလီမြို့မှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးတို့အား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် ကိုဗစ်-၁၉နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးခဲ့သည်။

ရွှေလီမြို့မှ ပြန်လည်ရောက်ရှိလာသူ ငါးဦးတို့အား မြို့နယ်အဆင့် ကိုဗစ်-၁၉ စောင့်ကြပ်စစ်ဆေးကုသရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် အမျိုးသား သုံးဦးကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ အမျိုးသမီး နှစ်ဦးကို အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း ထားရှိပြီး ၁၄ ရက် ကျန်းမာရေး စောင့်ကြပ် ကြည့်ရှုပေးလျက်ရှိကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

## တာမိုးညဲမြို့နယ် မန်ကျယ်ကျေးရွာနှင့် ကောင်းလိန်ကျေးရွာတို့ရှိ စောင့်ကြည့်လူနာဆောင်သို့ စားနပ်ရိက္ခာများလှူဒါန်း

**တာမိုးညဲ ဧပြီ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း တာမိုးညဲမြို့ မန်ကျယ်ကျေးရွာနှင့် ကောင်းလိန်ကျေးရွာတို့တွင် ပြည်တွင်းစောင့်ကြည့်လူနာများနှင့် ပြည်ပမှ ရောက်ရှိလာပြီး ၁၄ ရက်ကြာ စောင့်ကြည့်ထားသည့် စောင့်ကြည့်လူနာဆောင်သို့ ဧပြီ ၈ ရက် နံနက်က လိုအပ်သည့် စားနပ်ရိက္ခာများ သွားရောက်လှူဒါန်းသည်။

အဆိုပါ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲအစရှိသည့် စားနပ်ရိက္ခာများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းခြင်းဖြစ်ပြီး ၁၄ ရက်ကြာစောင့်ကြည့်ထားသည့် မန်ကျယ်ကျေးရွာနှင့် ကောင်းလိန်ကျေးရွာတို့ရှိ စောင့်ကြည့်လူနာဆောင်သို့ တာမိုးညဲမြို့ မြို့အုပ်ချုပ်ရေးမှူးဦးထွန်းနိုင်၊ ကွတ်ခိုင်မြို့ ကျန်းမာရေးဌာနမှ ဒေါက်တာဝင့်ဝင့်မြိုင်၊ စီမံကိန်းဦးစီးအရာရှိဦးတင်ထွန်းအောင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်အေးမင်းမင်းစံနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ငွေငွေကြည်တို့က သွားရောက် လှူဒါန်းခြင်းဖြစ်သည်။

တာမိုးညဲမြို့နယ် မန်ကျယ်ကျေးရွာတွင် ပြည်ပမှ ရောက်ရှိလာသူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ငါးဦး၊ ပြည်တွင်းစောင့်ကြည့် လူနာ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၉၆ ဦးနှင့် ကောင်းလိန်ကျေးရွာတွင် ပြည်ပမှ ရောက်ရှိလာသူ အမျိုးသား ရှစ်ဦး၊ ပြည်တွင်းစောင့်ကြည့်လူနာ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၁ ဦးတို့ကို စောင့်ကြည့်လူနာဆောင်၌ ၁၄ ရက်ကြာ သီးသန့်စောင့်ကြည့်ထားပြီး တစ်ဦးလျှင် ဆန် လေးပြည်၊ ဆီ ၃၀ ကျပ်သား၊ ဆား ၂၅ ကျပ်သားနှင့် ကုလားပဲ နှစ်ဘူး တို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခံပြည်သူတချို့ နေအိမ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေး

**ကော့သောင်း ဧပြီ ၁၀**

မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့ ညနေပိုင်းက သွားလာကန့်သတ်စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်သူ တချို့အား မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့တွင် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြို့ခံ ပြည်သူတချို့မှတစ်ဆင့် ကိုဗစ်-၁၉ကူးစက်ပါရှိလာကာ မြို့နေပြည်သူများသို့ ဖြစ်ပွားကူးစက်မှု မဖြစ်ပေါ်စေရေး ရောဂါထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကော့သောင်းခရိုင် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီ၏ကြီးကြပ်မှုဖြင့် သွားလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုသုံးနေရာကို မတ် ၂၃ ရက်က စတင်ဖွင့်လှစ်ကာ စောင့်ကြည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကော့သောင်းမြို့၌ ကိုဗစ်-၁၉ စောင့်ကြည့်ခံရသူအချို့အား နေအိမ်ပြန်ပို့ရန် စီစဉ်နေစဉ်။

သွားလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုသုံးနေရာဖြစ်သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာန လေးမိုင် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ စောင့်ကြည့်ပြည်သူ ၃၉ ဦးအနက် အမျိုးသမီး ၁၆ ဦး၊ ပုလုံးတုံတုံးကျေးရွာ အရေးပေါ်ခိုလှုံရာ ဘက်စုံသုံးအဆောက်အအုံမှ စောင့်ကြည့်ပြည်သူ ၆၀ အနက် အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီးတစ်ဦး၊ ပေါင်း ၃၄ ဦး၊ ပိတောက်ရွှေဝါရပ်ကွက်၊ အထကခွဲကျောင်းမှ စောင့်ကြည့်ပြည်သူ ၃၉ ဦးအနက် အမျိုးသား နှစ်ဦး၊ အမျိုးသမီး ၂၄ ဦး ပေါင်း ၂၆ ဦး စုစုပေါင်း ပြည်သူ ၇၆ ဦးအား စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်ပြီး ရောဂါဖြစ်ပွားသည့် ကနဦးလက္ခဏာများ ဖြစ်ပေါ်တွေ့ရှိရခြင်းမရှိကြသဖြင့် ကော့သောင်းခရိုင် ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများ ကြီးကြပ်စီစစ်၍ ဧပြီ ၈ ရက်က ၎င်းတို့နေအိမ်များသို့ ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး ကျေးရွာများတွင် လက်ဆေးကန်များ ဆောင်ရွက်ပေး

**လွိုင်ကော် ဧပြီ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်နိုင်စေရန် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရွာသူရွာသားများ ကျန်းမာသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ကျေးလက်ဒေသတွေမှာ လက်ဆေးတဲ့ အလေ့အကျင့်ကောင်းတွေ ဆောင်ရွက်တတ်စေဖို့အတွက် လက်ဆေးကန်တွေထားပေးတယ်။ လက်ဆေးနည်းတွေကို ရှင်းပြပေးတယ်။ နှာခေါင်းစည်းကို စနစ်တကျ တပ်နိုင်အောင်လို့ တပ်နည်းတွေကို ရှင်းပြပေးတယ်။ ကိုဗစ်-၁၉ ကို မိမိကစပြီးကာကွယ်နိုင်အောင် တစ်ကိုယ်ရေသန့်ရှင်းဖို့လိုအပ်ကြောင်း ရှင်းပြပေးတယ်။ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်နဲ့ ဗီနိုင်းပိုစတာတွေကို ကပ်ထားပေးပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်မှူး ဦးကျော်သူအောင်က ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျေးရွာ ၁၅ ရွာတွင် လက်ဆေး ဘေစင်များ တပ်ဆင်ပေးကာ၊ ဆပ်ပြာ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပြီး လွိုင်ကော်မြို့အတွင်း ကျေးရွာ ၁၅ ရွာနှင့် လုပ်ငန်း ပေါင်း ၁၇ ခုကို ဆောင်ရွက်ပေးခဲ့သည်။



ကိုစိုင်း (လွိုင်ကော်)

## ဒေးဒရဲမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး အလှူငွေနှင့် ကာကွယ်ရေးသုံး ပစ္စည်းများ လှူဒါန်း

**ဒေးဒရဲ ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေနှင့် ကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ဒေးဒရဲမြို့နယ်အတွင်းရှိ အလှူရှင်များက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး ဖွင့်လှစ်ထားသည့် အသိပညာဖြန့်ဝေရေးဌာနသို့ ယမန်နေ့က လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းအလှူရှင်များ လှူဒါန်းကြသည့် ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းငွေကျပ် ၁၆၅ သိန်း၊ ကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် စောင့်ကြည့်လူနာများအတွက် အစားအသောက်များအား လာရောက်လှူဒါန်းကြရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ပေးရေး မြို့နယ်အဆင့် အထောက်အကူပြုကော်မတီအဖွဲ့ ခေါင်းဆောင် ဦးမြင့်ဦးနှင့် ဘဏ္ဍာရေးမှူး ဦးရဲစိုးအောင်တို့က လက်ခံယူခဲ့ကြကြောင်း သိရသည်။

မြင့်မြင့်ခိုင် (ပြန်/ဆက်)

*စာမျက်နှာ ၂၃ မှ*

ရုပ်ရှင်နဲ့ကတော့ အဘက ဒီလို လူကြီးတစ်ယောက်အနေနဲ့ကတော့ အဆက်မပြတ်ဘူးပေါ့၊ လူငယ်တွေကိုရော လူငယ်တွေရဲ့ အခုရုပ်မြင်သံကြားက လာနေတဲ့ ဇာတ်လမ်းတွေ ဘာတွေကော ကြည့်ရလား။

**ဒိုင်ဗင်တင်လှ** ။ ။ နောက်ပိုင်း ဗီဒီယိုဇာတ်လမ်း အဘ သိပ်မသိတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဩော် သိပ်မကြည့်ဖြစ်တော့ဘူး။ တစ်ခါတလေ မကြည့်မိဘူးလား၊ အဘတို့ခေတ်နဲ့ မတူတော့ဘူးဆိုတာ သိလား။

**ဒိုင်ဗင်တင်လှ** ။ ။ အဘက ဘုရားက လွဲလို့ ဒါတွေအကုန် စွန့်ထားလိုက်ပြီ။

**ကြည်စိုးထွန်း** ။ ။ မကြည့်တော့ဘူးလား။

**ဒိုင်ဗင်တင်လှ** ။ ။ ဘုရားဘက်ပါသွားပြီ။

**ကြည်စိုးထွန်း** ။ ။ ဩော် ဟုတ်လား။

**ဒိုင်ဗင်တင်လှ** ။ ။ ဒါတွေဘာမှမစဉ်းစားတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အဘက ဒီခေတ်က ရုပ်ရှင်လူငယ်တွေကို ဆုံးမမယ်ဆိုရင် အဘက ဘုရား တရားကို ကိုးကွယ်ဖို့၊ ဘုရားတရားကို မမေ့ဖို့၊ အနန္တောအနန္တငါးပါးကျေးဇူးကို မမေ့ဖို့။

**ဒိုင်ဗင်တင်လှ** ။ ။ ဒါပဲ အဲဒါပဲ ပြောနေမှာပဲ။

**ကြည်စိုးထွန်း** ။ ။ အဲဒါပဲ အဘဆုံးမချင်တာပေါ့။

**ဒိုင်ဗင်တင်လှ** ။ ။ ဗွီပြင်ဟာတွေ ဘာမှ မသိဘူး။ ပြောလည်း မပြောတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဒီရုပ်ရှင် အနုပညာနဲ့ ပတ်သက်ပြီးရင်တော့ အဘက ဘယ်လိုမှ မပြောလိုတော့ဘူး။

**ဒိုင်ဗင်တင်လှ** ။ ။ မပြောတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အခု အဘ ဆုံးမချင်တဲ့ အကြောင်းအရာပေါ့၊ ဒီခေတ် လူငယ်လေးတွေကို အဘအနေနဲ့ဆုံးမချင်တဲ့အကြောင်းအရာလေးတွေရှိရင် ခုနက ဟာလေးတွေ ပေါ်မှာ အခြေခံပြီးတော့ ဆုံးမပေးပါအဘ။

**ဒိုင်ဗင်တင်လှ** ။ ။ သူများကို မတရားတာတွေ မလုပ်နဲ့၊ ဘုရားမကြိုက်တာကို မင်းတို့မလုပ်ကြနဲ့ ဒါပဲ အဲဒါပဲ လုပ်နေရတယ်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အရက်မသောက်နဲ့၊ ဆေးလိပ်မသောက်နဲ့၊ နောက်ပြီးတော့ အနန္တောအနန္တငါးပါးကို မမေ့နဲ့၊ ဘုရားတရားကို အမြဲ အာရုံပြု အဲဒါလေး အဘက ပြောချင်တယ်ပေါ့နော်၊ ဟုတ်ကဲ့လားအဘ။ အဘကမပြောဘူး၊ ကျွန်တော်က ချည်းပြောနေရတာလေ။

**ဒိုင်ဗင်တင်လှ** ။ ။ ဟုတ်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ (ရယ်၍) အဲဒီအတိုင်း ပြောချင်တာပေါ့နော်၊ အဘ အဆုံးအမအတိုင်းပဲ။

**ဒိုင်ဗင်တင်လှ** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ တခြားပုဂ္ဂိုလ်တွေလိုပဲ ကျွန်တော်လည်း အဲဒီအတိုင်းနေဖို့ ကျွန်တော်ကြိုးစားပါ့မယ် အဘရယ်၊ အခုလို အဘဒီမှာလာရောက်ပြီးတော့ ကျွန်တော့်ရဲ့ရုပ်ရှင်စကားဝိုင်းလေးမှာ အသက်အကြီးဆုံး ပုဂ္ဂိုလ်အနေနဲ့ လာရောက် ဆွေးနွေးပေးတာကို ကျွန်တော် ကျေးဇူးတင်ပါတယ် အဘရေ၊ ကန်တော့ပါတယ်နော် အဘ။

**ဒိုင်ဗင်တင်လှ** ။ ။ သာဓု သာဓု သာဓုပါဗျာ၊ ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ သာဓု သာဓု သာဓု...။ ။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၀)

# ရွေးကောက်ပွဲနှင့် အသုံးပြုသည့်နည်းစနစ်



မောင်စာဂ

ရွေးကောက်ပွဲတစ်ခုတွင် ဆန္ဒမဲပေးမည့်သူများအတွက် မဲဆန္ဒရှင်များစာရင်း ပြုစုရသည်။ ဆန္ဒမဲလက်မှတ်များ ပြုစုရသည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုရသည်။ ဆန္ဒပြုပြီးသောဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်ရသည်။ မဲရုံအလိုက် ဆန္ဒမဲများ ရေတွက်ရသည်။ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်များကို ကြေညာပေးရသည်။ ဖော်ပြခဲ့သည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို အချို့သောနိုင်ငံများ၏ ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ အီလက်ထရောနစ်နည်းပညာ တိုးတက်လာသည်နှင့်အညီ အဆင့်မြှင့်တင်၍သုံးစွဲကာ အောင်မြင်မှုများရရှိနေကြသည်။ မြန်မာနိုင်ငံကလည်း မည်သို့ကျင့်သုံးဆောင်ရွက်နေပါသနည်း။ အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲစနစ်ကို စံပြု၍ အနှစ်ချုပ်ဖော်ပြပါမည်။

### အီလက်ထရောနစ်နည်းပညာသုံးစွဲရခြင်း၏ရည်ရွယ်ချက်

အီလက်ထရောနစ်နည်းပညာသုံး မဲပေးသည့်စနစ်ကို ကျင့်သုံးရခြင်းမှာ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရန်၊ လွယ်ကူစွာ ဆန္ဒမဲရေတွက်နိုင်ရန်၊ အချိန်ကုန်ငွေကုန်သက်သာစေရန်၊ လူအင်အားအသုံးချမှု လျော့နည်းစေရန်နှင့် အချိန်တိုအတွင်း မဲရလဒ်များရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင့်သုံးခြင်းဖြစ်သည်။

### အိန္ဒိယနိုင်ငံရွေးကောက်ပွဲစနစ်

အိန္ဒိယနိုင်ငံ၏ရွေးကောက်ပွဲများတွင်အီလက်ထရောနစ်နည်းပညာအသုံးပြုပုံကို အကျဉ်းမျှဖော်ပြပါမည်။ အိန္ဒိယနိုင်ငံတွင် အီလက်ထရောနစ်နည်းပညာသုံး မဲပေးစက်များကို ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့သည်။ ၂၀၀၄ ခုနှစ်ကစတင်ကာ ယင်းစက်များကို တစ်ခုတည်းသော ဆန္ဒမဲပေးခြင်းနည်းလမ်းအဖြစ် အသုံးပြုခဲ့သည်။ နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဆန္ဒမဲပေးစက်များကိုလည်း အဆင့်မြှင့်၍ အသုံးပြုလာသည်။ ၂၀၁၉ ခုနှစ်က ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အဆင့်မြှင့် ဆန္ဒမဲပေးစက်များဖြင့် ကျင့်သုံးအသုံးပြုခဲ့ကြောင်း ကိုယ်တိုင်လေ့လာသိရှိခဲ့ရသည်။

ဆန္ဒမဲပေးရာတွင်အသုံးပြုသည့်စက်မှာ Electronic Voting Machines ( EVM ) ဖြစ်သည်။ ယင်းစက်တွင် အစိတ်အပိုင်း သုံးပိုင်းပါရှိသည်။ ပထမအစိတ်အပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဆန္ဒမဲပေးနိုင်သည့် Ballot Unit ဖြစ်သည်။ ဒုတိယအစိတ်အပိုင်းမှာ မဲရုံမှူးက ကိုင်တွယ်ထိန်းချုပ်သည့်အပိုင်း Control Unit ဖြစ်သည်။ တတိယအစိတ်အပိုင်းမှာ Voter – Verified Paper Audit Trail (VVPAT) ဆိုသည့် အပိုင်းဖြစ်သည်။

မဲဆန္ဒရှင်တစ်ဦးက ဆန္ဒမဲပေးဖို့ ဆန္ဒမဲပေးမည့်စက် အနားသို့ ရောက်သည့်အခါ မဲရုံဝန်ထမ်းတစ်ဦးက Control Unit အပိုင်းမှ ခလုတ်ကိုနှိပ်လိုက်သည်။ ထိုအခါ Ballot Unit တွင် အစိမ်းရောင်မီးလင်းလာသည်။ ထိုသို့ မီးစိမ်းလင်းသည်နှင့် Ballot Unit တွင် ရှိနေသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်နှင့် ယင်း၏ လိုဂိုအမှတ်တံဆိပ်ပါရှိသည့် ဆန္ဒမဲလက်မှတ်ထဲမှ မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာခလုတ်ကို နှိပ်လိုက်သည်။ ထိုသို့နှိပ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် မဲဆန္ဒရှင် ရွေးချယ်လိုက်သော ကိုယ်စားလှယ်လောင်းအမည်နှင့် အမှတ်တံဆိပ်သည် တတိယ အစိတ်အပိုင်းဖြစ်သည့် VVPAT ၏ Screenတွင် ခုနစ်စက္ကန့်ပေါ်လာသည်။ မဲဆန္ဒရှင်က မိမိရွေးချယ်လိုက်သော ကိုယ်စားလှယ်လောင်း ဟုတ်–မဟုတ် ကြည့်နိုင်သည်။ ထိုသို့ ခုနစ်စက္ကန့် ပေါ်ပြီးသည့်နောက် မဲဆန္ဒရှင် ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်လောင်းအမည်ပါရှိသည့်စာရွက်သည် အောက်ဘက်ရှိ VVPAT ၏ပုံးထဲသို့ အလိုအလျောက် ရောက်ရှိသွားသည်။

အဆိုပါစက်တစ်လုံးဖြင့် မဲဆန္ဒရှင် ၁၅၀၀ အထိ ဆန္ဒမဲပေးနိုင်သည်။ မဲရလဒ်များ အထူးရေတွက်ရန် မလိုပါ။ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆန္ဒမဲ မည်မျှရသည်ကို စက်မှာပင်ကြည့်၍ရသည်။ ပယ်မဲမရှိဟုဆိုပါသည်။ အားလုံးလက်ခံကြသည်။ အငြင်းပွားမှု မရှိကြပါ။ အကယ်၍ အငြင်းပွားမှု ပေါ်ပေါက်လာခဲ့လျှင် VVPAT၏ပုံးထဲသို့ရောက်ရှိနေသော မဲဆန္ဒရှင်များဆန္ဒပြုခဲ့သည့် စာရွက်ပိုင်းများကိုထုတ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အများပြည်သူရှေ့ ပြန်လည်ရေတွက်ပေးရန် ဖြစ်သည်။

> **"စက်တစ်လုံးဖြင့် မဲဆန္ဒရှင် ၁၅၀၀ အထိ ဆန္ဒမဲပေးနိုင်သည်။ မဲရလဒ်များ အထူးရေတွက်ရန် မလိုပါ။ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆန္ဒမဲ မည်မျှရသည်ကို စက်မှာပင်ကြည့်၍ရသည်။ ပယ်မဲမရှိဟုဆိုပါသည်။ အားလုံးလက်ခံကြသည်။ အငြင်းပွားမှု မရှိကြပါ။ အကယ်၍ အငြင်းပွားမှု ပေါ်ပေါက်လာခဲ့လျှင် VVPAT ၏ ပုံးထဲသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဆန္ဒပြုခဲ့သည့် စာရွက်ပိုင်းများကိုထုတ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အများပြည်သူရှေ့ ပြန်လည်ရေတွက်ပေးရန်ဖြစ်"**

ဆန္ဒမဲပေးရာတွင် ဖော်ပြပါ စက်အစိတ်အပိုင်းသုံးခုအားလုံး အတူတကွရှိနေမှသာလျှင် ဆန္ဒမဲပေး၍ ရပါသည်။ ယင်းစက်များ၏ လုံခြုံရေးစနစ်မှာ အခြားစက်များနှင့် ချိတ်ဆက်ရန်မလိုဘဲ တစ်ခုတည်းအသုံးပြုနိုင်သည့် စနစ်ဖြစ်သည်။ ရေဒီယိုလှိုင်းများ၊ အခြားကြိုးမဲ့ကွန်ရက် ချိတ်ဆက်သည့်လှိုင်းများ ဆက်သွယ်၍မရသောစနစ်ဖြစ်သည်။ တစ်ကြိမ်သုံး Chip များဖြင့် ပရိုဂရမ် ရေးဆွဲထားသည့် နည်းပညာအရ Dynamic Coding စနစ်ကို အသုံးပြုထားသည်။

ဒီမိုကရေစီသက်တမ်း အရှည်ကြာဆုံးဖြစ်သော၊ ဒီမိုကရေစီရွေးကောက်ပွဲ အကြီးမားဆုံးဖြစ်သော၊ မဲဆန္ဒရှင် သန်းပေါင်း၉၀၀ကျော်ရှိသော အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။

### မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲနည်းစနစ်

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲစနစ်တွင် အီလက်ထရောနစ်နည်းပညာစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသေးပါ။ လုပ်ရိုးလုပ်စဉ် စာရွက်စာတမ်းများ၊ ပုံစံများပေါ်တွင် လက်ရေးများဖြင့် ဖြည့်သွင်းဆောင်ရွက်သည့် သမားရိုးကျနည်းစနစ် (Manual System) ကိုသာ အသုံးပြုသည်။

မဲစာရင်းပြုစုရာတွင် မဲစာရင်း ပုံစံ (၁) နှင့် တိုင်းရင်းသားလူမျိုးများ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် တိုင်းရင်းသားမဲစာရင်း ပုံစံ (၁–က) များကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က အားလုံးနီးပါး လက်ရေးဖြင့်ပြုစုကြရသည်။ နောက်ပိုင်းတွင် လက်နှိပ်စက်များဖြင့်ပြုစုသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများအားလုံးကို ကွန်ပျူတာလက်တော့ပ်များကိုအသုံးပြု၍ ပြုစုသည်။ ထိုသို့ ပြုစုထားသော မဲစာရင်းကို စာရွက်များဖြင့်ကူး၍ ထုတ်ယူသည်။ ထိုသို့ စာရွက်များဖြင့် ကူးယူထားသော မဲစာရင်းတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးသည်။ ထိုသို့စာရွက်စာတမ်းများဖြင့် ထုတ်ယူပြုစုထားသော မဲစာရင်းကိုသာ ကြော်ငြာသည်။ ယင်းမဲစာရင်းကိုသာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များသို့ ထုတ်ပေးသည်။ ယင်းစာရွက်များဖြင့် ထုတ်ယူပြုစုထားသော မဲစာရင်းများကိုသာ မဲရုံများတွင် အသုံးပြုသည်။ ယင်းမဲစာရင်းများပေါ်တွင် မဲဆန္ဒရှင်များကိုစိစစ်ပြီး လက်မှတ်ရေးထိုးစေ၍ ဆန္ဒမဲလက်မှတ်ထုတ်ပေးသည်။

ဆန္ဒမဲပေးရာတွင် ကိုယ်စားလှယ်လောင်းများအမည်စာရင်းနှင့် ယင်းတို့၏လိုဂိုတံဆိပ်များကို စာရွက်များပေါ်တွင် ပုံနှိပ်ပြုစုသည်။ ယင်းဆန္ဒမဲလက်မှတ်များကို မဲဆန္ဒရှင်များသို့ ထုတ်ပေးသည်။ မဲဆန္ဒရှင်များက ဆန္ဒမဲလက်မှတ်များရယူ၍ လျှို့ဝှက်ဆန္ဒပြုခန်းသို့သွားရောက်သည်။ မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကိုရွေးချယ်၍ အမှန်တံဆိပ်ပါ တံဆိပ်တုံးကို သတ်မှတ်ထားသည့် အကွက်ထဲသို့နှိပ်၍ ဆန္ဒပြုသည်။ ပြီးလျှင် ဆန္ဒမဲလက်မှတ်ကို ခေါက်၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်သည်။

ဆန္ဒမဲရေတွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များနှင့် အသိသက်သေ မဲဆန္ဒရှင်များ၏ရှေ့မှောက်တွင် မဲပုံးထဲမှ ဆန္ဒမဲလက်မှတ်များကိုထုတ်ယူ၍ တစ်ရွက်စီရေတွက်သည်။ ရေတွက်ရာတွင် ကြော်ငြာဘုတ်ပေါ်တွင် မြန်မာနည်း တာလီခြစ်မှတ်၍ ရေတွက်သည်။ မဲရုံတိုင်း မဲရုံတိုင်းတွင်သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ မဲရုံကိုယ်စားလှယ် နှစ်ဦးကျစီ ထားရှိခွင့်ရရှိသည်။ ယင်းမဲရုံကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ ဆန္ဒပြုခြင်း၊ မဲပုံးအတွင်းထည့်ခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များတွင် ဥပဒေနှင့်အညီ မမှန်မကန်ဆောင်ရွက်မှုများ တွေ့ရှိပါက ကန့်ကွက်တင်ပြနိုင်သည့် အခွင့်အရေးများရရှိသည်။

ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး မဲရလဒ်ကို စာရင်းရေးသွင်းရာ၌ သက်ဆိုင်ရာ မဲရုံမှူးက သတ်မှတ်သည့် ပုံစံ(၁၆)တွင် လက်ရေးဖြင့် ကိုယ်တိုင်ရေးသွင်းသည်။ မဲရုံမှူးနှင့် သက်ဆိုင်ရာမဲရုံအကူကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြရသည်။ သက်ဆိုင်ရာမဲရုံတွင် ကပ်ထားကြေညာသည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ကူးယူခြင်း၊ ဓာတ်ပုံရယူခြင်းများ ပြုလုပ်ကြသည်။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့၊ ခရိုင်ကော်မရှင်အဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က မဲရလဒ်များ စုပေါင်းရေးသွင်းရသည်။ ပုံစံ (၁၈)၊ (၁၉)၊(၁၉–က)၊(၁၉–ခ) များကိုလည်း လက်ရေးဖြင့်ပင် ရေးသားဖြည့်သွင်းရသည်။

ဖော်ပြပါ လုပ်ငန်းစဉ်များကိုကြည့်လျှင် မြန်မာနိုင်ငံ ရွေးကောက်ပွဲများ၌ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ မဲရလဒ်များကို စာရင်းရေးသားဖြည့်သွင်းခြင်းစသည်တို့ကို မည်သည့်စက်ပစ္စည်းကိုမျှ အသုံးပြုခြင်းမရှိပါ။ မဲရုံအတွင်းတွင် မည်သည့်စက်ပစ္စည်းများကိုမျှ ထားရှိခြင်း မရှိပါ။ သမားရိုးကျ လုပ်ရိုးလုပ်စဉ်နည်းလမ်းဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲရလဒ်များကို အီလက်ထရောနစ်နည်းပညာများကို အသုံးပြု၍ လိုအပ်သလိုပြောင်းလဲပြင်ဆင်နိုင်သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိမြင်သာနိုင်သည်။

### သမားရိုးကျစနစ်မှသည် အီလက်ထရောနစ်နည်းပညာဆီသို့

မြန်မာနိုင်ငံရွေးကောက်ပွဲများတွင် တစ်နေ့နေ့တစ်ချိန်ချိန်၌ အိန္ဒိယနိုင်ငံကဲ့သို့ အီလက်ထရောနစ်နည်းပညာများကို အသုံးပြုလာနိုင်ပါသည်။ သို့သော် ကြာပါဦးမည်။ လေ့လာသင်ယူကြရပါမည်။ လေ့ကျင့်စမ်းသပ်မှုတွေ အချိန်အများကြီးယူရပါဦးမည်။ အိန္ဒိယနိုင်ငံမှာပင် ၁၉၉၇ ခုနှစ်မှစ၍ အချို့သောဒေသများတွင် အီလက်ထရောနစ်နည်းပညာကို စတင်အသုံးပြုလာပြီး ၂၀၁၉ ခုနှစ်တွင်ကျမှ အဆင့်မြှင့်နည်းပညာစက်များကို နိုင်ငံတစ်ဝန်း အသုံးပြုလာနိုင်ပါသည်။

မည်သို့ပင်ဆိုစေ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အဆင့်မြှင့်နည်းပညာစက်များကိုအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ရွေးကောက်ပွဲများ ကျင်းပနိုင်သည်အထိ လေ့လာသင်ယူ လေ့ကျင့်ပျိုးထောင် အသုံးပြုနိုင်ရေး မျှော်လင့်စောင့်စားနေမိကြောင်းပါ။

- **လွတ်လပ်၍မှန်ကန်မျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ပါစေ၊**
- **အဆင့်မြှင့်နည်းပညာများ အသုံးပြု၍ ရွေးကောက်ပွဲများကျင်းပနိုင်ရေး သင်ယူလေ့လာဆည်းပူးနိုင်ကြပါစေ၊**
- **အဆင့်မြှင့်နည်းပညာများကို အသုံးပြုခြင်းဖြင့် ပို၍လွတ်လပ်မှန်ကန်မျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ကြပါစေ။**



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းမှုဖြင့် ကိုဗစ် – ၁၉ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ဘီးလင်းမြို့နယ်အတွင်း ကျန်းမာရေးဌာနများ၊ ကားဂိတ်၊ ဘူတာ၊ ဈေးနှင့် ကျေးရွာများတွင် အများသုံး လက်ဆေးစင်နှင့် လက်ဆေးဆပ်ပြာရည်များ ဖြည့်တင်းခြင်း၊ ပညာပေး ပိုစတာများဖြန့်ဝေခြင်းကို ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းထောစံနှင့် ဝန်ထမ်းများက ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မေ ၉ ရက်က စတင်ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

# တာမွေမြို့နယ် သီတာလမ်း(အရှေ့ပိုင်း) ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးဖျန်းခြင်း ဆောင်ရွက်

**ရန်ကုန် မေ ၁၀**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်းနှင့် မေတ္တာညွန့်လူမှုကူညီ ရေးအသင်းအဖွဲ့သည် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း (အရှေ့ပိုင်း) ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မေ ၈ ရက်က ပက်ဖျန်းပေးသည်။ **(ယာပုံ)**



"တာမွေမှာက ပရဟိတအသင်းတွေ များတယ်။ သူတို့နဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ကြိုတင်ကာကွယ်၊ ကုသရေးနှင့် ထောက်ပံ့ရေး ဆိုပြီးတော့ ရည်မှန်းချက်သုံးရပ်နဲ့ ဆောင်ရွက်နေတာ ရှိတယ်။ အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင် လုပ်ဆောင်တာ အခုဆိုရင် ဒီတာမွေမြို့နယ် ရပ်ကွက်တွေအတွင်းမှာ နှစ်ခေါက်သုံးခေါက် ဖျန်းတဲ့အနေအထားအထိ ဖြစ်နေပါပြီ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်းက ပြောသည်။

ကျောက်မြောင်း သီတာလမ်း (အရှေ့ပိုင်း) နေအိမ်နှင့် လှေကားများအား ကိုဗစ်- ၁၉ ကာကွယ် ဆေးပက်ဖျန်းခြင်းကို တာမွေမြို့နယ် မေတ္တာညွန့်ပရဟိတအသင်းမှ တာဝန်ယူကာ အခမဲ့ပက်ဖျန်းပေးခြင်း ဖြစ်သည်။

လာမည့် သင်္ကြန်ကာလနှင့် သင်္ကြန်ရက်ပြီး ကာလများတွင်လည်း လမ်းအတွင်းရှိ ပြည်သူများအနေဖြင့် အဆိုပါ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို မိမိအိမ်တွင် ပက်ဖျန်းလိုပါက ရပ်ကွက်အတွင်းရှိ ပရဟိတမဏ္ဍပ်မှ ဆေးဖျန်းဘူးများကို ယူဆောင် အသုံးပြုနိုင်ရန်လည်း သီတာလမ်း ပရဟိတအသင်းက စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

တာမွေမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ပရဟိတဆေးခန်းကို မြို့နယ်ထွေအုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံ ပရဟိတအသင်းများ ပူးပေါင်းကာ အထက – ၄ တာမွေ၌ သင်္ကြန်ကာလပိတ်ရက်များတွင် ရိုးရိုးလူနာများနှင့် ထိခိုက်ဒဏ်ရာ အပါအဝင် အထွေထွေလူနာများအတွက် အခမဲ့ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်း၊ ဆိုက်ကား ဆရာများ၊ ဆင်းရဲနွမ်းပါးသူများ ကိုလည်း ဆန်၊ ဆီ၊ ဆား၊ ငရုတ် အပါအဝင် စားသောက်ကုန်များကို အားလုံးပူးပေါင်းပါဝင်ကာ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ချင်းရွှေဟော်မြို့၌ တရုတ်ပြည်မှ ပြန်လာသည့် နေရပ်ပြန်ပြည်သူ ၄၇ ဦးအား ယာယီစောင့်ကြည့်ရေးစင်တာတွင် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိ

**ချင်းရွှေဟော် မေ ၁၀**

ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၇ ဦးအား ချင်းရွှေဟော်မြို့ အထကကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ၁၄ ရက် ကျန်းမာရေးစောင့်ကြည့်ခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းကို မေ ၈ ရက်က ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုတွင် ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ အတွင်းရေးမှူး ပြည်သူ့ဆေးရုံ တာဝန်ခံဒေါက်တာသီဟနှင့် ကော်မတီအဖွဲ့ဝင်များသည် နေရပ်ပြန်ပြည်သူ ၄၇ ဦးအား ယာယီအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ထားရှိပြီး စင်တာတွင် ချမှတ်ထားသော စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ ကျန်းမာရေး အခြေအနေ တစ်ခုခုဖြစ်ပါက တာဝန်ရှိသူများကို အကြောင်းကြားပေးရန် မှာကြားခဲ့ပြီး စားသောက်ကုန်ပစ္စည်းများနှင့် လိုအပ်သည်များ ဆောင်ရွက်ပေးကာ ကျန်းမာရေးဌာနမှ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ရောဂါလက္ခဏာများရှိ မရှိ ကျန်းမာရေး စစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ မြို့တော်ခန်းမနှင့် အထကကျောင်းများတွင် ဖွင့်လှစ်ထားသည့် ယာယီ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ မေ ၈ ရက်အထိ ကျန်းမာရေးစောင့် ကြည့်မှုခံယူနေသူ နေရပ်ပြန်ပြည်သူ စုစုပေါင်း ၆၁ ဦးရှိကြောင်း သိရသည်။

**ဇင်ဇင် (ပြန်/ဆက်)**

# မိုးညှင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်အသုံးပြုရန် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများက ငွေကျပ်သိန်း၂၀၀ လှူဒါန်း

**မိုးညှင်း မေ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများက ငွေကျပ်သိန်း ၂၀၀ နှင့် ဌာနဆိုင်ရာများ၊ ဒေသတွင်း အလှူရှင်များက လှူဒါန်းငွေနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို မေ ၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းငွေများအဖြစ် ဖားကန့်မြို့နယ် ဝေခါးမော် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများဖြစ်သည့် ရောရတနာ၊ ရတနာကြယ်၊ တစ်သုံးလုံးတို့က လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ရတနာအဓိပတိ၊ ကျောက်စိမ်းသစ်ရွက်၊ ထွန်းတောက်ဇမ္ဗူစသည့်ကျောက်မျက်ကုမ္ပဏီများက ငွေကျပ်သိန်း ၂၀ စီကိုလည်းကောင်း၊ မြန်မာသူရ၊ မြဥယျာဉ်၊ နေမင်းကမ္ဘာ၊ စိမ်းလဲ့ရတနာဝင်းအစရှိသည့် ကျောက်မျက်ကုမ္ပဏီများက ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ နမ္မချီကျောက်စိမ်းမှော်မှ လုပ်ငန်းရှင်များက ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းလှူဒါန်း ငွေကျပ် ၃၀၆၁၀၀၀ ကိုလည်းကောင်း၊ မြို့နယ်အဆင့်ဌာဆိုင်ရာ ဝန်ထမ်းများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၃၄၂၀၂၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ဝဲပုံ)**




ဆက်လက်၍Crown Victory Co,Ltdမှ ဦးဇော်လင်းထွန်းနှင့် ဇနီးဒေါ်နီလာမိသားစုတို့က Mobile Fog Cannon (ဆေးဖျန်းစက်)တစ်လုံး၊ မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းယာဉ်များကြီးကြပ်ရေးကော်မတီက ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀ နှင့်ဒီဇယ် တစ်ပီပါ၊ အုတ်ကျင်းရပ်ကွက်မှ ရောဂါကာကွယ်ရေးဝတ်စုံ ၅၃ စုံနှင့် အခြားကာကွယ်ရေးပစ္စည်းများ၊ ဦးယိန်းဘောမ်နှင့်ဇနီးဒေါ်ခေါန်စေးတို့က လေအေးပေးစက်တစ်လုံး၊ နမ္မချီလုပ်ငန်းရှင်များအဖွဲ့က လေအေးပေးစက် တစ်လုံး၊ ဦးအောင်ဆန်းဝင်းနှင့် မော်ဟန်ကျေးရွာအဖွဲ့မှ လေအေးပေးစက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

# ညောင်တုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ညောင်တုန်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပြန်လာသူများအား မတ် ၂၇ ရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စောင့်ရှောက်ကြီးကြပ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးအတွက် ညောင်တုန်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများအလိုက် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသောနေရာအဖြစ် မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် နီးစပ်ရာနေရာများရှိ ပြည်ပနိုင်ငံများမှ ပြန်လာသူများကို အ–ထ–က (၁)နှင့် ကျေးရွာများတွင် သပြေချောင်းကျေးရွာ၊ ဆားမလောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ငှက်ပျောကျွန်းကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နတ်ပေးကျေးရွာတို့ရှိ စာသင်ကျောင်းစသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ ခုနစ်နေရာနှင့် ပြည်တွင်းမှ ပြန်လာသူများကို သတ်မှတ်ထားသော ဥပဒေပါ စည်းကမ်းချက်များနှင့်အညီ နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်းကို ဆောင်ရွက်ထားလျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် မတ် ၂၇ ရက်မှ မေ ၈ ရက်အထိ ပြည်ပမှ ပြန်ရောက်လာသူများမှာ အထက (၁) တွင် ၁၅ ဦး၊ အထက (ဆားမလောက်) တွင် ၁၅ ဦး၊ အထက (ခွဲ) (မဲဇလီ) တွင် ငါးဦး၊ အထက (ငှက်ပျောကျွန်း)တွင် တစ်ဦး၊ အထက (ချောင်းကြီး) တွင် ငါး ဦး၊ အထက (သပြေချောင်း)တွင် ၁၀ ဦး၊ အထက (နတ်ပေး) တွင် နှစ်ဦး စုစုပေါင်း ၅၃ ဦးရှိရာ မေ ၈ ရက်တွင် အထက (၁) မှ တစ်ဦးမှာ မိမိဒေသသို့ရောက်ရှိပြီး ၁၄ ရက်တာအတွင်း ရောဂါတစ်စုံတစ်ခုမှ မရှိခြင်း၊ ကျန်းမာရေးကောင်းမွန်နေခြင်းတို့ကြောင့် အဆိုပါ တစ်ဦးအား ၎င်း၏ နေအိမ်သို့ပြန်လည် နေထိုင်ရန်ခွင့်ပြုခဲ့ပြီး ကျန်ရှိနေသေးသည့် စောင့်ကြည့်ရေးစင်တာ ခုနစ်ခုမှ ပြည်ပ ပြန်လာသူ ၅၂ ဦးနှင့် ပြည်တွင်းမှ ပြန်လာသူ ၃၀၁၃ ဦးရှိရာ မေ ၈ ရက်တွင် ပြည်တွင်းမှ ပြန်လာသူ ၂၅၁၆ ဦးမှာ မိမိနေအိမ်သို့ ရောက်ရှိပြီး ၁၄ ရက်တာအတွင်း ရောဂါတစ်စုံတစ်ခုမှ မရှိခြင်း၊ ကျန်းမာရေး ကောင်းမွန်နေခြင်းတို့ကြောင့် အဆိုပါ ၂၅၁၆ ဦးအား ပုံမှန်အတိုင်းနေထိုင်ရန် ခွင့်ပြုခဲ့ပြီး ပြည်တွင်းမှပြန်လာသူ ၄၉၇ ဦး ကျန်ရှိရာ နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်းနှင့် အသွားအလာ ကန့်သတ် စောင့်ကြည့်ထားရှိသူ စုစုပေါင်း ၅၄၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဝဏ္ဏနိုင် (ညောင်တုန်း)**

# မိတ္ထီလာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအသိပညာပေး

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာမြို့နယ်၌ ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအသိပညာပေးလုပ်ငန်းများကို ယမန်နေ့က မိတ္ထီလာဈေးကြီးအနီး ရန်ကုန်-မန္တလေးကားလမ်းမတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စုပေါင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး စုပေါင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ်များဖြင့် ဖြတ်သန်းသွားလာကြသည့် ဒေသခံများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ၍ နှာခေါင်းစည်း တပ်ဆင်ရန်အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**



COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ မြန်မာနိုင်ငံရှေ့နေအသင်း(MBA) နှင့် Poly Sock Myanmar ကုမ္ပဏီလီမိတက် မိသားစုက ကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆေးဝါး၊ စားကုန်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲကို ဧပြီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ရှေ့နေအသင်း အထွေထွေအတွင်းရေးမှူး ဦးအဲ(လ်)ဘတ်ဇော်ဝင်းနှင့် အမှုဆောင်များက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ အလှူငွေပေးအပ်စဉ်။ ကိုကြီးတင်

# တနင်္သာရီတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အစည်းအဝေးပြုလုပ်

**ထားဝယ် ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ကော်မတီဖွဲ့စည်းပြီးနောက်တွင် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများအား သတ်မှတ်ထားသောနေရာများ၌ သီးသန့်ထား စောင့်ကြည့်သည့်လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များအပေါ်မူတည်၍ ထောက်ပံ့မှုများ ပြုလုပ်ပေးသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့အပြင် ကော်မတီအနေဖြင့် ကြိုတင်ပြင်ဆင်သင့်သည့် ကိစ္စများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ နယ်စပ် အဝင်/အထွက်ဂိတ်များကို ပိတ်ထားသည့်အချိန်အတွင်း ယာဉ်လိုင်းများနှင့် လူပွဲစားများက ဥပဒေနှင့်မညီသော လုပ်ရပ်မျိုး ရှိလာခဲ့လျှင်လည်း ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားရာဒေသများမှ ပြန်လာသူများအား သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်း တက်ရောက်လာသူများ ဆွေးနွေးစေလိုကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များက ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ဆီဆိုင်မြို့နယ်အဆင့် ကိုဗစ်-၁၉ ကော်မတီဝင်များအား ပြည်နယ်ဝန်ကြီး ဒေါက်တာညီညီအောင် တွေ့ဆုံဆွေးနွေး

**ဆီဆိုင် ဧပြီ ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဝန်ကြီး ဒေါက်တာညီညီအောင်က ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးက ဆောင်ရွက်ရမည့်အချက်များကို မှာကြားခဲ့သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



# အခြေခံလူတန်းစားများအတွက် ထောက်ပံ့ကူညီမည့်ပစ္စည်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**တောင်ကြီး ဧပြီ ၁၀**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများ၊ အခြေခံ လူတန်းစားပြည်သူများအတွက် ဆန်အိတ်များကို အလှူရှင်များက ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ဧပြီ ၁၀ ရက်က လှူဒါန်းခဲ့သည်။

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ဒေင်အုပ်စုကုမ္ပဏီလီမိတက်နှင့် ညီနောင်ကုမ္ပဏီများဖြစ်သော မြန်မာ့ရှေ့ဆောင်ဘဏ်၊ DENKO Trading ကုမ္ပဏီလီမိတက်နှင့် ကဥ္စနကျွန်းသာ(Gold Delta) ကုမ္ပဏီလီမိတက်တို့က ဆန်အိတ် ၁၀၀၀ ကိုလည်းကောင်း၊ IGE ကုမ္ပဏီလီမိတက်က ကိုဗစ်-၁၉ ကာကွယ်ကုသရေးတွင် အသုံးပြုရန်အတွက် ကျပ်သိန်း ၃၂၀ တန်ဖိုးရှိ အသက်ရှူစက်(Ventilator) နှစ်လုံးကိုလည်းကောင်း လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မဟာသင်္ကြန် ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား ပြည်သူများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီသည့် ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကြက်သွန်နီများ ထုပ်ပိုးနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။



စားသောက်ကုန် ငါးမျိုးစီ ထုပ်ပိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြည့်ရှုစဉ်။

အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် ပစ္စည်းများကို ဧပြီ ၁၀ ရက်မှစ၍ တောင်ကြီးမြို့ပေါ်ရှိ စိန်ပန်း၊ ရွှေတောင်၊ ချမ်းမြသာစည်နှင့် ရတနာသီရိရပ်ကွက်များမှ စတင် ထောက်ပံ့ပေးသွားမည်ဖြစ်ကာ တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ သား၊ ကုလားပဲ တစ်ပိဿာ၊ ဆား ၅၀ သား၊ ကြက်သွန်နီ တစ်ပိဿာ ထောက်ပံ့မည်ဖြစ်ပြီး ယခုထောက်ပံ့မှုသည် မြေပြင်စာရင်းအရ ဖြစ်ကြောင်းနှင့် လိုအပ်ပါက စာရင်းပြန်လည်ပြုစု၍ ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အခြေခံလူတန်းစားများအတွက် စားကုန်ငါးမျိုး ဝယ်ယူထောက်ပံ့နိုင်ရေး မြင်းခြံ၌ ညှိနှိုင်းဆွေးနွေး

**မြင်းခြံ ဧပြီ ၁၀**

မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ရာ မြင်းခြံမြို့နယ်အတွင်း ထောက်ပံ့ပစ္စည်းများ ဝယ်ယူနိုင်ရေးနှင့် ထောက်ပံ့ပေးအပ်ရေး အစီအစဉ်များအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက်က ပြုလုပ်သည်။

ထောက်ပံ့ပစ္စည်းများ ဝယ်ယူနိုင်ရေးနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က ဦးဆောင်ဆွေးနွေးကြပြီး ဖိတ်ကြားထားသော ဆန်ကုန်သည်ကြီးများ၊ ဆီကုန်သည်ကြီးများ၊ ဆားကုန်သည်ကြီးများ၊ ပဲကုန်သည်ကြီးများနှင့် ကြက်သွန်ကုန်သည်ကြီးများကလည်း လက်ရှိအချိန်တွင် ကုန်စည်များ ဝယ်မရသော်လည်း မိမိတို့တွင်ရှိသောပစ္စည်းများကို အကျိုးအမြတ်မကြည့်ဘဲ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့တွင် မရှိပါက အခြားမြို့များသို့ ချိတ်ဆက်၍ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ မြင်းခြံမြို့တွင် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် စာရင်းကောက်ယူခဲ့ပြီးဖြစ်ရာ စာရင်းပေးထားသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၆၂၅ စုရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လှိုင်းဘွဲမြို့နယ်မှပြည်သူများအတွက် စားသောက်ကုန်ငါးမျိုးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ လိုက်လံဖြန့်ဝေပေး

**လှိုင်းဘွဲ ဧပြီ ၁၀**

သင်္ကြန်ရက်ရှည် ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက ဖြန့်ဝေပေးသည့် စားသောက်ကုန်ငါးမျိုးကို ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ဧပြီ ၁၀ ရက်က အိမ်တိုင်ရာရောက် လိုက်လံဝေငှပေးခဲ့သည်။



စားသောက်ကုန်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့က ပြည်သူများထံ အိမ်အရောက် လိုက်လံပေးအပ်စဉ်။

အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သော ဆန်ရှစ်ပြည်၊ ဆီ ၅၀ သား၊ ပဲ တစ်ပိဿာ၊ ဆား ၅၀ သား၊ ကြက်သွန်နီ တစ်ပိဿာနှုန်းဖြင့် (က)ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀ ထံသို့ အိမ်အရောက် လိုက်လံဖြန့်ဖြူး ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု လျော့နည်းအောင် ကူညီပေးသည့်အနေဖြင့် ပြည်သူများအားလုံး မိမိအိမ်၌သာ နေထိုင်ခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီပေးကြရန်လည်း လွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# MIC သို့ ပေးသွင်းရသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်ကြေးများကို ထက်ဝက်လျှော့ချပေးသွားမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သို့ ပေးသွင်းရသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်ကြေးများကို မေ ၁၀ ရက်မှစ၍ သင့်တင့်သောကာလတစ်ခုအထိ ထက်ဝက်လျှော့ချပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မေ ၉ ရက်တွင် ပြောကြားသည်။

"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို မေ ၁၀ ရက်က စပြီး သင့်တင့်သောကာလအထိ တစ်ဝက်တိတိ လျှော့ချပေးသွားမှာဖြစ်ပါတယ်၊ ဆိုလိုတာကတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပေးသွင်းရတဲ့ လုပ်ငန်းဆောင်ရွက်မှုကြေးတွေကို ထက်ဝက် လျှော့ချပေးသွားမှာဖြစ်ပါတယ်၊ ဒီဟာတွေကိုလည်း ကိုဗစ်-၁၉ ပြီးဆုံးတဲ့အချိန်အထိ ကာလတစ်ခုသတ်မှတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနိုင်ငံ၌ ဘတ်ဂျက်ကာလစနစ်ဖြင့် တွက်ချက်ရသည်ဆိုသော်လည်း အချိန်ကာလ သတ်မှတ်ချက်ကို ကိုဗစ်-၁၉ ပြီးဆုံးသည့်အချိန်အထိ ပြင်ဆင်ထားကြောင်း ၎င်းက ဆက်ပြောသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အထောက်အကူဖြစ်စေနိုင်မည့် ကျန်းမာရေးအထောက်အကူပြု နေ့စဉ်သုံး Mask ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် အထောက်အပံ့ဖြစ်စေမည့် အခြားလုပ်ငန်းများ တင်ပြလာပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လျင်မြန်စွာ ခွင့်ပြုပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထို့အပြင် ကော်မရှင်အနေဖြင့်ပြည်တွင်းလုပ်သားများ အလုပ်အကိုင်ရရှိရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းသစ်များအနက် လုပ်သားအခြေပြုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်းများကို ဦးစားပေး ခွင့်ပြုပေးရန် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်ပြီး ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို မတ် ၁၃ ရက်က အဖွဲ့ဝင် ကိုးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီအနေဖြင့် ချေးငွေများထုတ်ချေးရေးအပြင် သက်ဆိုင်ရာဌာနအလိုက် ဖြေလျှော့မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"ကိုဗစ်-၁၉ အလွန် ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်တွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုအပေါ် ကုစားရေးလုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့် ရိုက်ခတ်လာတဲ့အချက်များကို စောင့်ကြည့်လေ့လာရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး လေ့လာစောင့်ကြည့်လျက်ရှိပါတယ်၊ ထို့အတူပဲ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိတဲ့ နေရာတွေကို နိုင်ငံတော်ရဲ့ ချေးငွေထောက်ပံ့ရေးအပိုင်းမှာလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ဆက်ပြောသည်။

လက်ရှိအချိန်တွင် ချေးငွေလျှောက်လွှာများ လက်ခံလျက်ရှိရာ စတင်လက်ခံသည့်အချိန်မှ မေ ၇ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချေးငွေလျှောက်လွှာပေါင်း ၇၉၆ စောင် လက်ခံရရှိပြီး လုပ်ငန်းရှင်များက ချေးယူရန် တောင်းခံငွေပမာဏ ကျပ် ၁၂၇ ဘီလီယံရှိကြောင်း ၎င်းက ဆက်ပြောသည်။ ချေးငွေများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့နှင့် ချေးငွေထုတ်ပေးရေးအဖွဲ့တို့က လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်နေပြီး ချေးငွေများ အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ ကုစားပြီး ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။ **ငြိမ်းငြိမ်း**

# ဒလမြို့နယ်မှ ရေရှားပါးသည့်ရပ်ကွက်များသို့ သောက်သုံးရေသန့်များ ဖြန့်ဝေပေး

**ရန်ကုန် မေ ၁၀**

နှစ်စဉ် နွေရာသီကာလတိုင်း သောက်သုံးရေကန်များ ခန်းခြောက်ကာ ရေရှားပါးမှု ကြုံတွေ့ရလေ့ရှိသော ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မြို့နယ်ရေပေးဝေရေးရုံးရှိ ရေသန့်စင်စက်ရုံမှ ထွက်ရှိသော သောက်သုံးရေသန့်များကို ဧပြီလဆန်းမှစ၍ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် သောက်သုံးရေရှားပါးလျက်ရှိသော တံတားချောင်းစံပြကျေးရွာ ဗိုလ်ချုပ်လမ်းနှင့် စံပြ(၇)လမ်း၊ ရာဇသင်္ကြန်ရပ်ကွက် ပတ်လမ်း၊ အုံ့ကြီးအနောက်ရပ်ကွက် သုသာန်လမ်း၊ ညောင်ကုန်ရပ်ကွက် ပတ်လမ်း၊ ကျန်စစ်သားရပ်ကွက် ပတ်လမ်း၊ တပင်ရွှေထီးရပ်ကွက် ဆင်ဖြူရှင်လမ်းနှင့် ဗိုလ်တေဇ(၁၁)လမ်း၊ ကမာကဆစ်ရပ်ကွက် ယုဇနလမ်း၊ ကမာကသွယ်ရပ်ကွက် ကျန်စစ်သား(၁)လမ်းတို့၌ ဂါလန် ၁၂၀၀ ဆံ့သည့် ရေသန့်ဌာနပိုင် ရေသယ်ယာဉ်နှစ်စီးဖြင့် ဧပြီ ၁ ရက်မှစ၍ ရေများဖြန့်ဝေပေးခဲ့ရာ ဧပြီ ၈ ရက်အထိ ရေသန့် ဂါလန် စုစုပေါင်း ၈၅၂၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၉ ရက်တွင် ပြောကြားသည်။



ဒလမြို့နယ် ရပ်ကွက်တစ်ခုအတွင်း၌ ဌာနပိုင်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။

ထို့အပြင် ရေသယ်ကားဝင်ရန် အခက်အခဲရှိသော (၁၁/၁၄)ရပ်ကွက်၌ ဂါလန် ၁၂၀၀ ဆံ့သည့် အုတ်ရေလှောင်ကန် လေးကန်၊ (၆)နံပါတ် ရပ်ကွက်၌ ဂါလံ ၁၂၀၀ ဆံ့သည့် အုတ်ရေလှောင်ကန် သုံးကန်ကို ထားရှိပေးကာ ရပ်ကွက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ရေတွန်းစက်ဖြင့် မောင်းနှင်၍ ရေဖြည့်တင်းခြင်း အစီအစဉ်ကို ပြုလုပ်ပေးထားကြောင်း သိရသည်။

နွေရာသီကာလအတွင်း ဒလမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင်၊ ဖုန်း - ၀၉၄၄၃၁၅၅၉၃၇ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဒလမြို့နယ်သည် ပင်လယ်ဝ၊ ရန်ကုန်မြစ်တို့နှင့် ထိစပ်လျက်ရှိခြင်းကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ရေတွင်းတူးလျှင် ရေချိုမထွက်ဘဲ ရေငန်များသာရရှိ၍ မိုးရေလှောင်ကန်များကိုသာ အားထားရပြီး နှစ်စဉ် နွေရာသီကာလတွင် ရေရှားပါးမှုကို ကြုံတွေ့နေရဆဲဖြစ်သည်။ ဒလမြို့နယ်ရှိ ဒေသခံပြည်သူများစွာ၏ သောက်သုံးရေရှားပါးပြတ်လပ်မှု အခက်အခဲများ ကင်းဝေးစေရေးအတွက် အများသုံး ရေနှင့် သောက်သုံးရေသန့် ဂါလန် ၃ ဒသမ ၃ သန်း ဖြန့်ဝေနိုင်မည့် နိုင်ငံတကာအဆင့်မီ သောက်သုံးရေသန့်စက်ရုံ စီမံကိန်းကို တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာအနီးရှိ တွံတေးတူးမြောင်းဘေး၌ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**



# ဝါးခယ်မမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်နေ

**ဝါးခယ်မ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နယ်လှည့် ရောဂါရှာဖွေရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို ဖွံ့ဖြိုးအောင်ရေယာဉ်ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ကော်မတီ၊ ဆရာဝန်အသင်းနှင့် ဝါးခယ်မမြို့နယ်အသင်းတို့ ပူးပေါင်း၍ ပိုလန်နိုင်ငံမှ Polish Aid Programme ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် ဦးဆောင်၍ စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျေးရွာများသို့ ကွင်းဆင်းကာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေး နှိုးဆော်မှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ သီးသန့်ထား စောင့်ကြည့်စခန်းများနှင့် နေအိမ်များ၌ သီးသန့်စောင့်ကြည့်ခံနေသူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ ကျေးရွာအတွင်းရှိ ဖျားနာသူများ၊ ချောင်းဆိုးသူများနှင့် ဆီးချို သွေးတိုး ရောဂါဝေဒနာ ခံစားနေရသူများအား ကျန်းမာရေးစစ်ဆေးပေး၍ လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ကနစိုးကုန်းကျေးရွာ၊ ကြာဖြူကျေးရွာနှင့် ကစကဲကျေးရွာတို့ရှိ ပြည်သူ ၃၅၀ ကျော်အား ကျန်းမာရေးစစ်ဆေးမှု၊ ကုသမှုလုပ်ငန်းများကို မေ ၇ ရက်မှစ၍ ဆောင်ရွက်ပေးနေပြီး ကျန်ရှိသော ကျေးရွာများ၌လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ(ပြန်/ဆက်)**

# ကော့သောင်းခရိုင် ဆိပ်ဖူးကျေးရွာ၌ လေပြင်းတိုက်မှုကြောင့် အိမ်အချို့ ပျက်စီး

**ကော့သောင်း မေ ၁၀**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့အနီးရှိ ဆိပ်ဖူးကျေးရွာ၌ မေ ၈ ရက် ညနေပိုင်းက လေပြင်းများ ရုတ်တရက်တိုက်မှုကြောင့် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။ ရုတ်တရက် လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ခမောက်ကြီးမြို့အပိုင် ဆိပ်ဖူးကျေးရွာရှိ အခိုင်အမာဆောက်ထားသည့် အိမ်ကြီးအချို့မှာ သွပ်အမိုးများ လန်ထွက်ပျက်စီးခဲ့သလို ဓနိဖက်မိုး အိမ်ငယ်များမှာလည်း ပြိုကျပျက်စီးမှုများဖြစ်ခဲ့ကြောင်း၊ စုစုပေါင်း အိမ်ခြေ ၂၀ ခန့် ပျက်စီးခဲ့ပြီး ကျေးရွာရေဆင်းတံတား၏ အမိုးများလည်း ပျက်စီးသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်းနှင့် ကော့သောင်းခရိုင်နှင့် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများအဖွဲ့ဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကျေးရွာသို့ ကွင်းဆင်း၍ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လေပြင်းတိုက်မှု ဖြစ်ပွားချိန်တွင် ပါချန်မြစ်ကမ်းဘေးမှ ကျေးရွာတစ်ရွာဖြစ်သည့် မာရမ်းကျေးရွာ၌လည်း လျှပ်စီးများလက်၍ မိုးကြိုးပစ်ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းထံမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**





သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၉ ရက်က သန်လျင်ဆေးရုံကြီး ခန်းမဆောင်၌ ကျင်းပရာ အလှူရှင် သီရိသုခမ္မ မဏိဇောတဓရ ဦးဇော်ဝင်း မိသားစုက Isolation Ward အတွက်လိုအပ်သော ကျပ် ၁၀၂ သိန်း တန်ဖိုးရှိ အဲယားကွန်း လေးလုံး၊ အောက်ဆီဂျင်ပေးသောကိရိယာများနှင့် ဆေးရုံဝန်ထမ်းများအတွက် စားသောက်ကုန်များ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

# ပွင့်ဖြူမြို့နယ်၌ လေပွေတိုက်၍ အိမ်တစ်လုံး အမိုးလန်ပျက်စီး

**ပွင့်ဖြူ မေ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာအုပ်စု ဆင်လူး(တ)ကျေးရွာ၌ မေ ၉ ရက် ညနေပိုင်းက ရုတ်တရက် လေပွေတိုက်ခတ်မှုကြောင့် အိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ ဆင်လူး(တ)ရွာနေ ဦးဖိုးလှိုင်၏ သက်ကယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နေအိမ်အမိုးများ ပျက်စီးခဲ့ခြင်းဖြစ်ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးသည့်အိမ်မှ မိသားစုများ နေထိုင်မှုအဆင်ပြေစေရေးအတွက် လိုအပ်သည်များကိုလည်း ကျေးရွာနေပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# YTV အခမဲ့ ရုပ်သံလိုင်းမှ သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ပြည်သူများ ကြိုက်နှစ်သက်မည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လွှင့်ပြသသွားမည်

ရန်ကုန် ဧပြီ ၁၀

သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ပြည်သူများ ကိုယ်၊ စိတ် အနားယူအပန်းပြေစေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ Content Provider တစ်ခုဖြစ်သည့် YTV အခမဲ့ရုပ်သံလိုင်းမှ နိုင်ငံခြားဇာတ်လမ်းတွဲများကို အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ရာ YTV အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည့် ဇာတ်ကားများနှင့် ပြသမည့် အချိန်၊ နေ့ရက်များအား ဖော်ပြလိုက်ပါသည်။




မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် စိတ်လှုပ်ရှားဖွယ် အက်ရှင်ဇာတ်ကား KEANU

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၁ ရက် ၊ ညနေ ၃:၃၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၂ ရက်၊ နံနက် ၇:၃၀။




တတိယမြောက်ထွက်ရှိသည့် ကြောက်မက်ဖွယ် မမီဇာတ်ကား The Mummy Tomb of the Dragon Emperor (2008)

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၂ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန်- ဧပြီ ၁၃ ရက် ၊ နံနက် ၉:၃၀။




မှော် ရုပ်ရှင်ဇာတ်ကားကြိုက်သူများအတွက် Miss Peregrines Home for Peculiar Children

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၄ ရက် ၊ ညနေ ၃:၅၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၅ ရက်၊ နံနက် ၇:၂၀။




အက်ရှင်အဖိုက်စားရုပ်ရှင်ဇာတ်ကား Exposed (2016)

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၁ ရက် ၊ ည ၉:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၂ ရက်၊ နံနက် ၉:၃၀။




သိပ္ပံအက်ရှင် ဇာတ်ကားကောင်းတစ်ကားဖြစ်သည့် Max Steel

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၃ ရက် ၊ ညနေ ၄:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၄ ရက်၊ နံနက် ၇:၃၀။




ကမ္ဘာဦး သတ္တဝါကြီးနဲ့ လူသားတို့ရဲ့ တိုက်ပွဲ Goozilla ( 2014 )

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၅ ရက် ၊ ည ၉:၁၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၆ ရက်၊ နံနက် ၉:၃၅။




သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇာတ်လမ်း The Mermaid

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၂ ရက် ၊ ညနေ ၃:၃၀ နာရီ။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၃ ရက်၊ နံနက် ၇:၃၀။




အမေရိကန်သိပ္ပံရုပ်ရှင်ဇာတ်ကား LIFE ( 2017)

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၃ ရက် ၊ ည ၉:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၄ ရက်၊ နံနက် ၉:၃၀။




သရုပ်ဆောင် အက်ရှင်မင်းသား ဂျက်ကီချမ်း ၏ နာမည်ကျော် ဇာတ်ကားဖြစ်သည့် Around the World in 80 Days

ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၅ ရက် ၊ ညနေ ၄:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၆ ရက်၊ နံနက် ၇:၂၅။

**သီသီမင်း**


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေထွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ချောက်/ မန္တလေး | ဖယောင်းတိုင် | သေတ္တာ | ၁,၅၄၀ | ၁၂-၅-၂၀၂၀ | ၁၃:၀၀ | ၁၂-၅-၂၀၂၀ | ၁၄:၀၀ |
| ၂ | ချောက် | ဒီဇယ်ဆီ သံကန်ပြတ်စနစ် | ဂါလန် | ၁၁၉,၂၃၀ | ၁၂-၅-၂၀၂၀ | ၁၃:၀၀ | ၁၂-၅-၂၀၂၀ | ၁၄:၀၀ |
| ၃ | သံပရာကန် | စီဂျီအိုို | ဂါလန် | ၅၀၀,၀၀၀ | ၁၂-၅-၂၀၂၀ | ၁၃:၀၀ | ၁၂-၅-၂၀၂၀ | ၁၄:၀၀ |
| ၄ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁,၀၀၀ | ၁၂-၅-၂၀၂၀ | ၁၃:၀၀ | ၁၂-၅-၂၀၂၀ | ၁၄:၀၀ |
| ၅ | သံပရာကန် | စီဂျီအိုို(TK-2377) သံကန်ပြတ်စနစ် | ဂါလန် | ၆၁,၅၉၉ | ၁၂-၅-၂၀၂၀ | ၁၃:၀၀ | ၁၂-၅-၂၀၂၀ | ၁၄:၀၀ |
| ၆ | သံပရာကန် | စီဂျီအိုို | ဂါလန် | ၅၀၀,၀၀၀ | ၁၉-၅-၂၀၂၀ | ၁၃:၀၀ | ၁၉-၅-၂၀၂၀ | ၁၄:၀၀ |
| ၇ | သံပရာကန် | စီဂျီအိုို | ဂါလန် | ၅၀၀,၀၀၀ | ၂၆-၅-၂၀၂၀ | ၁၃:၀၀ | ၂၆-၅-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**



## အစုရှယ်ယာလျှော့ချကြောင်း ကြော်ငြာခြင်း

ချင်းပြည်နယ်၊ မတူပီမြို့၊ စန်ဘောင်ရပ်ကွက်၊ အမှတ် ၁၊ အောင်ဆန်းလမ်းတွင် ဖွင့်လှစ်ထားသော Peace Land Co.,Ltd မှတ်ပုံတင်အမှတ် 103738830 သည် ၉-၄-၂၀၂၀ ရက်တွင်ကျင်းပသည့် ကုမ္ပဏီ၏အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၂၀ (တန်ဖိုးကျပ်သိန်း ၁၀၀၀) မှ၊ အစုရှယ်ယာအရေအတွက် ၂(တန်ဖိုးကျပ် သိန်း၁၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**



## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ်(၂၃၉)၊ အလျား ပေ ၄၀၊ အနံ ပေ ၆၀ အမည်ပေါက်သူ ဒေါ်စိန်စိန်ဝင်းက အဆင့်ဆင့်ရောင်းချခဲ့ရာ ဒေါ်မြင့်မြင့်ခိုင် ထံမှ ဒေါ်သီတာဝေ ၁/ဗမန(နိုင်)၀၁၂၉၆၆က ဝယ်ယူပြီး အရောင်းအဝယ်အမည်ပြောင်း မြေငှား ဂရန်စာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်သီတာဝေ**

**ဗန်းမော်မြို့**



## မိတ္ထီလာခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၀

ဒေါ်ဝင်းဝင်းကျော်

**တရားလို** နှင့်

၁။ ဒေါ်နန်းကေသီ
၂။ ဦးစံလင်း
၃။ ဒေါ်စန္ဒာဝင်း

**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဂမုန်းပွင့်အိမ်ရာ၊ အခန်းအမှတ်(L)(၈)လွှာနေ ဒေါ် နန်းကေသီ(ဘ)ဦးကျော်ဝင်း(ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ချမ်းအေးသာယာရပ်ကွက်၊ အမှတ်(၁၈၈)၊ သိမ်တော်ကုန်းလမ်းနေ ဦးစံလင်း(ဘ)ဦးအောင်လင်းနှင့် ဒေါ်စန္ဒာဝင်း(ဘ)ဦးစိုးသိန်း (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ဝင်းဝင်းကျော်က တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေး စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် မေ ၅ရက် (၁၃၈၂ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဧပြီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းအောင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၂၅၀)၊ မြေအကျယ် (၁၃၅x၇၉)ပေ၊ ဧရိယာ(၀ဒသမ၂၄၅)ဧက၊ စတုရန်းပေ(၁၀၆၆၅)ပေကျယ်ဝန်း၍ အရှေ့လားသော်-မြေကွက်အမှတ်(၂၄၉)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-မြေကွက်အမှတ်(၂၃၁)စသည့် အလားလေးရပ်အတွင်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်၎င်းဂရန် မြေကွက်ပေါ်ရှိ ဂိုဒေါင်(၂)လုံး၊ ပါဝါမီတာ(၁)လုံးနှင့် အိမ်သုံးမီတာ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးပြည့်ဖြိုးမှ ဂရန်အမည်ပေါက်ပြီး တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

ဖော်ပြပါ ဝိုင်းမြေကွက်အား ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ထားခြင်း၊ အငှားချထားခြင်းမရှိပါ။ ထို့ကြောင့် ယင်းဝိုင်းမြေကွက်အား ဦးပြည့်ဖြိုး၏ မျက်ကွယ်၌ သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းခြင်းများပြုလုပ်ခဲ့လျှင် ကန့်ကွက်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ခဲ့ပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်စိုး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၉၅)



## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)၊ ပါမာန်ရပ်၊ ဝပ်အင်းလမ်း၊ အမှတ်(၃)နေ ဦးကျော်စူတီး ၁၃/ကတန(နိုင်)၀၇၃၄၀၀ ၏သား မောင်ကျော်လတ် ၁၃/ကတန(နိုင်) ၁၁၃၆၀၂သည် ဖခင်ဖြစ်သူအပေါ်အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မောင်နှမများအပေါ် မိသားစုသဘောဆန္ဒနှင့်ဆန့်ကျင်ကာ နေ့စဉ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားဖြစ်သူ မောင်ကျော်လတ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောင်တွင်လည်း မောင်ကျော်လတ်နှင့်စပ်ဆိုင်သမျှ ကိစ္စအဝဝ အလုံးစုံကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ယခုစွန့်လွှတ်သည့်ရက်မှစ၍ ပတ်သက်မှုမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်စူတီး ၁၃/ကတန(နိုင်)၀၇၃၄၀၀**

## ဒေါ်ခင်ထွေးရီ(ဘီးလင်း)
### အသက်(၈၉)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နေ (ဦးစောယုချုပ်-ဒေါ်ဝါး)တို့၏သမီးထွေး၊ ပခုက္ကူမြို့/ပခန်းကြီးမြို့ဟောင်းနေ (ဦးဘဂျမ်း -ဒေါ်ဦးသင်)တို့၏သမီးချွေးမ၊ (ဦးကိုလေး)(နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ ဒေါ်မိမိကို၊ ဦးအေးကိုကို(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သိုက်၊ ဦးထင်အောင်-ဒေါ်စီစီကို(Hawaii, USA)၊ ဒေါ်နီလာကို(UNHCR)၊ ဦးအောင်ကို(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဝင်းစန္ဒာ ဆွေ(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ကျေးဇူးရှင်မွေးမိခင်၊ မထက်ထက်ဦး(UNICEF)၊ မောင်ရဲမြတ်ကောင်း(Leiden, Netherlands)၊ မခင်နှစ်ဦး၊ မမိုးမခတို့၏ဘွားဘွားသည် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄:၃၇ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ နွေဦးမာလာလမ်းသွယ်၊ အမှတ်(၁၀၈၊ အိုင်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၄-၂၀၂၀ရက် (စနေနေ့) နံနက်တွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုလတ် (အင်းစိန်)
### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၅၇)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်နေ (ဦးမျိုးလွင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဦးတင်မောင်လတ် (ကျွမ်းကျင်သူ/စာတည်း(ခေတ်ပုံ)(ငြိမ်း)မြန်မာ့သတင်းစဉ်(ပြည်တွင်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးမျိုးမြတ်(ငြိမ်း)-ဒေါ်လှိုင်စုလတ် (ဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီ)၊ ဦးလင်းဇော်လတ် (မန်နေဂျင်းဒါရိုက်တာ မြန်မာအမျိုးသားရတနာကုမ္ပဏီ)-ဒေါ်ဝါဝါကျော်၊ ဦးသန့်ဇော်ဇော်လှ(အကောက်ခွန်)၊ ဒေါ်ခိုင်စုလတ်(အကောက်ခွန်)၊ ဦးကျော်စွာလတ် (ဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီ)-ဒေါ်အေးဇင်သူ၊ မချစ်စုစုသွယ် (အကောက်ခွန်)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မောင်ကျော်စည်သူ၊ မဖြူစင်သဒ္ဓါလှ၊ မောင်မင်းဒီပါကျော်၊ မမြတ်နိုးဟေသာကျော်တို့၏အဘွားသည် ၁၀-၄-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ ရက် (ကြာသပတေးနေ့)တွင် အင်းစိန်မြို့၊ ဘုရင့်နောင်ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုလတ် (အင်းစိန်)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၅၇)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်နေ (ဦးမျိုးလွင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဦးတင်မောင်လတ်(ကျွမ်းကျင်သူ/စာတည်း(ခေတ်ပုံ)(ငြိမ်း) မြန်မာ့သတင်းစဉ်(ပြည်တွင်း)၏ချစ်လှစွာသောဇနီး၊ ဦးခင်စိုး-ဒေါ်ယဉ်ယဉ်လွင်၏ညီမ၊ ဦးမောင်မောင်ကျော်-ဒေါ်စိုးစိုးလွင်၊ ဦးမျိုးသန်းလွင်-ဒေါ်မာလာရီ၊ ဦးမျိုးစိုးလွင်တို့၏ အစ်မသည် ၁၀- ၄-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်ပြီး ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထွေးရီ
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ထွေးရီသည် ၁၀-၄-၂၀၂၀ရက်တွင် ရန်ကုန်မြို့၊ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် နိုင်ငံရေးရာဦးစီးဌာန ဝန်ထမ်းများမှ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံရေးရာဦးစီးဌာန ဝန်ထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ထွေးရီ
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ထွေးရီသည် ၁၀-၄-၂၀၂၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၉၇ Batch လုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ Engr.ဒေါက်တာမောင်မောင်ဝင်း
## ရန်ကုန်စက်မှုတက္ကသိုလ်၊
## ဓာတုအင်ဂျင်နီယာဌာန၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာငြိမ်းငြိမ်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်းကို ဦးဆောင်ဖွဲ့စည်းပေးခဲ့ပြီး နည်းပညာဆိုင်ရာ လမ်းညွှန်မှုများပေးခဲ့သော ဆရာကြီး ရန်ကုန်စက်မှုတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)ဆရာကြီးဒေါက်တာမောင်မောင်ဝင်း၊ သည် ၈-၄-၂၀၂၀ရက် တွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲ ရပါသည်။

**ဥက္ကဋ္ဌ ဦးပေါဟိန်းနှင့် ဝန်ထမ်းများ**
**ဓာတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်းလီမိတက်၊**
**ရွှေပြည်သာမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးကျော်သွင် ၁၂/လမန(နိုင်)၀၄၈၉၄၇(ဘ)ဦးမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၂၃၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၂/၂၀၁၇ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်အေးသီတာ ၅/ကလထ(နိုင်)၀၀၀၃၆၈ (ဘ)ဦးကျော်စိန်မှ ဒေါ်မီမီအောင် ၁၄/ကလန(နိုင်)၀၉၃၀၉၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်တင့်
### အသက် (၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ဇနီးဒေါ်မေမေလတ်တို့၏မိခင် ဒေါ်ခင်တင့်သည် ၉-၄-၂၀၂၀ ရက် (ကြာသပတေးနေ့)ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်တင့်
### အသက် (၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ဇနီး ဒေါ်မေမေလတ်တို့၏မိခင် ဒေါ်ခင်တင့်သည် ၉-၄-၂၀၂၀ ရက် (ကြာသပတေးနေ့) ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MOFA 93 batch မှ သူငယ်ချင်းများ**

## ရဟန်းဒါယိကာမကြီး
## ဒေါ်မြင့်(ခ)ဒေါ်အေးမြင့်
### (ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ)
### အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ဇေယျာသီရိ(၅)လမ်းနေ (ဦးလှ-ဒေါ်သစ်)တို့၏သမီး၊ (ဦးမြလှိုင်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်လှလှနွယ်၊ ဦးအောင်အောင်-ဒေါ်ချိုချိုခိုင်၊ ဦးတင်အောင်လင်း၊ ဦးညီညီအောင်-ဒေါ်ခက်ခက်ခိုင်၊ ဦး ကျော်ကျော်နိုင်(ကိုယ်ရေးအရာရှိ-စိုက်၊မွေး၊ဆည် ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ကေသီမြလှိုင်(သမဝါယမဦးစီးဌာန)၊ ဦးကိုကိုလှိုင်-ဒေါ် စန္ဒာမြလှိုင်(၁၀၇မိုင် ထမင်းဆိုင် ညောင်ပင်သာ)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၀၀:၃၇နာရီတွင် တောင်ငူမြို့၊ ကေတုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ၁၂:၃၀ နာရီတွင် ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း
## မြန်မာလေကြောင်း စက်မှုစက်ပြင်(၂)ငြိမ်း
### အသက် (၈၆)နှစ်

အမှတ် ၃၁၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (အလက်ာကျော်စွာ စောင်းဦးဘသန်း-ဒေါ်လှရွှေ)တို့၏သားကြီး ဘွားဘွား ဒေါ်သန်းရွှေ/ဦးမောင်ရီတို့၏တူသား၊ (ဦးကျော်ထွန်း)၊ ဒေါ်ခင်ကြူမာတို့၏ အစ်ကိုကြီး၊ ဒေါ်စန္ဒာထွန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ကိုခင်မောင်ထွန်း၊ ကိုကျော်စွာထွန်း-မအေးမီထွန်း၊ မအေပရယ်ထွန်းတို့၏ဖခင် မအိမ့်သဉ္ဇာမျိုး၊ ထွဋ်မြတ်အောင်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ထွန်းကြည်၏ ချစ်လှစွာသောခင်ပွန်း(ဦးတင်ထွန်း)သည် ၁၀-၄-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၃:၀၈ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၈ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးပိုင်အမှတ် (၄၅/၀)အစား (၄၅/င) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြော်ငြာခြင်း

- ရန်ကုန်တိုင်းဒေသကြီး L(6) Finger Lake, အထက်ပဒေသာပင်လမ်းမFMI City, လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ထရေဇာ(ခ)ဒေါ်ခင်သန်းရီ ၁၂/ပဘတ(နိုင်)၀၂၁၆၄၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။
- ဒေါ်ထရေဇာ(ခ)ဒေါ်ခင်သန်းရီ ၁၂/ပဘတ(နိုင်)၀၂၁၆၄၆ မှ L(6), Finger Lake, FMI City, လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သင်းသင်းခိုင် ၁၂/ပဘတ (နိုင်)၀၁၄၅၇၂ ထံသို့ ၁၈-၁၀-၂၀၁၀ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲ စာအမှတ် (၁၁၅၉၅) အား ကြေးမုံသတင်းစာတွင် ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခြင်းကို ယနေ့မှစ၍ ပြန်လည်ပေးအပ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မိခင်**
**ဒေါ်ခင်သန်းရီ**
**၁၂/ပဘတ(နိုင်)၀၂၁၆၄၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အဆင့်မြင့်နွားပွဲဈေး(သာဝတ္ထိ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း
### (Expression of Interest)

၁။ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အဆင့်မြင့်နွားပွဲဈေး(သာဝတ္ထိ)အား ပန်းတင်အုတ်စက်ရုံအနီးရှိ လျာထားမြေနေရာတွင် အဆင့်မြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်ရုံနှင့် စားသောက်ဆိုင်ခန်းများ၊ ဝန်ထမ်းအိမ်ရာများ၊ လမ်းလုပ်ငန်းများ၊ မီး၊ ရေစနစ်စသည့်လုပ်ငန်းများ (Infrastructure)ပါဝင်သည့် စီမံကိန်းအား (Build-Transfer-Operate - B.T.O)စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ နှစ်ရှည်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest-EOI) ခေါ်ယူဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် (Expression of Interest - EOI) လျှောက်လွှာပုံစံနှင့် လမ်းညွှန်ချက်များအား ၁၀-၄-၂၀၂၀ ရက်မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနရုံးတွင် ရုံးချိန်အတွင်း မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အအထားမိတ္တူများပြလျက် လာရောက်ထုတ်ယူနိုင်ပြီး ၂၀၂၀ ပြည့်နှစ် မေ ၅ ရက် ညနေ ၁၅:၃၀ နာရီ (မြန်မာစံတော်ချိန်)အရောက် အချိန်မီတင်သွင်းရပါမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၄၉၃၊ ၀၆၇-၈၁၀၈၂၁၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

၁။ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ (၄)၊ ဇာတိမာန်လမ်း၊ ဦးပိုင်အမှတ် ၅၂၊ မြေကွက်အမှတ် (၉/က၁) ပေါ်တွင် (၁၈'-၀''x၁၈'-၀'') Steel Structure (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် ဦးမင်းခိုင်မှ လျှောက်ထားလာပါသည်။ ယင်း အဆောက်အအုံဆောက်လုပ်ခွင့်တင်ခြင်း နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံ တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**အင်ဂျင်နီယာဌာနခွဲ**
**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၁

| | | |
|---|---|---|
| ဦးကိုကိုလေး | နှင့် | ၁။ ဦးတင်အောင် |
| | | ၂။ ဦးထွန်းမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ စည်ပင်သာယာရေးရုံးနေ တရားပြိုင် ဦးတင်အောင်၊ ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကိုကိုလေးက စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၈ ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၇ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၁)ညောင်ပင် ရပ်ကွက်အတွင်းရှိ ကွင်းအမှတ် ၁၅၈၂/ ၂၁၀၉ ညောင်ပင်ရွာမ ကွင်းမြေဧရိယာ ၀ ဒသမ ၃၀ ဧကအကျယ်ရှိ မြေကွက်ပေါ်တွင် ဦးမောင်မောင်စိုး ၁၂/ဗတထ (နိုင်)၀၀၃၆၄၂ မှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးမောင်မောင်စိုး၊ ၁၂/ဗတထ(နိုင်)၀၀၃၆၄၂**
**ဝမ်းတွင်းမြို့အမှတ်(၁)၊ ညောင်ပင်ရပ်**

## တစ်ဦးတည်း ဖြစ်ကြောင်း

ကန့်ဘလူမြို့နယ်၊ ပေကုန်း(တ) အလက(ခွဲ)အလယ်တန်းပြ ဒေါ်လွှမ်းရီနှင့် ဒေါ်လွန်းရီ ၅/ကလန(နိုင်)၀၃၇၇၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ် ၈၈၊ မြတ်လေးငုံလမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသိန်းအောင်)အမည်ပေါက် ပါမစ်မြေအား B/RGN-၀၁၄၅၃၁ အမည်ပေါက် ဦးသိန်းအောင် (ကွယ်လွန်)၏ ပါမစ်ပါဆက်ခံမည့်သူအဖြစ် ဖော်ပြထားသူ ညီမဖြစ်သူ ဒေါ်မော်မော်စီ KMYT-၀၀၉၈၉၂ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မြသီတာ TRY-၀၈၄၈၅၃ (၁၂/ဥကမ(နိုင်)၀၃၅၈၅၈) မှ ပါမစ်မူရင်း၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဒေါ်မော်မော်စီမှ ဒေါ်မြသီတာအား လွှဲအပ်သော Special Power အမှတ်-၁၅၆၃၁/၁၉၉၇ (၂၈-၈-၉၇)အမည်ပေါက် ဦးသိန်းအောင်(ကွယ်လွန်)ပြီးဖြစ်သော်လည်း သေစာရင်းလက်ဝယ်မရရှိခဲ့ကြောင်း၊ အရောင်းအဝယ်စာချုပ်တွင် အမည်ပေါက်ဦးသိန်းအောင်(ကွယ်လွန်)ပြီးဖြစ်သဖြင့် မြေချပါမစ်တွင်ပါရှိသော ဆက်ခံပိုင်ခွင့်ရှိသူ ညီမ ဒေါ်မော်မော်စီထံမှ ဝယ်ယူခဲ့ကြောင်းထည့်သွင်းဖော်ပြထားကြောင်း၊ မြေချပါမစ်၊ အရောင်းအဝယ်စာချုပ်နှင့် မြေကွက်ကို အရှုပ်အရှင်းမရှိဘဲ လက်ဝယ်ရရှိပြီးဖြစ်ကြောင်း၊ လျှောက်ထားမှုနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဒေါ်မြသီတာမှ ၂၄-၃-၂၀၂၀ ရက်စွဲပါ ဝန်ခံကတိဖြင့် စာတို့တင်ပြကာ ဂရန်သစ်လျှောက်ထားလာပါသဖြင့် ဒေါ်မြသီတာ၏ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်အဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသော ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့ရှိ အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ငါးမျိုးပေးအပ်

**နေပြည်တော် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ငါးမျိုးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော် ပျဉ်းမနားမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)တွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးနေလင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ထောက်ပံ့သော အခြေခံစားသောက်ကုန်ငါးမျိုးကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✲



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ပေးအပ်စဉ်။

ဓာတ်ပုံ-ကိုထိန်

**အချိန်မရွေး ပေါက်ကွဲနိုင်တဲ့ ဗုံးတစ်လုံး သို့မဟုတ် စင်ကာပူက ရွှေ့ပြောင်းလုပ်သားထု**

*စာမျက်နှာ - ၁၄*

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၄-၂၀၂၀) ရက်နေ့ ည (၁၀:၁၅) နာရီ**

*စာမျက်နှာ - ၁၅*




# အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန်ငါးမျိုး လှိုင်သာယာ၌ပေးဝေ

**ရန်ကုန် မေ ၁၀**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရရှိသော အခြေခံလူတန်းစားတို့အား စားသောက်ကုန်ငါးမျိုးကို မေ ၁၀ ရက်မှ စတင်၍ ပေးဝေရန် ပြည်သူတို့အား အသိပေးခဲ့ပြီး ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၌ လူဦးရေအများဆုံးမြို့နယ်တစ်ခုဖြစ်သော လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် စတင်ပေးဝေရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခြေခံပြည်သူတို့ကို စားသောက်ကုန်များ ပေးဝေခဲ့သည်။ **(အပေါ်ပုံ)**

"ယနေ့ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)ကို စပြီး ပေးဝေပါတယ်။ အမှတ်(၆)ရပ်ကွက်က အိမ်ထောင်စု ၁၁၉၂ စုကို စပြီးဝေပါတယ်။ ကျန်တဲ့ ရပ်ကွက်၊ ကျေးရွာတွေကို ပစ္စည်းရောက်တာနဲ့ ဆက်ပြီးပေးဝေသွားမှာပါ"ဟု

*စာမျက်နှာ ၈ ကော်လံ ၁* ❍

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်



**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ မြို့ပေါ်ရပ်ကွက်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားကုန်ငါးမျိုး ထောက်ပံ့ပေးအပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များ ကိုယ်တိုင်ပေးအပ်သည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၈ ကော်လံ ၁* ❒



# ချယ်လ်ဆီးတောင်ပံကစားသမား ပက်ဒရိုအား ခေါ်ယူရန် ရိုးမားကမ်းလှမ်း

ရိုးမားအသင်းသည် ချယ်လ်ဆီးတောင်ပံကစားသမား ပက်ဒရိုအား ခေါ်ယူရန် ကမ်းလှမ်းလိုက်ကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၃၂ နှစ်အရွယ်ရှိ စပိန်ကစားသမားသည် ရာသီကုန်တွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားထားကြောင်းလည်း ဖော်ပြထားသည်။

ပက်ဒရိုသည် အသင်းနှင့် နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သောကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်း၌ ငါးနှစ်ကြာ ဖြတ်သန်းပြီးနောက် အက်ဖ်အေဖလား၊ ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်အောင် ကူညီပေးထားသူဖြစ်သည်။ မှတ်တမ်းများအရ ပြီးခဲ့သည့်ရာသီ နည်းပြလမ်းပတ် လက်အောက်တွင် ပရီမီယာလိဂ်၌ ကိုးပွဲသာ ကစားထားခဲ့ရကြောင်း ဖော်ပြထားသည်။

ရိုးမားအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကတည်းက ပက်ဒရိုအား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။ စပိန်အသင်းနှင့် ၆၅ ပွဲ ကစားထားပြီး ကမ္ဘာ့ဖလားနှင့် ဥရောပဖလားတို့ကို ဆွတ်ခူးနိုင်အောင် ကူညီထောက်ပံ့ပေးနိုင်ခဲ့သော ပက်ဒရိုအား

*စာမျက်နှာ ၁၁ ကော်လံ ၅* ❄